www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
ဥမ္မာဒန္တီနဲ့ အာလာဒင်ဟိုက်ဘော့စ်/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ


## ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး - - အောင်မြင်စာပေ၊ ပထမအကြိမ် - ၂၀၁၅ ခုနှစ်၊
(ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)။





www.burmeseclassic.com







# အခန်း(၁)

"စာရေးဆရာနှင့် စိတ်ဓာတ်မြှင့်တင်ရေးအကျိုးဆောင်" ယိုင်နဲ့နေသော ခြံစည်းရိုးတိုတွင် ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်အဖြူလေးပေါ်မှ အနီရောင်စာတန်းသည် ထူပါရုံရပ်ကွက်ထဲမှ လူတွေ၏ ဒုက္ခများဖြောင်ကို ကူညီဖြေရှင်းပေးနိုင်လောက်အောင် အစွမ်းထက်သသည်မို့ ထိုဆိုင်းဘုတ်ပိုင်ရှင် စာရေးဆရာမင်းထင်ရှားသည် အားလုံး၏အားကိုးရာ ဆရာတစ်ဦး ဖြစ်မှန်းမသိဖြစ်လာသည်။

အပျက်သဘောဆောင်သည့် ဆန့်ကျင်ဘက်အရာတွေကို ဘေးခါးပိတ်ထားပြီး စိတ်ဓာတ်နှင့်ခံယူချက်ကို အခိုင်အမာတည်ဆောက်ခနေသူဖြစ်သဖြင့် လူတွေ၏ဒုက္ခကို သူ့အဖြစ် ညှို့ယူသိမ်းသွင်းစေနိုင်



www.burmeseclassic.com

www.burmeseclassic.com



သော ဖန်ဆင်းရှင်ဟုပင် ယိုးစွပ်၍ရနိုင်ပါသည်။

သူသည် အမြဲတစေ အတွေးတွေကိုမွေးဖွားပြီး စကြာဝဠာဆီသို့ ပို့လွှတ်နေသူတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့် ထုပါရုံရပ်ကွက်သူရပ်ကွက်သားများသည် အရေးဆိုလျှင် နတ်ဆရာတွေထိုင်ငိုပြီး ဗေဒင်ယတြာမလိုလောက်အောင် ရေစင်အသပြာ မကုန်သော နည်းလမ်းပေးသည့် မင်းထင်ရှားဆီသို့ အားကိုးတကြီး ရောက်လာတတ်ကြတော့၏။

ထို့နောက်မှတော့. . . . . .။

၅ ၅ ၅ ၅





"ဆရာ. . . ဆရာ. . ."

အတွေးနှိုက်ကာချဲ့ပြီး စာရေးဖို့ကြိုးစားနေသော မင်းထင်ရှား သက်ထဲမှဘောပင်ကို ဒေါက်ခနဲချကာ အိမ်ရှေ့မှခေါ်သံကို နားစွင့်လိုက်သည်။

ဒီနေ့အဖို့တော့ စာရေးဖြစ်တော့မည်မဟုတ်။ မနက်ကတည်းက စာရေးမည်လုပ်လိုက်မယ် သီလရှင်က ဒါနရှင်များရှင်ဆိုလျှင် ထမြန်း ဆန်လှူလိုက်၊ ပြီးလျှင်စားပွဲပြန်ထိုင်မည်ကျန်ကာရှိသေး နောက်တစ်ဖွဲ့က ဒါနရှင်များရှင်ဆိုလျှင် ဆွမ်းဆန်ပိုင်းယွက်လောင်းလိုက်၊ တစ်မနက်ထဲနှင့် ဆယ်ဖွဲ့ထက်ပင်မနည်းတော့၊ ကုသိုလ်အရေးမို့သာ မညည်းညူခဲ့ပေမယ့် အိမ်ပေါ်တက်လိုက်ဆင်းလိုက် လုပ်ရတာနှင့် ပေါင်တွေပင်ကွနေလောက်ပြီ။ ခုလည်း သီလရှင်တွေဆွမ်းဆန်ရပ်သံ မကြားတော့၍ စိတ်ကိုဒုံးဒုံးချပြီး စားပွဲဆိုင်မည်လုပ်တုန်း အိမ်ရှေ့မှခေါ်နေသော အမျိုးသမီးတစ်ယောက်၏အသံကြောင့် အတွေးတို့ ဖွာလန်ကြဲသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး . . ငါ ဒီနေ့ စာမှရေးရပါတော့မလား"

တစ်ယောက်ထဲ ခပ်တိုးတိုးညည်းတွားရင်း ထိုင်ရာမှထလိုက်သည်။

"ဟင်"

ဗိုက်ကြီးသည်သုံးယောက်ကို မြင်ပြီး အံ့သြသွားသည်။

"ဘာ. . ဘာကိစ္စတုန်း"

အမေးနှင့်အတူ ခြေလှမ်းပင် နောက်ကိုတစ်လှမ်းဆုတ်မိလိုက်သည်။ သူတို့သုံးယောက်စလုံးကို မင်းထင်ရှားတကယ်မသိတာပါ။

"ဆရာ့ဆီက အကူအညီတောင်းချင်လို့ပါ ဆရာ"

မျက်နှာချိုသွေးကာပြောလိုက်သော ဗိုက်ကြီးသည်သုံးယောက်သည် ထူပါရုံရပ်ကွက်ထဲက မင်းထင်ရှားသိသည့် ဆိုက္ကားသမား ကိုလှကြိုင်၏မိန်းမလည်းမဟုတ်၊ ကျောင်းဆရာကိုလှဖေ၏မိန်းမလည်းမဟုတ်၊ ကုန်စိမ်းသည် မခင်ဌေးလည်းမဟုတ်။

ယခု ကိုယ့်ရှေ့မှာ ရပ်နေသောဗိုက်ကြီးသည်သုံးယောက်ကိုတော့ မင်းထင်ရှားအမှန်ပင်မသိတာပါ။ တန်းစီပြီး ရပ်နေကြပုံကလည်း စစ်ရေးပြကွင်းကစစ်သားတွေ ညီညီညာညာ စီတန်းရပ်နေသလိုနှယ် စနစ်ပင်ကျသေးတော့၏။

"ဪ. . တက်. . တက်ပါ"

ကိုယ့်အိမ်ရှေ့မှာ ဗိုက်ကြီးသည်သုံးယောက် ညီညီညာညာ ရပ်နေသည့်မြင်ကွင်းက ကဗျာမဆန်သလို အိမ်နီးနားချင်းတွေပင် မြင်၍မသင့်သည်မို့ အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်သည်။

ဗိုက်ကြီးသည်သုံးယောက် ဘယ်အချိန်ကတည်းက အိမ်ထဲဝင်ချင်နေသည်မသိ၊ မင်းထင်ရှားဖိတ်ခေါ်လိုက်သည်နှင့် အိမ်ပေါ်သို့ သုတ်ခနဲတက်လာကြတော့၏။

"ထိုင်. . ထိုင်ကြပါ"





ဆက်တီခုံမှာ ဝင်ထိုင်ပြီး ဗိုက်ကြီးသည်သုံးယောက်ထဲမှ တစ်ယောက်က ဆက်တီစားပွဲပေါ်က ယပ်တောင်တစ်ခုကို လှမ်းယူကာ တဖျက်ဖျက်ခတ်သည်။

မင်းထင်ရှား သူတို့နှင့် မျက်နှာချင်းဆိုင်ခုံမှာ ခပ်ကျို့ကျို့ဝင်ထိုင်လိုက်သည်။

သူတို့ စကားမစကြသေး။

တစ်ယောက်က မိန်းမပီပီ စပ်စုချင်သောဇီဇ ပါလာသည်မို့ အိမ်အတွင်းကို ဝေ့ကြည့်သည်။ ကျန်တစ်ယောက်က မင်းထင်ရှားကို အားကိုးတကြီးကြည့်ပြီး ဘာမှတော့ ပြောဆိုခြင်းမရှိသေး။

"ကျွန်တော့ဆီက ဘာများအကူအညီတောင်းချင်ကြလို့လဲ"

ကိုယ်ကပင် အရင်ဆုံးစကားစလိုက်သည်။

"ဟုတ်ကဲ့. . ကျွန်မကိုယ်ဝန်က ကိုးလရှိပါပြီ"

"ဗျာ"

သူ့ကိုယ်ဝန်ကိုးလရှိတာ ကိုယ်နှင့်ဘာဆိုင်တုန်း သူ့ယောက်ျားနှင့်သာ ဆိုင်သည့်ကိစ္စ။

"ကျွန်မကတော့ သားလေးလိုချင်လို့ပါဆရာ"

ဒေါ်. . ခက်တော့နေပြီ. ကိုယ်က ဗေဒင်ဆရာလည်းမဟုတ် နတ်ဆင်းရှင်လည်းမဟုတ်. . သူ့သားလေးလိုချင်တာ ကိုယ်နှင့်တော့ သိပ်မဆိုင်လှ။

"ကျွန်မက အသားဖြူဖြူ ချစ်စရာကောင်းတဲ့ကလေး မွေးချင်လို့ပါဆရာ၊ ပထမကလေးနှစ်ယောက်တုန်းက သူ့အဖေနဲ့တူလို့ အသားမည်းမည်းလေးတွေမွေးတယ်ဆရာ၊ ခု. . တတိယကလေးကိုတော့ ကျွန်မနဲ့တူအောင် အသားဖြူဖြူလေး လိုချင်လို့ပါ"

တစ်ယောက်ဆီ၏ဆန္ဒတွေကို နားထောင်ရင်း မင်းထင်ရှား ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . ကျွန်တော်က ဘယ်လိုကူညီပေးရမလဲခင်ဗျာ၊ အဲဒါကို ရှင်းအောင် အရင်ပြောပါ"

"ဟုတ်သားပဲ၊ ကျွန်မတို့ စကားပြောလောသွားလို့ပါ ဆရာ"

"ဟုတ်ပါပြီ"

"ဒီလိုပါ"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်မ ကိုယ်ဝန်ကိုးလရှိပါပြီ"

ဒုတိယအကြိမ် ထပ်ပြောပြန်ပြီ။

"ဒါပေမဲ့ ခုချိန်ထိ ဒီကလေးရဲ့အဖေဟာ ဘယ်သူမှန်း မသိသေးပါဘူး"

"ဟင်"

မင်းထင်ရှား ခေါင်းမွေးထောင်မတတ် အံ့သြသွားသည်။

"ဒီ. . ဒီတော့"

မရဲတရဲ စကားဆက်ခိုင်းလိုက်သည်။ အဖေအမည်ခံခိုင်းလျှင်တော့ ဒုက္ခဟု စိတ်ထဲမှ မရဲတရဲဘုရားတလိုက်သည်။

"ဒီကလေးရဲ့အဖေဟာ ကျွန်မဆီ အလိုလိုရောက်လာစေချင်တယ်"

"ဝူး. . တော်ပါသေးရဲ့"

ခုမှပင် သက်မတစ်ချက်ချလိုက်သည်။

"ဒီကလေးရဲ့အဖေဟာ ဘယ်သူမှန်းတောင်မသိတဲ့ဟာ. . ရောက်လာတော့ရော ခင်ဗျားဘယ်လိုခွဲခြားမလဲ"

ထိုအမျိုးသမီးမျက်နှာ မထွေးနိုင်မအန်နိုင်ဖြစ်သွားကာ. . တံတွေးတစ်ချက်ကို စိတ်မသက်သာဖြင့် မျိုချလိုက်ပြီး။

"ပြောရမှာရှက်လဲရှက်ပါတယ်ရှင်၊ တကယ်တော့ ကျွန်မက မျက်နှာများတဲ့သူပါ"





မျက်နှာများတဲ့သူဆို၍ မင်းထင်ရှားအာရုံထဲ ဒဿဂီရိဘီလူး ခေါင်းရိပ်ကို ဖျတ်ခနဲ မြင်ယောင်လိုက်ပြီး ပြုံးချင်ချင်ဖြစ်သွားသည်။

"အဲဒီလို ချစ်သူတွေ ခုနစ်ယောက်ရှစ်ယောက် ပြိုင်ထားခဲ့ရာကနေ ဘယ်သူနဲ့ငြိပြီးရခဲ့တဲ့ကလေးမှန်း ကျွန်မကိုယ်တိုင်တောင် မမှတ်မိတော့ပါဘူး"

"သြော်. . . ခင်ဗျားက စန်းပွင့်တယ်ဆိုတာထက် အပွင့်လွန်သွားတာပေါ့"

"ရှင်"

"သြော်. . အ. . အပွင့်လွန်တယ်ဆိုတာ ယောကျ်ားတွေအများကြီးရဲ့အချစ်ကို ခံရတာကိုပြောတာပါ"

အရှိန်လွန်ထွက်သွားသောစကားကို ဘရိတ်အုပ်လိုက်ရသည်။

"အဲဒီအချိန်တွေက ကုန်ခဲ့ပါပြီဆရာ၊ အပျိုစင်တစ်ယောက်လို့ အများကသိကြတဲ့ မိန်းကလေးတစ်ယောက်မှာ ကိုယ်ဝန်ရှိနေပြီဆိုတော့ ပတ်ဝန်းကျင်မှာ တံတွေးခွက်ထဲမျောသလို ကူကယ်ရာမဲ့ ဖြစ်နေရတယ်ဆရာ၊ ကိုယ်တွဲခဲ့ဖူးတဲ့ရည်းစားတွေရဲ့သွေးနဲ့ မွေးလာမယ့်ကလေးရဲ့ သွေးကိုစစ်ကြည့်လို့ဖြစ်နိုင်ပေမယ့် ကျွန်မရဲ့သိက္ခာကို ငဲ့ရဦးမယ်လေ"

စိတ်ထဲမှ မဲ့လိုက်ပြီး. . ခုမှသိက္ခာကို သတိရသတဲ့ ဘယ်လိုမိန်းကလေးမျိုးပါလိမ့် မြန်မြန်ဇာတ်လမ်းဖြတ်မှဖြစ်တော့မည်။

"သိပ်လည်းစိတ်ပူမနေပါနဲ့ဗျာ၊ လောကမှာလူဆိုတဲ့အမျိုးက အမှားတွေအများဆုံး ကျူးလွန်ခွင့်ရတဲ့မျိုးနွယ်စုပဲ မဟုတ်လား၊ ဒီတော့ ခင်ဗျားရဲ့အတွေးတွေကို အချိန်တိုင်းအချိန်တိုင်း ဒီကလေးနဲ့ သွေးသားတော်စပ်တဲ့ ယောကျ်ားတစ်ယောက်ဆီကို စိတ်မှန်းနဲ့ မေတ္တာပွားနေပေါ့။ အဲဒီလိုအချိန်ပြည့် စိတ်နှစ်ပြီး မျှော်လင့်နေမယ်ဆိုရင် ခင်ဗျားသိပ်လာစေချင်တဲ့ ဒီကလေးရဲ့အဖေဟာ ခင်ဗျားဆီကို အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပါလိမ့်မယ်"

"တ. . တကယ်လား ဆရာ"

"စမ်းပြီးလုပ်ကြည့်ပါ. . ခင်ဗျားမေတ္တာတရား ဖြန့်ကျက်တဲ့ ဌမ်းအားတွေဟာ သူ့ဆီကိုပျံ့နှံ့သွားရင် ရောက်လာပါလိမ့်မယ်"

ထိုအမျိုးသမီးအားတက်စွာ ပြုံးသွားသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကျွန်. . ကျွန်မကိုလည်း အကြံပေးပါဦးဆရာ၊ ကျွန်မ အသား ဖြူတဲ့ကလေးလေး မွေးချင်တာ"

အားကိုးတကြီး အကြံဉာဏ်တောင်းလာသည်မို့ မင်းထင်ရှားသင့်လျော်သည့်အကြံပေးဖို့ စဉ်းစားလိုက်ပြီး. . .

"ကျွန်တော်အသင့်လျော်ဆုံး အကြံပေးချင်တာကတော့. . ခင်ဗျားရဲ့ စိတ်ကူးအာရုံထဲမှာ ခင်ဗျားဗိုက်ထဲကကလေးကို အသား ဖြူဖြူဖွေးဖွေးလေးနဲ့ ချစ်စရာအလွန်ကောင်းတဲ့ရုပ်သွင်မျိုးကို အမြဲမြင် နေအောင် ကြိုးစားမြင်ကြည့်ပါ၊ တစ်နေ့ကိုအကြိမ်ရေများများ အဲလို စိတ်ကူးပုံဖော်နေမယ်ဆိုရင် ခင်ဗျားမွေးလာမယ့်ကလေးဟာ ခင်ဗျားလို ချင်တဲ့ အသားဖြူဖြူဖွေးဖွေးကလေးလေး မွေးလာမှာပေါ့"

မင်းထင်ရှားပေးလိုက်သောအကြံကို ထိုအမျိုးသမီးလက်ခံပုံ ရသည်။ သူ့မျက်နှာမှာမျှော်လင့်ချက်အပြည့်ဖြင့် ဝင်းထိန်သွားသည်။

"ကျေး. . ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကျွန်မမွေးလို့ ဖြူ ဖြူဖွေးဖွေးလေးဆိုရင်လေ ဆရာကိုကျေးဇူးလာဆပ်ပါ့မယ်"

"ဆရာ. . ကျွန်မကိုရော အကြံပေးပါဦးရှင်၊ ဒီတစ်ခါ သား လေးမှမရရင် ကျွန်မယောကျ်ားက နောက်မီးလင်းတော့မှာဆရာရဲ့"

"ဒါဆို. . ခင်ဗျားကလည်း ရှေ့မီးလင်းလိုက်ပေါ့ဗျာ"

"အယ်. . . အဲ. . အဲလိုလင်းလို့ သင့်တော်မယ်ဆိုရင်တော့ ကျွန်မလည်း လင်းတာပေါ့ရှင်၊ ခုဟာက ကျွန်မယောကျ်ားကို ကျွန်မက





သိပ်ချစ်တာ၊ အဲဒါကြောင့်လဲ သူလိုချင်တဲ့သားလေးကိုပဲ မွေးပေးချင် တာ"

"အိုခေ. . ဒါဆိုရင်. . ခု ခင်ဗျားဗိုက်ထဲက ကလေးကို ယော ကျ်ားလေးလို့သာ မှတ်လိုက်တော့၊ ခင်ဗျားရဲ့လိုချင်စွဲလမ်းမှုတွေက ခင် ဗျားရဲ့အလိုဆန္ဒတွေရှိရာကို သူ့အလိုလိုဆွဲငင်ခေါ်ဆောင်သွားလိမ့်မယ် ဟုတ်ပြီလား၊ ကုန်ကုန်ပြောလိုက်မယ်ဗျာ ခင်ဗျားအနေနဲ့ သားလေးကြီး လာရင် ရှင်ပြုပေးရမယ်ဆိုတဲ့ စိတ်ကိုပါတွေးပြီး ဒီကလေးအတွက် ရှင်ပြုစားရိတ်ကို ဘဏ်မှာသာ ကြိုအပ်ထားလိုက်တော့၊ ခင်ဗျားရဲ့စွမ်း အားတွေက. . ခင်ဗျားအလိုကို လုံးဝကွက်တိ ဖြည့်ဆည်းပေးလိမ့်မယ် အဲ. . အဓိကက နှလုံးသွင်းမှန်ပါစေ"

"ရှင်. . ဘာနှစ်လုံးသွင်းလဲ ဆရာ. . ကျွန်. . ကျွန်မက နှစ်လုံး ထီမထိုးဘူး၊ ကိုယ်ဝန်နဲ့ဆိုတော့ နှစ်လုံးဆိုရင် ဝေးဝေးကရှောင်တယ်"

အဓိပ္ပါယ်ကောက်လွဲနေသော ထိုအမျိုးသမီးစကားကြောင့် ဗိုက်ကြီးသည်သုံးယောက်ကြားမှာ မင်းထင်ရှား အူလည်လည်ဖြစ်နေ သည်။

"ဟာ. . အဲဒီနှစ်လုံးကို ပြောတာမဟုတ်ဘူး၊ စိတ်နှလုံးကို ဖြူ ဖြူစင်စင်ထားဖို့ကို ပြောတာ"

"ဩော်. . အဟစ်. . ခစ်. . ခစ်. . ခစ်. . ကျွန်မက အဲဒီ နှလုံးလို့မထင်ဘူး. . နှစ်လုံးထီလို့မြင်နေတာ"

"အဲ့. . အား. . ယီးစ်. . အမလေး. . နာ. . နာလာပြီ"

ပိုင်ရှင်မဲ့ ဗိုက်ကြီးသည်ထံမှ နာနာကျင်ကျင် ညည်းတွားသံ ထွက်လာသည်မို့ မင်းထင်ရှားရော တခြားဗိုက်ကြီးသည်နှစ်ယောက် ပါ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဟယ်. . ရှင်. . ဘာဖြစ်တာလဲ"

"ဗိုက်. . ဗိုက်နာလာလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့တော်"

"အဲ. . . သောက်ကျိုးတော့နည်းပြီ၊ ခင်. . ခင်ဗျားတို့ ဒီအိမ်မှာတော့ မွေးလို့မရဘူးနော်. ."

"အမလေး. . ဆရာရဲ့၊ တ. . တကယ်နာလာတာပါ၊ အောင်မလေး. . ကျွတ်. . ကျွတ်. . ကျွတ်. ."

"ဆရာ. . လုပ်ပါဦး. . တကယ်နာလာပြီတဲ့. ."

အသားဖြူဖြူမွေးချင်သော ဗိုက်ကြီးသည်၏ အားကိုးတကြီးဟန်က မင်းထင်ရှားအတွက်တော့ ကျောစိမ့်ချင်စရာမို့ ဒီအရှုပ်ထုပ်တွေ ဘယ်လိုရှင်းရပါ့ဟူသောအတွေးတို့ ပူထူကာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်၍နေသည်။

"ဟာ. . သူဟာသူဗိုက်နာတာ. . ကျုပ်နဲ့ဘာဆိုင်လဲဗျ၊ သူ့အိမ်ကို အကြောင်းကြားပေးလိုက်ပေါ့"

"သူ ဘယ်မှာနေမှန်း. . ကျွန်မတို့လည်းမသိဘူးလေ"

"ဟမ်. . ဒါ. . ဒါဆိုခင်ဗျားတို့. . ဘာလို့အတူတူလာလဲ"

"ဆေးရုံမှာ ဗိုက်အပ်ကြရင်းနဲ့. . သိပြီး သူ့ကိုပါခေါ်လာတာ"

"ဟာ. . ဒုက္ခပါပဲဗျာ"

"အဲ့. . ဆရာရေ. . အမလေးနာလိုက်တာ ကယ်ပါဦး၊ ဆရာရဲ့. . အမလေး ကျွန်မထွက်တော့မယ်ထင်တယ်. ."

ဗိုက်ကြီးသည် အမျိုးသမီးမှာ ချွေးတွေရွှဲနစ်လျက် အသက်ထွက်မတတ် နာကျင်နေသောပုံကြောင့် မင်းထင်ရှား ခေါင်းဆင်နင်းရုံတင်မဟုတ်. . ဗိုက်ကြီးသည်အမှု ကိုယ့်ပတ်နေသည့်အခြေအနေ. .

"ဆရာ. . သူ့ကိုဆေးရုံပို့မှဖြစ်မယ်. . ကူညီပါဆရာရယ်"

"ဟာ. . ခင်ဗျားတို့အချင်းချင်းပဲ ပို့လိုက်ပါ၊ ကျုပ် ဒါတွေနားမလည်ဘူး"

မင်းထင်ရှား ရအောင်ပုတ်ထုတ်သည်။ ကိုယ်ကလူပျိုနုနုထွတ်





ထွတ်. . ချစ်သူတောင် ထားဖူးသေးတာမဟုတ်ဘူး။

ခုလို သူများနှင့်ညားပြီးသား ဗိုက်ကြီးသည်ကို ဆေးရုံလိုက်ပို့ရလောက်အောင်တော့ သဘောမကောင်းနိုင်. . .

"ကျွန်မတို့မှာ ပိုက်ဆံမပါဘူးဆရာရဲ့၊ နောက်ပြီး သူ့ကို ကိုယ်လေးလက်ဝန်ကြီးတွေနဲ့ ဘယ်လိုတွဲမလဲ၊ ကျွန်မတို့ပါ. . အချိန်မတန်ဘဲ ထွက်ကျကုန်မှာပေါ့"

"ဟာဗျာ. . ခင်ဗျားတို့ တော်တော်ရှုပ်တာပဲ"

"လုပ်ပါဆရာရယ်. . ဒီလိုကိစ္စက ကူညီကောင်းပါတယ်. . ၊ ဆရာမှမကူညီရင် သူဆရာ့အိမ်ပေါ်မှာ ကလေးထွက်ကျလိမ့်မယ်၊ ဒါဆိုရင်. . ခွန်နစ်ရက်လောက် မီးနေသည့်အိမ်အဖြစ် ဆရာအိမ်မှာ သောင်တင်သွားမှာ"

"ဘာ. . ကျုပ်အိမ်မှာသောင်တင်မယ် ဟုတ်လား"

"အင်း. . မီးထုတ်ပြီးမှ သူ့အိမ်သူပြန်လို့ရမှာ"

ဒီလိုတော့ ဘယ်လိုမှ အဖြစ်မခံနိုင်. . ၊ လူကြားလို့မှ မကောင်း လူပျိုတစ်ယောက်အိမ်မှာ မီးဖွားမတဲ့. . ။

"ကဲ. . ဒါဆိုရင်. . ကျုပ်. . ဆေးရုံကို လိုက်ပို့ပေးမယ် ဟုတ်လား"

"အား. . အီး. . နာ. . နာလိုက်တာ ဆရာရယ်၊ ကျေးဇူးတင်ပါတယ်. . အဲဒီကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး"

ဗိုက်ကြီးသည်သည် နာကျင်မှုတွေကြားထဲမှ ကျေးဇူးတင်စကားလေးတော့ ခပ်ယဲ့ယဲ့ပြောနိုင်သေးသည်။

မင်းထင်ရှားမှာသာ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်၍မဆုံးတော့။

စောစောကပဲ မဆီကဆိုင်တွေးလိုက်မိသေးသည်။ အဖေအမည်ခံခိုင်းလျှင်ဒုက္ခဟု၊ ခုလောလောဆယ်တော့ ဆေးရုံကိုလိုက်ပို့ပေးရမည့်အခြေအနေ. . ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးတင်းခံနေလျှင်. . ဒီကလေး ကိုယ့်အိမ်မှာမွေးပြီး ကိုယ်ကနေရင်းထိုင်ရင်း ကလေးအဖေအမည်ခံပေးနေရဦးမည်။

ဒီနေ့ မင်းထင်ရှား ချောင်ပိတ်မိသောနေ့ဆိုကမများ အတွေးတို့ကို ဖန်တီးသောစိတ်တန်ခိုးသည် တော်တော်အစွမ်းထက်ပါလားဟု တစ်စတစ်စသိလာရသည်။









## အခန်း(၂)

"ဟား. . ဟား. . ဟား. . ဟား. . ဟား"

လက်ဖက်ရည်ဆိုင်ထဲရှိ ချောင်ကျကျစားပွဲဝိုင်းမှ တဟားဟား ရယ်သံတွေ ထွက်ပေါ်လာသည်။

"ခင်ဗျား ဘာရယ်တာလဲဗျ. . "

မင်းထင်ရှား၏အမေးကြောင့် ကိုထက်ကြူ ရယ်သံတစ်ဝက် ရောသောအသံဖြင့်.

"မိန်းမဆို စေ့စေ့တောင်မကြည့်ရဲတဲ့ တို့ကောင်ကြီးက ဗိုက် ကြီးသည်ကို ကလေးမီးဖွားဖို့ ကိုယ်တိုင်ဆေးရုံလိုက်ပို့ပေး ရတယ်



www.burmeseclassic.com

www.burmeseclassic.com



ကူညီလက်စနဲ့ ခင်ပွန်းနေရာကနေရော လက်မှတ်လေးမထိုးပေးခဲ့ရဘူးလား. . "

"သူတို့က လာထိုးခိုင်းတာပေါ့ဗျ၊ ကျွန်တော်မှာ မနည်းကိုရှင်းပြရတယ်. . ဟူး. . တကယ်မလွယ်ဘူးဗျာ၊ ကျွန်တော့်အတွေးတစ်ချက်ရဲ့တုန့်ပြန်မှုက ချက်ချင်းကို တန်ပြန်ရောက်လာတာ. .၊ နောက်ဆို. . ဒီလိုအကျိုးမဲ့စေတဲ့အတွေးတွေ မတွေးမိဖို့ တော်တော်လေးကို သတိထားရမယ်ဗျာ. . "

ခုချိန်ထိ ကြောက်စိတ်မပြယ်ချင်သေးသော မင်းထင်ရှားကိုကြည့်ပြီး. . ကိုထက်ကြူနှင့်ကိုသိန်းတန် ထပ်ပြီးရယ်ကြပြန်သည်။

သူတို့နှစ်ယောက် ရယ်နေကြတာကိုကြည့်ပြီး မင်းထင်ရှားပါပြုံးမိတော့မလိုဖြစ်သွားသည်။ ကိုယ့်အဖြစ်ကလည်း ရယ်ချင်စရာကိုး။ မဖြစ်တော့ပြီမို့ ဆိုင်းဘုတ်ရေးသမား ကိုသိန်းတန် လက်ဆော့ပြီး ရေးထားသော "စာရေးဆရာနှင့် စိတ်ဓါတ်မြှင့်တင် ရေးအကျိုးဆောင်"ဟူသောဆိုင်းဘုတ်ကို ဖြုတ်မှဖြစ်တော့မည်။

၅ ၅ ၅ ၅





"အာ ဟင့်. . ဟင့်. . ဟင့်. . ဖြူက မောင့်ကိုချစ်လွန်းလို့ မောင့်မျက်နှာတစ်ကမ္ဘာထင်ပြီး လိုက်မယ့်သူပါမောင်ရယ်. .၊ မောင်ကမှ ဖြူကိုမပတ်သက်ချင်ဘူးဆိုရင်. . ဖြူ့ဘဝရှေ့ဆက်ပြီး ဘာမှားအဓိပ္ပါယ်ရှိတော့မှာလဲ မောင်"

"အို. . ဒါတွေငါမသိဘူး ဖြူစင်၊ ငါသိတာက မင်းငါ့နားမှာနေရင် ဒီထက်ဆင်းရဲတွင်းနက်မယ် မင်းလိုသူဌေးသမီးက ငါလိုရေသန့်ဗိုတဲ့ အညတရတစ်ယောက်နဲ့ ဘယ်လိုမှမအပ်စပ်ဘူး၊ ဒါကြောင့် မင်းမိဘသဘောတူထားတဲ့ သူဌေးသားကိုပဲယူလိုက်ပါ"

"ဟင့်အင်း. . ဟင့်အင်း. . မောင်ရယ်. . ကျေးဇူးပြုပြီး ဖြူ့ကို မောင့်အနားကနေ နှင်မထုတ်ပါနဲ့၊ မောင်မရှိရင်ဖြူမနေတက်လို့ပါ"

"Cut"

ဒါရိုက်တာယွန်းပန်းဖြူ၏ Cut ဟူသောအသံကြောင့် ရိုက်ကွင်းပေါ်ရောက်နေသော မင်းသားနှင့်မင်းသမီး၏ သရုပ်ဆောင် အမူအရာများရပ်ကာ မင်းသမီးအေးချမ်းမြတ်မိုး မျက်ရည်စတို့ကိုသုတ်ပြီး ဒါရိုက်



www.burmeseclassic.com

www.burmeseclassic.com



တာယွန်းရှိရာဘက်သို့ လျှောက်လာသည်။

"ဘယ်လိုလဲ . . မမယွန်း အေးချမ်းသရုပ်ဆောင်တာ ဘာလို သေးလဲ . ."

အမေးနှင့်အတူ ယွန်းရှေ့မှ မော်နီတာကိုငုံ့ကြည့်သည်။

"အိုခေတယ် အေးချမ်း၊ ဪ . . မောင်စိုးရေ . . မင်းသမီး ငိုပြီးကြေကွဲနေတဲ့အခန်းကို မျက်နှာကြီးပဲ Closeup ယူမယ်နော်၊ စော စောက Long Shot ယူပြီးပြီဆိုတော့ . . နောက်တစ် Cut ချိုးတာနဲ့ C.S ကို အရင်ယူမယ်သိလား"

"ဟုတ်ကဲ့ မယွန်း"

ကင်မရာသမား စိုးမောင်မောင် ခပ်လှမ်းလှမ်းမှလှမ်းဖြေသည်။

"မယွန်း . . ကျွန်တော့်မျက်နှာရော C.S ယူစရာလိုသေးလား"

ခွန်းသစ်နေ လှမ်းမေးသည်။ ယွန်း မော်နီတာဖန်သားပြင်ပေါ် မှပုံတွေကို တစ်ခုချင်းပြန်ကြည့်နေရင်းမှ . . .

"ယူရမှာပေါ့ . . မင်းသမီးမျက်နှာကိုယူပြီးတာနဲ့ မင်းသားမျက် နှာကိုပါ C.S ယူရမှာလေ . . ၊ ဒါမှ ရုပ်ထွက်ညီတော့မှာပေါ့ . ."

"ဒါဆို . . ကျွန်တော် နောက်တစ် Scene အတွက် အဝတ်အ စား မလဲသေးဘူးနော်"

"မလဲနဲ့ဦး . . ဒီတစ် Scene ကိုပဲ အပြတ်ရိုက်လိုက်ပါဦး၊ ဪ မောင်စိုးရေ ပြီးရင် TRANSITION အတွက် သစ်ကိုင်းပေါ်မှာ ငှက် တစ်ကောင်ထဲနားနေတဲ့ မြင်ကွင်းတွေရင် ရိုက်ထားလိုက်ဦးနော်"

"ဟုတ်ကဲ့ . . မယွန်း၊ စောစောကတော့နှင်းဆီပွင့်ကို လိပ်ပြာ တစ်ကောင်လာနားလို့ အမိအရ နှစ်ကွက်သုံးကွက်လောက် ရိုက်ထား လိုက်သေးတယ် . . လိုအပ်ရင်သုံးလို့ရအောင်လို့လေ"

"အိုခေ . . ကောင်းတယ်"

ကင်မရာမန်းနှင့်ဒါရိုက်တာ အပေးအယူတည့်နေသည်မို့ ယွန်း





အတွက်ရိုက်ကွင်းပေါ် ရောက်တိုင်း အခက်အခဲဆိုတာသိပ်မရှိ။

ကိုယ်ဝါသနာပါရာလုပ်နေကြသူအချင်းချင်းမို့ တစ်ယောက် ကိုတစ်ယောက်နားလည်မှုတွေနှင့် ပျော်ပျော်ရွှင်ရွှင် လက်တွဲလုပ်ကြ သည်။

အားလုံးကလည်း မာနမကြီးဘဲ လူတိုင်းအပေါ် ဖော်ရွေတတ် သောယွန်းကို ချစ်ကြသည်။ မင်းသားမင်းသမီးတွေဆို ဘယ်လောက် ပင် နာမည်ကြီးအောင်မြင်နေပါစေ ယွန်းနှင့်ရိုက်ရမည့် ဇာတ်အတွက် ဆိုလျှင် မဖြစ်မနေအချိန်ပေးတတ်ကြသည်။

"မမယွန်း . . ထမင်းမစားသေးဘူးလား၊ ညနေသုံးနာရီကျော် နေပြီ . ."

မန်နေဂျာမလေး နီလာအမေးကြောင့် ဖုန်းခလုတ်ကိုဖွင့်ပြီး နာရီကိုကြည့်လိုက်သည်။ သုံးနာရီပင်ကျော်နေပြီ။ ဒီနေ့ . . ခုနှစ်စင်း လောက် အပြတ်ရိုက်မည်ဟု အလုပ်ဇယားချထားသည်မို့ စိတ်တွေကို အလုပ်ထဲမှာပင် နှစ်ထားမိကာ ထမင်းစားဖို့ကိုပင် မေ့လျော့နေသည့် အဖြစ်။

"တို့လည်း သိပ်မဆာသေးပါဘူး နီလာရယ်"

"ဒါပေမဲ့ မမယွန်း အဆာလွန်ပြီး အစာအိမ်ပြန်ရောင်လာရင် ဘယ်နှယ့်လုပ်မလဲ"

နီလာ မရဲတရဲအတွန့်တက်ကြည့်သည်။

"ဟုတ်သားပဲ မယွန်းရယ်၊ တော်ကြာ . . ဟိုတစ်လောကလို အစာအိမ်ရောဂါပြန်ဖြစ်မှ အလုပ်တွေပျက်နေပါ့မယ် . ."

မင်းသားထူးမြတ် မနေသာတော့ပဲ ဝင်ပြောရသည်။

"မနက်က အိမ်မှာ အပြည့်အသိပ်စားလာလို့ မဆာသေးတာ ပါ ထူးမြတ်ရယ်"

"ဪ . . ဒါကြောင့်လား၊ ဒါနဲ့ ဒီ Scene ပြီးရင် Location



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းမှာနော်. . ၊ ကန်တော်ကြီးဘက်ကို မဟုတ်လား"

"ဟင့်အင်း. . မပြောင်းတော့ဘူး၊ ဒီခြံထဲမှာရှိတဲ့ ရေကန်ကြီးဘေးမှာပဲ ရိုက်လိုက်မယ်. . ၊ ဒီကနေ ကန်တော်ကြီးဘက်မောင်းရင် အချိန်က နာရီဝက်လောက်ကြာမှာ. . ကားလမ်းတွေကလည်း ပိတ်နေမှာဆိုတော့ လမ်းမှာအချိန်ကုန်ပြီး ဟိုရောက်တာနဲ့ Lighting ပျောက်မှာနဲ့ ဘာမှမထူးဘူး"

"မင်းသားရေ. . မင်းသမီးပြောတာကို C.S ရိုက်မှာမို့. . အခံရှုပ်လာနေပြီးတော့ Dialogue ပြောပေးပါ. ."

"OK"

ယွန်းနှင့်စကားပြောနေသော ထူးမြတ် ခေါင်းတစ်ချက်ဆတ်ကာ. . ထိုင်ရာမှထလိုက်သည်။

ထိုစဉ်. . ခြံထဲသို့အရူးမကြီးဟုယူဆ၍ရသော မိန်းမကြီးတစ်ယောက် တော်တော်လေးပျော့ရှင်သောဟန်ဖြင့် ခုန်ပေါက်၍ ဝင်လာသည်။

"မမယွန်း. . အ. . အရူးမကြီး ဝင်လာပြီ"

အရူးမြင်လျှင်ကြောက်တတ်သော နီလာ ယွန်းဘေးနား ပြေးကပ်သည်။ စက်အဖွဲ့တွေရော မင်းသား၊ မင်းသမီးတွေပါ ရိုက်ကူးရေးမလုပ်ဘဲ အရူးမကြီးထံသို့ အကြည့်တွေရောက်ကုန်ကြသည်။

အရူးမကြီး. . ယွန်း အနားရောက်သည်နှင့်. . .

"ရင်မှာခံစားရတဲ့ အဖြစ်ကို. . ဒင်းကနားမလည်ဘူး. . ငါ့ရဲ့ဒဏ်ရာတွေ. . ခုထိတိုင်. . ဗိုက်ထဲမှာ. . မကျက်သေးဘူး. . ဟူး. . ဟူးဟူး. . ချိုသာတဲ့ဆဲနည်းမျိုးစုံ. . ဆဲသမျှ. . ငုံ့ခံခဲ့. . ခုတော့. . မုန်ရာကို. . မှားတယ်. . ကြုံလာပြီမို့. . မြင်လာပြီမို့. . ငါအဝေးဆုံး. . ထွက်ပြေးတော့မှာပါ. . ငါတို့အတိတ်တွေ တကယ်ပြီးဆုံးသွားပြီပဲ. . ဟဲဟဲဟဲဟဲ. . နှုတ်ဆက်ခါသွားတော့မယ်. . ရာ. ရာ. ရာ. "





စည်းဝါးကျဲကျဲ ဟန်အမူအရာအပြည့်နှင့် ဆိုပြနေသောသီချင်းကို မရည်ရွယ်ဘဲနားထောင်မိကြရင်းမှ. . အားလုံးမျက်နှာမှာ ပြုံးစိစိဖြစ်တုန်ကြသည်။

မျက်နှာမှာလိမ်းထားသော မိတ်ကပ်တွေသည် ဖြူဆွတ်ရုံတင်မဟုတ် ပြာနှမ်း၍နေပြီး ခေါင်းတွင်ပန်ထားသော နှင်းဆီပန်းနှင့် ဂန္ဓမာပန်းအပြင် ခွေးသေးပန်းတွေပါ ပါသေး၊ ဝတ်ထားသော မြန်မာအင်္ကျီလက်ရှည်ပေါ်ကို အညိုရောင်ပုတီးလုံးကြီးတွေဆွဲလျက် အောက်မှ မီနီစကဒ်အတိုကို အသားကပ်ဘောင်းဘီအမည်းရောင်ဖြင့် တွဲဝတ်ထားသောဟန်မှာ မြင်ရတာ ထော်လော်ကန့်လန့်၊ စီးထားသည့်ဖိနပ်ကတောင်တစ်ဖက် မြောက်တစ်ဖက်၊ တစ်လက်မကျော် ကျော်ရှည်ထွက်နေသော ခြေသည်းတွေကို ကာလာရောင်တစ်မျိုးစီ ဆိုးထားသေးသည်။

အရူးမကြီး သီချင်းဆိုရပ်ကာ ယွန်းရှေ့မှာ ခါးကိုင့်ကိုင်းလိုက်ပြီး နှုတ်ဆက်၏။

"အညာဆီရော. . ဟိုင်း. . ဟဲလို. . မင်္ဂလာပါ. ."

"ဟိုင်း"

စက်အဖွဲ့ထဲမှ မှန်ထိုးသမားလေးမောင်တိုး လှမ်း၍ နှုတ်ဆက်ပေးသည်မို့. . ယွန်း မရဲတရဲပင် ပြန်၍နှုတ်ဆက်စရာမလို။

"မမကလေ. . မင်းသမီးသိပ်ဖြစ်ချင်တာကွယ့်၊ အခု ဘာကားရိုက်နေတာလဲ၊ မင်းသမီးလုပ်ပါရစေ. . တို့ကအဆိုပိုင် အငိုပိုင်လွန်းလို့ ဟောလိဝုဒ်က ဒါရိုက်တာတွေ. . ဘောလိဝုဒ်က ဒါရိုက်တာတွေဆို အကြိမ်ရှစ်ဆယ်မက ကမ်းလှမ်းနေကြတာ၊ တို့က ကိုယ့်နိုင်ငံကဒါရိုက်တွေ မင်းသမီးကောင်း လက်လွှတ်သွားမှာစိုးလို့ ငြင်းခဲ့တာ"

ယွန်း. . ပြုံးလိုက်သည်။ နီလာထံမှ ခိခနဲရယ်သံထွက်လာသည်။

"သရုပ်ဆောင်ပိုင်းကိုတော့ ကြိုက်တဲ့အိုက်တင်နဲ့ခမ်း၊ ဟိုအ



www.burmeseclassic.com

www.burmeseclassic.com



ရင်ကတည်းက ချိုပြုံးတို့ ဝါဝါဝင်းရွှေတို့ ခင်သန်းနုတို့ မို့မို့တို့. . အမလေး. . ထိုင်ငိုသွားရလောက်အောင် တို့အိုက်တင်ကပိုင်ပြီးသား၊ အဲဒီအချိန်တုန်းက မင်းသမီးဝင်လုပ်ရင် သူတို့တွေ ခွက်ပျောက်မှာစိုးလို့ ဘေးကနေ အသာအကျောပေးထိုင်နေတာ၊ ခုတော့မအောင့်နိုင်တော့ဘူး ရုပ်လေးရှိတုန်း လုပ်စားမှဖြစ်တော့မယ်၊ ဇရာဆိုတာ. . ဒီလိုအမြဲပဲ နုနယ်နေတာမဟုတ်ဘူးလေ”

“ဟာ. . ဟေ့. . သွားတော့. . ဘာတွေလာပြောနေမှန်း မသိဘူး. . ဒါအလုပ်လုပ်နေတာ. . သွား. . သွား”

ရှုတင်မန်နေဂျာရောက်လာပြီး အရှုးမကြီးကိုအတင်းနှင်လွှတ်သည်။ မနှင်လွှတ်၍လည်းမရ အားလုံးသူ့ကြောင့် အလုပ်ပျက်နေရပြီ။

“အောင်မာ ငမိုက်သား TTMY ကများ ငါလိုမင်းသမီးမျိုးကို နှင်လွှတ်ရသလား၊ သွားဘူး. . ဟောဟိုက မင်းသားချောချောလေးနဲ့ ဖက်ခန်းနမ်းခန်းတွေ ရိုက်ဦးမှာ”

ထူးမြတ်နားသို့ စွေ့ခနဲရောက်သွားပြီး ပြောသဖြင့် ထူးမြတ်လန့်သွားပြီး ကိုယ်ကိုကျုံ့နိုင်သမျှကျုံ့ပြီး ရှုတင်မန်နေဂျာကို အားကိုးတကြီး လှမ်းကြည့်သည်။

ရှုတင်မန်နေဂျာမှာလည်း သူ့အား တောက်တိုမယ်ရဟု ပြောလိုက်သဖြင့် မျက်နှာကြီးမဲ့ရှုံ့သွားသည်။

“ဟာ. . ဒီအရှုးမတော့. . ငါ့ကိုများ. . ဟွန်း. . ဟွန်း. . ”

“ဒါရိုက်တာကြီး သူများကို မင်းသမီးခန်းတစ်ခန်းလောက် ရိုက်ပေး. . ၊ သူ့ပါးလေးကိုနမ်းချင်လို့. . ဟီးဟီး. . အွန်း. . ပြွတ်. . ပြွတ်”

အရှုးမကြီး ထူးမြတ်ပါးကို တရှုံ့ရှုံ့နမ်းတော့သည်။

“ဟာ. . လုပ်. . လုပ်ကြပါဦး. . ဒီမှာ ဇွတ်အတင်းနမ်းနေပြီ”

‘ဟား. . ဟေ့. . ဟေ့. . လုပ်ပါဦးဟ မင်းသားတော့သွားပြီ”

သွေးရူးသွေးတန်း လှမ်းအကူအညီတောင်းကာ အရှုးမကြီး





လက်ထဲမှာ ယက်ကန်ယက်ကန်ဖြစ်နေရှာသော ထူးမြတ်၏ အော်သံကြောင့် အားလုံးဝိုင်းဆွဲသူကဆွဲ အရှုးမကြီးကို ခြောက်လှန့်သူကလှန့် အော်ဟစ်သူကအော်ဟစ်နှင့် ရိုက်ကွင်းပေါ် ဆူညံပွက်လောရိုက်သွားသည်။

မှတ်တမ်းသမားကလည်း သူ့တာဝန်သူကျေပွန်စွာဖြင့်. . မင်းသားကို အရှုးမကြီးဖက်နမ်းနေပုံအား ဓါတ်ပုံတဖျတ်ဖျတ်ရိုက်သည်။

ယွန်း အကြံတစ်ခု လှစ်ခနဲဝင်လာသည်မို့ ဝရုန်းသုန်းကားဖြစ်နေသောအဖွဲ့ထဲမှ ရှုတင်မန်နေဂျာကို လှမ်းခေါ်လိုက်သည်။

“ဦးချို”

မင်းသားကို လက်မောင်းပြုတ်ထွက်မတတ် အရှုးမကြီး လက်ထဲမှ ဆွဲခေါ်ထုတ်နေသော ဦးချို ယွန်းခေါ်သံကြောင့် မောနေရင်းမှ လှည့်ကြည့်သည်။

“ဗျာ. . မယွန်း. . ”

“စက်အဖွဲ့ကို ရိုက်ဖို့အသင့်ပြင်ထားလိုက် မယွန်းတို့ ဒီအရှုးမကြီးကို နှစ်ကဒ်သုံးကဒ်လောက်ရိုက်ပေးလိုက်မယ်”

ယွန်းစကားကြောင့် ဦးချိုအံ့ဩသွားကာ. .

“ဟာ. . ဖြစ်. . ဖြစ်ပါ့မလား. . သူ. . သူက ရူးနေတာလေ၊ တလွဲတွေဖြစ်ကုန်မှာပေါ့”

“ဩော်. . ဦးချိုကကလည်းခေါ်လိုက်ပါဆို. . ယွန်းသူ့ကို သုံးကြည့်မလို့၊ နောက်ကားမှာ အရှုးခန်းပါတယ်လေ မင်းသား ထူးမြတ်နဲ့ပဲမဟုတ်လား”

“အင်း. . ဟုတ်. . ဟုတ်တယ်လေ. . ”

“ဒါကြောင့်. . ယွန်းတို့ တကယ့်အရှုးအစစ်ကို သုံးကြည့်ရအောင် Documentary ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဦးချိုသဘောပေါက်သွားဟန်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်ကာ. . .

"ကဒ်. . ကဒ်."

"ဟာ. . မင်းသမီးက မင်းသားကိုဖက်တာ တအားကြမ်းတယ် ဒါရိုက်တာက မကြိုက်ဘူးတဲ့"

ကဒ်ဟူသော အသံကြောင့် အရူးမကြီးသည် ထူးမြတ်ကို ဖက်နမ်းနေရာမှ တုန့်ခနဲရပ်လိုက်ပြီး. .

"ဘာလို့လဲ. . မုဒ်မဝင်လို့လား. . လိုအပ်တာပြောနော်"

အရူးမကြီးအမေးကြောင့် ယွန်းရင်ထဲ လှိုက်ခနဲခံစားလိုက်ရသည်။

ဘုရားရေ. . ဒီအရူးမကြီး လူကသာသွက်သွက်ခါအောင်ရူးနေတာ. . အနုပညာခံစားမှုတော့ရှိသားပဲ. .

စိတ်ထဲမှာ တွေးရင်း. . .

"ကဲ. . နောက်တစ်ကဒ် ချိန်းရိုက်မယ်. . မင်းသား ထူးမြတ် အဝတ်အစားလဲပါ"

ထူးမြတ်ခမျာကြောက်လွန်း၍ ဇီးရွက်လောက်သာရှိသော မျက်နှာဖြင့် ယွန်းကိုလှမ်းကြည့်ပြီး ဖြစ်ပါမလားဟုမေးသည်။ ယွန်းမျက်ရိပ်တစ်ချက်လှမ်းပြလိုက်သည်။ ဦးချို ထူးမြတ်နားသို့သွားပြီး အကျိုးအကြောင်းကို ခပ်တိုးတိုးကပ်ပြောလိုက်သည်။

"ဩော်. . ဒီလိုလား. . အိုခေ. . ဒါ. . ဒါဆိုလည်း ကျွန်တော် အဝတ်အစားလဲလိုက်မယ်"

ယွန်း. . အရူးမကြီးကိုကြည့်ပြီး

"အဒေါ်ကြီး. . နောက်တစ်ခန်းပြောင်းရိုက်မယ်နော်"

ယွန်း၏စကားကြောင့် အရူးမကြီး ပျော်လွန်း၍ ကွေးနေအောင် ထကတော့၏။ ထိုကနေသောဟန်က ယွန်းလိုချင်သော အရူးမ





အိုက်တင်နှင့်ကွတ်တိ. . .

"ဝေး. . အောင်မလေး. . ကျုပ်မင်းသမီးဖြစ်ပြီး မင်းသမီးဖြစ်ပြီး. . ဟားဟားဟား. . ဖွေးဝတ်သက်ချောပိုဆိုတဲ့ ကျုပ်ရဲ့နာမည် ရုပ်ရှင်လောကမှာ ဖိန့်ဖိန့်တုန်အောင်ကျော်ကြားဦးမှာပါလား. . ဟီး. . ဟီးဟီးဟီ. . ဟားဟားဟားဟား. ."

အပျော်လွန်ကာကွေးနေအောင်ကနေသည့် အရူးမကြီး၏ ဟန်ကိုကြည့်ပြီး အဖွဲ့သားတွေပါ လိုက်ရယ်ကြသည်။

ယွန်းလည်း ဘာရယ်တော့မဟုတ် ထိုအရူးမကြီးကနေတာကို ကြည့်ပြီး စိတ်လွတ်ကိုယ်လွတ်ရယ်လိုက်မိသည်။

တကယ်ဆို. . ယွန်းမရယ်ဖြစ်တာ တော်တော်လေးကြာခဲ့ပါပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

## "ဒုန်း"

"သောက်ကောင်မ. . နင်ပြောတာ ဘောင်ကျော်လာပြီနော်"

"ဘောင်ကျော်ရုံတင်မဟုတ်ဘူး၊ ဘောင်ပါကွဲထွက်အောင် အမှန်တရားကို ပြောနေတာ၊ ရှင့်အိမ်ကမယားကိုတော့ ချောင်ထိုးထားပြီး အပေါင်းအသင်းပေါင်းစုံနဲ့ သုံးဖြုန်းနေတဲ့ အလကားလူ၊ မိသားစုအပေါ် တာဝန်မကျေတဲ့လူ. . အရက်သမား"

"ဟာ. . တောက်. . ကဲကွာ"

"ဖြန်း"





"အောင်မာ. . နင်က ငါ့ကိုချတယ် ဟုတ်လား၊ ဘယ် မယားအားကိုးနဲ့ ငါ့ကိုလာမိုက်မပြနေတာလဲ. . ဟမ်. . အင့်ဟာ၊ ကျုပ်က ရှင့်ထက်လက်သံပြောင်တယ်. . ရှင်ကစုတ်တံလောက်လေးပဲနိုင်တာ ကျုပ်က တစ်ပိဿာအလေးလောက်ကတော့ အသာလေး"

"ခွပ်"

"အောင်မလေးဗျ. . သေပါပြီ. ."

ကိုသိန်းတန်. . နဖူးမှာသွေးတို့ ရဲခနဲထွက်ကျလာသည်။

"ဟာ. . ဟေ့လူ. . ဟေ့လူ ဒါဘယ်လိုဖြစ်ကြရတာလဲဗျာ"

ဆိုင်းဘုတ်လာပြန်ပေးသော မင်းထင်ရှား အိမ်ဝရောက်သည်နှင့် ကုလားထိုင်ပေါ် ခွေခနဲထိုင်ချလိုက်သော ကိုသိန်းတန်ကို မြင်ပြီး အိမ်ထဲသို့ ဒရောသောပါး ပြေးဝင်လာသည်။

"အား. . ကျွတ်. . ကျွတ်. . ကွဲပြီ. . ငါထိပ်ကွဲပြီကွ၊ ဒီကောင်မကို ငါသတ်မယ်. . သတ်မယ်"

လူကသာသွေးထွက်ပြီး ဖြူယော်နေပြီး ကိုသိန်းတန် ကျိန်းဝါးခြင်းတွေက မလျော့သေး။ သူ့မိန်းမလက်လွန်သွားမှန်းသိပြီး အလေးကို အလန့်တကြားပစ်ချပြီး. .

"ကျုပ်က ဒါတောင်ရှင့်ကို အားသုံးသေးတာမဟုတ်ဘူး ခပ်ဖြည်းဖြည်းထုလိုက်တာ"

"ဟာဗျာ. . မဝင်းရီရယ်. . လင်မယားအချင်းချင်း အဆင်မပြေလို့၊ အခန့်မသင့်လို့ ရန်ဖြစ်ကြတာထားပါတော့ဗျာ၊ ခုလိုသွေးထွက်သံယိုတော့ မလုပ်သင့်ပါဘူး၊ ခင်ဗျားကဒီအိမ်မှာ အာဏာရှင်ဆိုခင်ဗျားအာဏာသုံးပြီး ပြေလည်အောင်ညှိပေါ့"

မင်းထင်ရှား. . သွေးထွက်နေသော ကိုသိန်းတန်၏ နဖူးကို အနီးမှာ လှန်းထားသည့် ရေစိုပုဆိုးကိုဖြုတ်ယူ၍ ခပ်မြန်မြန်အုပ်ပေးကာ မဝင်းရီကို အပြစ်တင်စကားပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဝင်းရီ သူ့အပြစ်နှင့်သူမို့ . . မျက်နှာငယ်လေးဖြင့်

"အာဏာရှင်ဆိုတာ . . သူ့အပေါ် ပြောရေးဆိုခွင့်ရှိတဲ့ အာဏာရှင်ကို ပြောတာမဟုတ်ပါဘူး ကိုရှားရယ်၊ သူ့မိသားစုအပေါ်မှာ တာဝန်မကျေရကောင်းလားဆိုပြီး တစ်နေ့တစ်နေ့လင်ကိုရော မလိမ္မာတဲ့သားသမီးတွေကိုရော အာခေါင်တွေနာအောင်ပြောရလွန်းလို့ အာနာရှင်လို့ ကိုယ့်ကိုယ်ကိုယ်တင်စားထားတာပါ"

"ဘာပဲဖြစ်ဖြစ် . . ပြဿနာကို ဒီနည်းနဲ့ဖြေရှင်းကြတာတော့ မကောင်းပါဘူးဗျာ . .၊ ကဲ . . ကိုသိန်းတန် . . ထ . . ထ ဆေးခန်းသွားမယ်"

"တကယ်တမ်း ဆေးခန်းသွားရမည်ဆိုတော့ ကိုသိန်းတန်ရှက်သည်။ ရပ်ကွက်ထဲမှာ မိန်းမထောင်းလိုက်လို့ ခေါင်းကွဲသွားပါတယ်ဆိုတဲ့အကြောင်း လူတွေသိလို့ကတော့ . . သူ့ရဲ့ရှိစုမဲ့စု ပန်းချီဆရာသိက္ခာလေး သွားပြီ။

"ဟာ . . သွားဘူး . . ငါ့ဟာငါအိမ်မှာပဲ ဆေးထည့်မယ်"

"ဟ . . ခင်ဗျားခေါင်းမမာနဲ့ . . ထ၊ သွေးထွက်လွန်သွားရင် မကောင်းဘူး . . သေးသေးလေးကို အကြီးကြီးမချဲ့စမ်းပါနဲ့ဗျာ"

"ရတယ် ကိုရှား ငါ့ဒဏ်ရာက ကွဲသွားတာမဟုတ်ဘူး၊ ပေါက်သွားရုံလောက်လေးပဲ . . အိမ်မှာဆေးထည့်လို့ရတယ်"

ကိုသိန်းတန် သူ့သိက္ခာအတွက် ခေါင်းမာနေသည်မို့ မင်းထင်ရှား သိပ်ပြီးအတင်းအကျပ်မပြောတော့။

ကဲ . . မဝင်းရီ . . ခင်ဗျား သျှင်ပါကူဆေးရုံမှာသန့်ရှင်းရေးသမလုပ်တုန်းက ဆေးအတွေ့အကြုံတွေရှိမှာပေါ့၊ ဒီဒဏ်ရာလောက်ကို ဆေးထည့်တာလောက်တော့ ဖြစ်လား"

"ဟုတ် . . ဟုတ်ကဲ့ဖြစ်ပါတယ် . . ကိုရှား"

မဝင်းရီကိုယ့်အပြစ်နှင့်ကိုယ် ဆေးသေတ္တာလေးလှမ်းယူကာ





ကိုသိန်းတန်ခေါင်းမှဒဏ်ရာကို ဆေးထည့် ပတ်တီးစည်းရန်အတွက် ကိုသိန်းတန်နားသို့ မဝံ့မရဲတိုးကပ်လိုက်သည်။

ကိုသိန်းတန်လည်း သူ့အမှားသူသိ၍ မဝင်းရီကိုရန်ထပ်မရှာရဲတော့။ အနာကိုအရင်ဆုံး ဂွမ်းစနှင့်သန့်ရှင်းရေးလုပ်တာကို အသာငြိမ်နေလိုက်သည်။

"အား . . စပ်တယ်ဟ . . ဖြေးဖြေးလုပ်ပါ . ."

"အရက်ပြန်ဆိုတော့ နည်းနည်းတော့ စပ်မှာပေါ့တော်"

ချက်ချင်းပြန်တည့်သွားသော ကိုသိန်းတန်နှင့် မဝင်းရီကိုကြည့်ပြီး မင်းထင်ရှား ပြုံးလိုက်သည်။

လင်နဲ့မယား လျှာနှင့်သွားဆိုသော ဆိုရိုးစကားအတိုင်း အခန့်မသင့်လျှင် ကိုက်မိကြတာ သဘာဝပင်။ ယခုတော့ စောစောကရန်ပွဲကို သူတို့မဆင်နွှဲသလိုပင် အားလုံးအေးဆေးငြိမ်းချမ်းသွားသည်။

တစ်ပြိုင်နက်တည်းမှာပင် . . မနေ့က ကိုသိန်းတန် အမှတ်မထင်ပြောသွားသောစကားကို ရုတ်တရက်ပြန်မှတ်မိကာ ယခုအခြေအနေနှင့် ပြန်၍သုံးသပ်လိုက်သည်။ စိတ်ထဲမှာတော်တော်လေးလဲ အံ့ဩမှင်တက်သွားကာ . . .

"ကိုသိန်းတန် . . ခင်ဗျားမနေ့က ကိုထက်ကြူနဲ့ လက်ဖက်ရည်ဆိုင်မှာ ဘောလုံးပွဲအကြောင်းငြင်းခဲ့ကြတာ မှတ်မိလား"

မင်းထင်ရှား အမေးကို ကိုသိန်းတန် ဒဏ်ရာဆေးထည့်ခံနေရာမှ မသက်မသာ ဝေ့ကြည့်ပြီး . . .

"ငါဘာပြောခဲ့လို့လဲ"

"မန်ယူနဲ့ချဲလ်စီးကို ခင်ဗျားတစ်ဂိုးအကြောပေးပြီး သူနိုင်ခဲ့ရင် ခင်ဗျားခေါင်းပါ အခွဲခံမယ်ဆိုတာလေ"

"ဟင်"

"ခင်ဗျားရဲ့စကားက ရယ်စရာအနေနဲ့ ပျော်ပျော်ပျက်ပျက်စပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေမယ့်. . ခင်ဗျားရဲ့မမြင်ရတဲ့ စိတ်တန်ခိုးက ခင်ဗျားဆီကို တန်ပြန်သက်ရောက်မှုတွေပေးနေတယ်"

လေးလေးနက်နက်ပြောနေသော မင်းထင်ရှား၏စကားကြောင့် ကိုသိန်းတန် တွေဝေသွားသည်။

"ဟုတ်တယ်. . မန်ယူနိုင်သွားတဲ့အတွက် သူ့ကိုရှုံးခဲ့တာပဲ ဒါကြောင့် ငါ့စကားနဲ့ငါ. . ခံ. . ခံလိုက်ရတာပါလား၊ ဒါပေမဲ့ သူက မခွဲဘဲ. . ငါ့ ငါ့မိန်းမက ငါ့ကိုခွဲတယ်. . ၊ ဟား. . အံ့သြစရာကောင်းလိုက်တာ. . ၊ ဒါဟာတိုက်ဆိုင်မှုဆိုရင်တောင် ထူးခြားဆန်းကြယ်တဲ့ တိုက်ဆိုင်မှုတစ်ခုပဲ"

"ဒါကြောင့် ကျွန်တော်ခင်ဗျားကို ပြောခဲ့ဖူးတာပေါ့၊ လူတိုင်း လူတိုင်းမှာ မမြင်နိုင်တဲ့စိတ်တန်ခိုး ပါဝါအစွမ်းတွေရှိတယ်လို့. . ၊ ဒါကြောင့်မို့ ကိုယ့်နှုတ်ကထွက်တဲ့စကားတိုင်းကို အကောင်းဘက်ကနေဆွဲပြီး ပြောပေးရမှာ၊ အကောင်းတွေကြီးပဲပြောပြီး အကောင်းတွေကြီးတွေပဲတွေးနေရင် ကိုယ့်ဆီကိုကောင်းတာတွေပဲ တန်ပြန်သက်ရောက်လာမှာ၊ အဆိုးမြင်ပြီးအဆိုးတွေကြီးပဲ ပြောနေတွေးနေရင် ကိုယ်ဆီရောက်လာမယ့်ရလာဒ်ကလည်း အဆိုးတွေပဲဖြစ်မှာ. . ၊ ခု. . ခင်ဗျားခံလိုက်ရတာ လက်တွေ့ပဲမဟုတ်လား"

"ဒါဆို. . လူတွေရဲ့ပစ္စုပ္ပန်က အဲဒီလူတွေရဲ့အနာဂတ်ကို ပုံဖော်တယ်ဆိုပြီး မင်းပြောခဲ့ဖူးတဲ့စကားက. . တစ်ကယ်ပေါ့. . "

တအံ့တသြမေးလိုက်သော ကိုသိန်းတန်၏မျက်နှာပေါ်မှ စိုးရိမ်စိတ်တွေကိုဖတ်ပြီး. . မင်းထင်ရှားပြုံးလိုက်သည်။

"ဒါပေါ့ဗျာ. . နောက်ဆိုရင် ဘယ်အရာကိုမှ လက်လွတ်စပယ်မပြောမိပါစေနဲ့တော့၊ ခု. . ခံလိုက်ရတာနဲ့တင် ခင်ဗျားစိတ်ကို ပစ္စုပ္ပန်တိုင်း သတိရှိသင့်နေပြီ. . "

"ကိုရှား ပြောတာကို ကျွန်မလည်း လက်မခံလို့မရတော့ဘူး"





မဝင်းရီကပါ. . ကိုသိန်းတန်ကို ဒဏ်ရာဆေးထည့်ပေးရင်း သူ့အမှားကို သူဝန်ခံဖို့ စကားစသည်။

"ဘာဖြစ်လို့လဲ. . မဝင်းရီ"

"လွန်ခဲ့တဲ့ သုံးရက်လောက်က ဈေးထဲမှာဘဲဥသည်မမြိုင်နဲ့ အိမ်ကမိသားစုတွေအကြောင်းစကား ပြောကြရင်း ကျွန်မပြောခဲ့တာကို သတိရမိတယ်"

"ဘာများလဲ. . မဝင်းရီ"

"ကျွန်မတို့လင်မယား ခုတစ်လော. . ရန်အကြီးအကျယ် မဖြစ်တာကြာပြီ. . ဘယ်တော့ဖြစ်ကြဦးမလဲမသိဘူး ဆိုတဲ့စကား ပြောခဲ့မိတယ်. . ၊ ခု. . အဲဒီအတိုင်းကို ရန်ဖြစ်မိကြပြီလေ"

မင်းထင်ရှား. . ခေါင်းတဆတ်ဆတ်ညိတ်ကာ. .

"ခင်ဗျားတို့ဆီမှာ. . ခင်ဗျားတို့မမြင်နိုင်တဲ့ စိတ်ခွန်အားတွေရှိနေပြီဆိုတာ. . လက်မခံလို့ မရတော့ဘူး ကိုသိန်းတန်"

"စိတ်ခွန်အားဆိုတာ ဘာလဲ ကိုရှားရယ်"

တောသူပီပီ မဝင်းရီ. . သဘောမပေါက်သဖြင့် ရိုးသားစွာမေးသည်။

"စိတ်ခွန်အားဆိုတာ ကျွန်တော်တို့လို လူဖြစ်ပြီးသား သူတွေမှာမဆိုထားနဲ့. . မိခင်ဗိုက်ထဲမှာ သန္ဓေသားအဖြစ်ရှိနေကြတဲ့ သန္ဓေသားလေးတွေမှာတောင် သူတို့ဘဝကို လူ့လောကကြီးထဲတိုးဝင်မယ်ဆိုတဲ့ သူတို့ကိုယ်တိုင်မသိနိုင်တဲ့ စိတ်ခွန်အားတွေ ရှိကြတာပေါ့၊ ဒါကြောင့်လဲ. . သူတို့ဘယ်အချိန်မှာ မိခင်ရဲ့ သားမွေးလမ်းကြောင်းကနေတစ်ဆင့် လောကကြီးထဲကို တိုးဝင်ရမယ်ဆိုတာ သူတို့သိနေတာပေါ့၊ ကျွန်တော်တို့လို. . နေထိုင်ရှင်သန်ကြီးပြင်းနေကြတဲ့ လူကြီးတွေမှာဆို ပိုပြီးတော့တောင် စိတ်ခွန်အားတွေ ရှိနေကြနိုင်တယ်၊ ဒါကြောင့် လူတိုင်းမှာသူတို့မမြင်နိုင်တဲ့ လျှို့ဝှက်ချက်တွေ ရှိနေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလျှို့ဝှက်ချက်ကိုသာသိရင် သူတို့ဘဝကိုဘယ်လို ပုံသွင်းနေထိုင်မယ်. . ဘယ်လိုအရာတွေကိုသာ တောင့်တမယ်ဆိုတာကို သဘောပေါက်ပြီး အကောင်းဆုံးဆိုတာတွေကိုပဲ မျှော်လင့်တောင့်တကြတော့မှာ"

"ကဲ. . မိန်းမ. . ကြားတယ်နော်၊ ဒီနေ့ကစပြီး. . ငါတို့ ရန်မဖြစ်ကြတော့ဘူး၊ ငါတို့နှုတ်ကနေ နမိတ်မရှိတဲ့စကားတွေ မပြောကြတော့ဘူး. .၊ တစ်နေ့တာကိုမင်္ဂလာရှိတဲ့အကြောင်းတွေပဲ ထိုင်တွေးပြီး ကောင်းတဲ့အရာတွေပဲ. . ငါတို့ဆီလာအောင် ငါတို့ရဲ့စိတ်စွမ်းအားတွေနဲ့ ညို့ယူကြရအောင်"

ကိုသိန်းတန်၏မျက်နှာပေါ်မှာ စိတ်ဆိုးခြင်းဒေါသအရိပ်တွေ ရှိမနေတော့ဘဲ ရှေ့ဆက်နေထိုင်သွားတော့မည့် နေထိုင်မှုပုံစံကို စိတ်ကူးနှင့်ပုံဖော်ဖို့ကိုသာ. . စိတ်ခွန်အားတွေအဖြစ် တိုးပွားလာသည်။

မဝင်းရီ၏မျက်နှာသည်လည်း ရုတ်တရက်ပြန်၍ကြည်လင်လန်းဆန်းလာပြီး. .

"ဟုတ်ကဲ့ပါတော်၊ ကျုပ်လည်းနောက်တစ်ခါ ရှင့်ကို အာခေါင်တွေနာအောင်ပြောပြီး အာဏာရှင်ဘွဲ့ကို မခံယူတော့ပါဘူး၊ ရှင်လည်း အလုပ်ကိုလက်ကြောတင်းတင်းလုပ်ပြီး ကျုပ်မကြိုက်တဲ့ အရက်တွေ မသောက်နဲ့တော့"

"အေးပါ. . ငါဒီနေ့ကစပြီး. . လုံးဝအရက်မသောက်တော့ပါဘူး၊ ဆိုင်းဘုတ်ရေးခတွေရရင်လည်း မင်းကိုအကုန်အပ်ပါတော့မယ်"

လင်မယားနှစ်ယောက် တစ်ခဏအတွင်းမှာပင် သူတို့ရဲ့ကမ္ဘာလေးအတွက် မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်ဖြင့် ဆက်လက်ရှင်သန်ဖို့ ခွန်အားသစ်တွေမွေးလိုက်ကြသည်။

အကြံဉာဏ်ပေးရှာသည့် မင်းထင်ရှားကိုတော့ မေ့လျော့သွားကြသည်။ မင်းထင်ရှား ပြုံးလိုက်ပါသည်။





စကြာဝဠာကြီးဟာ လူသားတွေရဲ့ တုန့်ပြန်မှုလှိုင်းတွေကို ပြန်လည်တုန့်ပြန်ပေးနေသည့် တန်ခိုးရှင်ဆိုတာ သူတို့ကောင်းကောင်းသဘောပေါက်လာကြမည်ဆိုလျှင် ပြောပြစရာ ည်းရုံးရကျိုးနပ်ပါသည်။

ဒါဟာ လောကရဲ့လျှို့ဝှက်ချက်တစ်ခုဆိုတာ လူသားတိုင်းသိဖို့လိုအပ်သည်မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"သမီးယွန်း. . ဒီနေ့ ရှူတင်မရှိဘူးဆို"

အပြင်ထွက်ဖို့ ကားသော့လှမ်းယူနေသောယွန်းမှာ ဒယ်ဒီအမေးကြောင့် ဆိုဖာခုံပေါ်တွင် ထိုင်နေသော ဒယ်ဒီကို လှည့်ကြည့်ကာ

"ရှူတင်တော့မရှိဘူး ဒယ်ဒီရဲ့၊ ဒါပေမဲ့. . အဖြူရောင်ရသ ဇာတ်ကားက ဒီနေ့သမ္မတမှာ စတင်တယ်လေ၊ ပရိသတ်ကြည့်ရှုနှုန်း ဘယ်လောက်ရှိသလဲ သွားကြည့်မလို့ပါ ဒယ်ဒီ. "

"ဩော်. . ဒါများသမီးရယ်၊ မောင်သိန်းကို ကြည့်ခိုင်းလိုက်ရောပေါ့. . တစ်ရက်တစ်လေလေးနားရတဲ့ဟာကို အိမ်မှာပဲ ပြည့်ပြည့်ဝဝအနားယူပါတော့လား"





ဖခင်၏စေတနာကို ယွန်းနားလည်ပေမယ့် ကိုယ်ရိုက်ထားသည့်ဇာတ်ကားကို ပရိသတ်အမြင်ရှုထောင့်ကနေ သွားထိုင်ကြည့်ပြီး အမှားတွေရှာဖွေရတာဟာ ယွန်းကိုယ်တိုင် လုပ်ရမည့်တာဝန်ဝတ္တရားတစ်ခုဟု ယွန်းထင်သည်။

"ပရိသတ်ကြည့်ရှုနှုန်း ကြည့်ရုံတင်မဟုတ်ဘူး၊ ဇာတ်လမ်းတစ်ခုလုံးမှာ အားနည်းချက်ဘယ်လောက်ပါနေသလဲဆိုတာ ယွန်းကိုယ်တိုင်ကြည့်ချင်လို့ပါ"

"ဒါဆိုရင် တင့်တင့်ကိုခေါ်သွားပါလား၊ သမီးတစ်ယောက်တည်း ရုပ်ရှင်ရုံထဲမှာ ကြောင်တောင်တောင်ဖြစ်နေမှာပေါ့"

ကိုယ့်သမီး၏ ရဲရင့်သွက်လက်ခြင်းတွေကို မသိလေရော့သလားဟူသောအကြည့်ဖြင့် ဒယ်ဒီကိုလှမ်းကြည့်ကာ ပြုံးလိုက်သည်။

"ဒယ်ဒီရယ်. . ဒီဇာတ်ကားတစ်ကားလုံး ရုံတင်ဖို့အထိ အဆင်ပြေပြေရိုက်ကူးခဲ့တုန်းက ယွန်းတစ်ယောက်ထဲပါ၊ တင့်တင့်ပါလို့လား"

"ငါ့သမီးကတော့. . ငါ့ကိုကပ်ပြောပြန်ပြီ. . ဒီခေတ်လူငယ်တွေက. . တည်ငြိမ်ကြတာမဟုတ်ဘူး၊ သမီးကိုနှောင့်ယှက်မှာစိုးလို့ခေါ်သွားခိုင်းတာ"

"စိတ်မပူပါနဲ့ ဒယ်ဒီရယ်. . တင့်တင့်က ရုပ်ရှင်ကြည့်ရင် အရမ်းစကားများပြီး အမေးအမြန်းထူတယ်. . ၊ ယွန်းအတွက် အနှောင့်အယှက်ဖြစ်ရုံကလွဲပြီး ဘာမှအထောက်အကူမဖြစ်လောက်ပါဘူး ဒယ်ဒီ စိတ်ချ ယွန်းကိုဘယ်သူမှ မနှောင့်ယှက်အောင် ယွန်းဘာသာကာကွယ်နိုင်ပါတယ်"

အသက်သုံးဆယ်အရွယ် သမီးကို ဦးအောင်ကိုဇင် မျက်စိထဲမှာ ဆယ်ကျော်သက်အပျိုဖြန်းလေးလို ထင်မှတ်နေဆဲပါ။

အရွယ်မမျှအောင် ထက်မြက်လွန်းသည့်သမီးကို အရည်အချင်း ဂုဏ်ဒြပ်မတူညီသော ယောကျာ်းမျိုးတွေနှင့် အိမ်ထောင်ဖက်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေချင်တာ ဦးအောင်ကိုဇင်၏ ဖခင်တစ်ယောက်၏ သောကအပူဖြစ်သည်။

"ကဲပါ. . ဒယ်ဒီက ဒယ်ဒီသမီး ဒါရိုက်တာမလေးကို စိတ်ပူလွန်းသွားတာပဲဖြစ်မှာပါ. .၊ ကဲ. . ကဲ. . သွား. . ကားကိုတော့ သတိထားမောင်းနော်. . ကားလမ်းတွေပိတ်ပြီး. . ဒေါသတွေဖြစ်မနေနဲ့အုံး"

"ရက်စ်. . ဒယ်ဒီ၊ အားလုံးစိတ်ချနော် ယွန်းသွားတော့မယ် ဘိုင်. . ဘိုင်. ."

"အိုခေ. . အိုခေ. . ပြန်လာရင်. . ဒယ်ဒီအတွက် ဆူရှီဝယ်ခဲ့. .၊ အဲ. . နောက်ပြီး ရုပ်ရှင်ရုံမှာရောင်းတဲ့ ထောပတ်ပေါက်ပေါက်ဝယ်ခဲ့"

"ဟုတ်. . ဝယ်ခဲ့မယ်. . ဒယ်ဒီ. ."

ယွန်းအပြင်သွားလျှင် ကလေးတစ်ယောက်လို စားချင်တာအမြဲမှာတတ်သော. . ဒယ်ဒီကိုကတိပေးပြီး ကားရှိရာသို့ ခပ်သွက်သွက်လျှောက်လာလိုက်သည်။

လမ်းမှာကားတွေ ပိတ်မှာနှင့် ရုပ်ရှင်မှီပါ့မလား။





ညမှတရုပ်ရှင်ရုံထဲ ဝင်ဝင်ချင်း ထောပတ်ပေါက်ပေါက် ချိုအီအီအနံ့ကြောင့် ဝယ်စားရန် အာသီသစိတ်ဖြစ်လာသည်မို့ အကျီအိတ်ကပ်ထဲမှ ပိုက်ဆံထုတ်ကာ. . တစ်ဘူးဝယ်လိုက်သည်။

ရုပ်ရှင်ကြည့်ရင်း ပေါက်ပေါက်လေးဝါးမည်ဟူသောအတွေးက ဇိမ်တော့ကျလောက်သည်။

"ဟာ. . ဆရာမင်းထင်ရှား"

ပေါက်ပေါက်ဝယ်နေတုန်း ကိုယ့်နာမည်ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

"ဩော်. . ငြိမ်းဝေ၊ မင်း ရုပ်ရှင်လာကြည့်တာလား. . အဟဲ"

ငြိမ်းဝေ ဘေးမှကောင်မလေးကို ရယ်ပြရင်းမေးလိုက်သည်။ ငြိမ်းဝေတောင် အတွဲတွေဘာတွေနှင့် ကိုယ့်ထက် အရည်အချင်းတွေ ရှိနေပါလား၊ ကိုယ့်မှာသာ သွားလေရာ အဖော်မရှိ အထီးကျန်နေဆဲ။

"ဟုတ်တယ်အစ်ကိုရ. . ဒီကားက အစ်ကိုဇာတ်ကို ရိုက်ထားတာမို့ ရုံးလစ်ပြီးလာကြည့်တာ၊ အဟဲ. . ဒါကျွန်တော့်ချစ်သူလေးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူဝင့်ကြွားစွာ ကောင်မလေး၏လက်ကို လွတ်ထွက်မတတ်ဆုပ်ကိုင်ပြီး မိတ်ဆက်ပေးလာသောငြိမ်းဝေကို မနာလိုစွာကြည့်လိုက်ပြီး. . .

"အံမယ်. . မင်းကငါ့ဇာတ်ကားမို့ လာကြည့်တာဟုတ်လို့လား ရုံထဲရောက်ရင်. . မင်းကြည့်မှာက ရုပ်ရှင်မဟုတ်ပါဘူး ငါသိပါတယ်"

အားမနာတမ်း နောက်နေကြမို့ မင်းထင်ရှားစိတ်ထဲရှိသည့်အတိုင်း ပြောချလိုက်သည်။ ကောင်မလေး. . ခစ်ကနဲရယ်သည်။

"အာ. . အစ်. . အစ်ကို. . ဟာ. . ရုပ်ရှင်ကြည့်မှာပါဗျ၊ ဘာတွေလျှောက်ပြောနေတာလဲ. . ကျွန်တော့်ကောင်မလေး ရှက်သွားဦးမယ်"

"အံမယ်. . ရှက်လို့တဲ့. . ရယ်လိုက်တာ အသံတောင်ထွက်သွားသေး. .၊ ညီမ. . ဒီကောင့်ကို သိပ်မယုံနဲ့သိလား ဒီကောင်ရည်းစားထားတာ ညီမနဲ့ဆိုရင် ကိုးဆယ်ကိုးရာခိုင်နှုန်းရှိပြီ၊ တစ်ရာ ရာခိုင်နှုန်းပြည့်ရင်. . အနမ်းတွေလည်း ဆယ်သိန်းလောက်စံချိန်ချိုးလောက်ပြီ. ."

ငြိမ်းဝေ ပြူးပြူးပြာပြာဖြစ်ကာ. . .

"ဟာ. . အစ်ကိုရှား. . ကွိုင်ပဲ၊ ဘာတွေလျှောက်ပြောနေတာလဲဗျာ. . တကယ်ထင်သွားဦးမယ်၊ သူက. . သဝန်တိုတတ်တယ်ဗျ၊ ချစ်. . ကိုရှားက ပျော်တတ်လို့ပါနော်. . တစ်ကယ်မဟုတ်ဘူး သိလား"

ငြိမ်းဝေ စိုးရိမ်ပူပန်နေသလောက်. . ကောင်မလေးမှာ မင်းထင်ရှားကိုသာပြုံးကြည့်ပြီး. . .

"ညီမက အစ်ကို့ကိုကြိုက်တယ်. ဒါကြောင့် စိတ်မဆိုးပါဘူး"

"ဟမ်. အစ်. အစ်ကို့ကို ကြိုက်တယ်ဟုတ်လား"

"အင်း. . အစ်ကို့စာတွေ ညီမအမြဲဖတ်တယ်"

"သြော်. . အင်း. . အဟဲ. . ကျေး. . ကျေးဇူးပါပဲ"





"ကဲ. . ကိုရှား. . ပေါက်ပေါက်ဖိုးကို ကျွန်တော်ပဲ ရှင်းလိုက်တော့မယ်နော်. . နို့မို့ဆို. . အစ်ကိုပတ်မွှေဦးမှာ"

"ဟာ. . မင်းကလည်း ငါကအမွှေဝါသနာမပါဘူး၊ ကဲပါ. . ညီမ. . စောစောကပြောတာတွေက နောက်တာနော် စိတ်ထဲမထားနဲ့ ဟုတ်ပြီလား. . ရင်ထဲမှာပဲထည့်ထားသိလား၊ သူကအမြဲတမ်း ချက်တင်ထဲကမထွက်ဘူး. . ကောင်မလေးတွေကို ချက်နေတာလေ"

ထွက်သွားခါနီးတောင် လက်ထဲမှပေါက်ပေါက်ဖူးလေးတွေကို ဝွမ်းခနဲဝါးရင်း နောက်ခဲ့သေးသည်။

မင်းထင်ရှားသည် တစ်ခါတရံထိုသို့လည်း အချွန်နှင့်မတတ်သေးသည်။

သူ့အတွက်. . အချစ်ဆိုတာက သူ့လက်ထဲမှာကိုင်ပြီး ဝါးနေသည့် ထောပတ်ပေါက်ပေါက်ဖူးလေးတွေလောက် ချိုအီမွှေးမြနိုင်ပါ့မလား။

အခွန်မဲ့စနစ်ဖြင့် လောကကြီးထဲမှာ ပုံပေါလအောထနေတဲ့ အချစ်ဆိုတာကို သူကပဲ တန်ဖိုးမသိသေးတာလား၊ ဒါမှမဟုတ် အဲဒီအချစ်ဆိုတာကပဲ. . ကိုယ်နှင့်ကံမစပ်သေးတာလား. . ။

ခုချိန်ထိတော့. . မင်းထင်ရှားရင်ခုန်ဘက်လူကို မတွေ့သေးတာ သေချာပါသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

## "ဟင်"

စိတ်ထဲမှာ အာမေဍိတ်သံထွက်မတတ် အံ့ဩသွားသည်မို့. . ယွန်း. . ကိုယ့်မျက်စိပင်ကိုယ်မယုံ. . ။

ယွန်းထိုင်နေသော ထိုင်ခုံလက်တန်းပေါ်က ပေါက်ပေါက်တွေကို ဘေးတွင်ထိုင်နေသောလူက မသိမသာနှိုက်စားနေပါလား။ ပြောရအောင်ကလည်း အစားတစ်လုပ်အတွက်နှင့် လူတစ်ဖက်သားကို မဟန့်တားချင်၊ ဒီတော့. . မသိချင်ဟန်ပင် ဆောင်နေလိုက်တော့မည်ဟူသောအတွေးဖြင့် ငြိမ်၍နေလိုက်ပြီး. . ရုပ်ရှင်ပိတ်ကားပေါ်သို့သာ အကြည့်တွေပို့ထားလိုက်သည်။





သို့သော်. . ယွန်းအကြည့်တွေက. . ယွန်း ပေါက်ပေါက်ဘူးထဲမှ ပေါက်ပေါက်တွေနှိုက်စားနေသော ထိုလူ့ကိုသာ မသိမသာ အကဲခတ်ကြည့်နေရသည်။

မျက်နှာအနေအထားက အမှောင်ထဲမှာဆိုပေမယ့် သိပ်ရုပ်အဆိုးကြီးမဟုတ်. . ရုပ်ခပ်ဖြောင့်ဖြောင့်ထဲကဟု တွေးလိုက်သည်။

ယွန်း အတွေးပင်မဆုံးလိုက် ထိုလူထပ်ပြီးနှိုက်စားနေပြန်သည်။ ဒီတစ်ခါတော့ ယွန်း ပေါ်တင်ပင်ကြည့်လိုက်ပြီး ပေါက်ပေါက်ဘူးကိုယူ၍နှိုက်စားလိုက်သည်။

ထိုလူနှင့်ယွန်းတို့ အကြည့်ချင်းဆုံသွားသည်မို့. . ထိုလူ ယွန်းကိုပြုံးပြသည်။

တစ်ဖက်လူ မင်းထင်ရှားမှာလည်း မိန်းကလေးတန်မဲ့နှင့် ကိုယ့်ပေါက်ပေါက်တွေကို ခပ်တည်တည်နှိုက်စားနေသော မိန်းမချောလေးကို တစေ့တစောင်းအကဲခတ်မိနေသည်။

ပုံစံက ရုပ်ရည်ချောမောရုံတင်မဟုတ် မိန်းမလှတစ်ယောက်ဟုထင်းခနဲ မြင်သာသောအလှပိုင်ရှင်မလေးက. . ကိုယ်နှင့်လုံးဝမသိသောယောကျ်ားတစ်ယောက်၏ မုန့်ကို ခပ်တည်တည်နှိုက်စားနေခြင်းဟာ ပုံမှန်စိတ်ရောဟုတ်ရဲ့လားဟု နှမြောတသစွာဖြင့် တွေးနေလိုက်သည်။ ရုပ်ရှင်ကြည့်ဖို့လာတာဖြစ်ပေမယ့် ရုပ်ရှင်စပြကတည်းက မင်းထင်ရှား၏ အာရုံတွေက ရုပ်ရှင်ပိတ်ကားပေါ်မှာမရှိ ကိုယ့်မုန့်တွေကို နှိုက်စားနေသောထိုမိန်းကလေးကိုသာ တစေ့တစောင်း အကဲခတ်နေမိသည်။

အံမယ်. . တစ်ခါတစ်ရံ ကိုယ်ကပေါက်ပေါက်ဖူးလေးတွေကို နှိုက်မလို့လက်ရွယ်ရုံရှိသေး သူကဆတ်ခနဲလှမ်းနှိုက်လေတော့ ဘူးအဝမှာ လက်ချင်းသွားဆုံမိကြလျှင် မိန်းကလေးအနေခက်မည်ဆိုး၍ ကိုယ်ကလက်ရှောင်ပေးလိုက်ရသည့်အကြိမ်က မနည်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ပေါက်ပေါက်ဘူးထဲက ပေါက်ပေါက်တွေသည် ကိုယ်နှိုက်ရသည်ကိုမရှိ သူ့လက်ချည်းပဲမို့ ပြောပြန်လျှင်လည်း အောင်မင်း လွန်ရာကျမည့်အပြင် တစ်ဖက်မိန်းကလေးရှက်သွားမည်ဟူသော စာနာစိတ်ဖြင့် ပြောမနေတော့. . .။

ပြောမနေပါဘူးဟုတွေးနေကာမှ အကြည့်ချင်းဆုံသွားသည်။ ကိုယ်ကအလျှုရှင်မို့ အမှောင်ထဲမှာပင် ရမ်းသန်းပြီးပြုံးပြလိုက်သည်။ ကိုယ့်အပြုံးကို သူမြင်ပါ့မလားတော့မသိ။

ကိုယ့်မုန့်ကိုမျက်နှာပြောင်တိုက် နှိုက်စားနေသောထိုလူကို ယွန်းစိတ်ထဲ သိပ်မတွေ့တော့၊ ရုပ်ကိုကအမှောင်ထဲမှာတောင် ပြိုတီတီနဲ့ လူကိုကြည့်နေတာ. . မုန့်ဖိုကောင်းတာထက် ရွံ့စရာကောင်းသည်။

သူများမုန့်ခိုးစားတာ. . တစ်ကြိမ်နှစ်ကြိမ်ဆို တော်ရောပေါ့။ ခုတော့. . မကုန်မချင်းကို ခိုးစားနေတာ၊ ဒီလူ ဦးနှောက်ရော ကောင်းသေးရဲ့လား. . ။

ယွန်းစိတ်ထဲ သဒ္ဒါစိတ်မရှိတော့ဘဲ စေတနာပျက်လာသည်။ တဖြည်းဖြည်းနှင့် တွန့်တိုစိတ်ပါဝင်လာသည်။ ထို့ကြောင့် ဘူးထဲမှ ပေါက်ပေါက်တွေကို ပါးစပ်ထဲတစ်ခုပြီးတစ်ခု ကောက်ဝါးလိုက်သည်။ ပါးစပ်ထဲမှာ ပေါက်ပေါက်တွေပြည့်နေသည်။ ဝါးနေရင်းမှလည်း မျက်စောင်းလှမ်းထိုးလိုက်သေးသည်။

ယွန်းအာရုံတွေ. . ကိုယ့်ဇာတ်ကားကို ကိုယ်အကဲဖြတ်သည့် အခြေအနေကို ခုထိမရောက်သေး။ ရဲတင်းပြီး ကျေးဇူးတင်ရကောင်းမှန်းမသိသော ပေါက်ပေါက်သူခိုးကိုသာ. . ဒေါသဖြစ်နေရသည်။

မင်းထင်ရှားမှာလည်း. . ယွန်း၏မူမမှန်သော အပြုအမူကို ကြည့်ပြီး ကျေနပ်ထဲစိမ့်လာသည်။ ရုပ်ရည်ကလေးက ဥမ္မာဒန္တီရှုံးလောက်အောင်လှသည်။ သို့သော် ခုလို သူများမုန့်ကို ခွင့်မတောင်းဘဲ ပြောင်နှိုက်စားနေတဲ့အကျင့်ကြီးနှင့်တော့ မိန်းကလေးအလှက လုံးဝ





ဘိုမလိုက်ဖက်။

ထိုသို့တွေးနေရင်းမှာပင် ဘူးထဲမှပေါက်ပေါက်မှာ သုံးလေးပွင့်သာကျန်တော့သည်။ မင်းထင်ရှား ထိုမိန်းကလေးကို သနားသလို အားနာသလိုလိုဖြစ်သွားသည်မို့ ကျန်နေသေးသည့် ပေါက်ပေါက်ကို မျှစားမည်ဟူသော အတွေးဝင်လာကာ ဘူးထဲမှပေါက်ပေါက် နှစ်ပွင့်မျှသာယူလိုက်ပြီး ကျန်နေသည့်ပေါက်ပေါက်ကို ယွန်းလက်ထဲ လှမ်းပေးလိုက်သည်။

ပေါက်ပေါက်ကိုလှမ်းယူနေသော ယွန်းစိတ်တွေ တော်တော်လေး ဒေါသထွက်နေသည်မို့ တော်တော်ဝေါ်ကြီးကျသည်ဟူသော အကြည့်ဖြင့် မျက်စောင်းလှမ်းထိုးလိုက်သည်။

ပေါက်ပေါက်စားပြီး မင်းထင်ရှား ကျောပိုးအိတ်ထဲမှ ရေဘူးထုတ်၍ရေသောက်ရန်ပြင်ပြီးမှ. . ။

"ဩော်. . ရေသောက်ပါဦးလား"

ယွန်းဘက်သို့ရေဘူးကမ်းပေးလိုက်သည် ယွန်းဘုကြည့်ကြည့်ကာ. . .

"အို. . မသောက်ပါဘူး. . အလကားရရင်ရေတောင် မတရားသောက်တဲ့အတန်းအစားထဲမှာ ယွန်းတို့မပါဘူး"

ယွန်းစကားကြောင့် မင်းထင်ရှား ဟတ်ခနဲရယ်လိုက်သည်။ သေချာပါပြီ. . ဒီမိန်းကလေး ဂေါက်နေတာပဲဖြစ်မည်။

ပေါက်ပေါက်တုန်းကတော့ အားမနာလျှာမကျိုး မကုန်မချင်း အပြောင်နှိုက်စားနေပြီး ရေကျတော့အလကားရတိုင်း မသောက်ဘူးတဲ့။ သူ့စကားက ကိုယ်ကပဲ အလကားရ၍ နင်းကန်စားသောက်နေသည့်ပုံ ကျေးဇူးမတင်တဲ့အပြင် လူကိုပါ ဘုတောနေသည်။ ထိုသို့တွေးရင်း အာရုံတွေကို ရုပ်ရှင်ပိတ်ကားပေါ်သို့ ပို့လွှတ်လိုက်သည်။

ရုပ်ရှင်သာပြီးတော့မယ် ပေါက်ပေါက်မျှစားနေတာနှင့် အာရုံ



www.burmeseclassic.com

www.burmeseclassic.com



တွေကရုပ်ရှင်ဆီသို့ အကြည့်မရောက်ဘဲ ပေါက်ပေါက်နှိုက်စားသည့် မိန်းမလှလေးပေါ်သို့ စုပြုံတိုးရောက်နေသည်။

နှာသီးဝကို တချက်ချက်တိုးဝင်လာသော သူ့ကိုယ်သင်းနံ့သည် ယောက်ျားတစ်ယောက်၏ ရင်ကိုလှုပ်ခတ်စေသည့်အထိ အစွမ်းရှိသည်။ တစ်ခါတစ်ရံသူ့လက်မောင်းသား အိအိလေးနှင့် ကိုယ့်လက်မောင်းသာ တိုးမိကြသည့်အထိအတွေ့သည်လည်း အင်မတန် မက်မောစရာ ကောင်းပါသည်။ ဘဝမှာတခါမှ မခံစားဖူးသော ခံစားမှုမျိုးမို့ နောက်ထပ်အကြိမ်ကြိမ်ခံစားဖို့ မျှော်လင့်ချင်သည်။

"နာမည်က ယွန်းတဲ့လား"

မရည်ရွယ်ပဲ.. နှုတ်ကထွက်သွားမိခြင်းပါ။

"ရှင်.. လူပါးမဝနဲ့နော် လူကိုဘယ်လိုအတန်းအစားများ မှတ်နေလဲ.. ၊ ဟွန်း.. အဆင့်အတန်းမရှိတဲ့လူ ကျေးဇူးတရားနားမလည်တဲ့သူ.. ကြောင်တောင်နှိုက်တက်တဲ့လူ"

"ဗျာ"

"မဗျာနဲ့ ရှင့်လိုလူမျိုးတစ်ခါမှ မကြုံဖူးဘူး"

ဘလိုင်းကြီးအပြောခံနေရသည်မို့ မင်းထင်ရှားကြောင်သွားသည် ဒီမိန်းကလေး ဘာတွေပြောနေတာပါလိမ့်။

ရှေ့ခုံမှစုံတွဲအချို့ လှည့်ကြည့်ကြသည်။ မင်းထင်ရှားရှက်သွားသည်။ စိတ်ထဲမှာ ထောင်းခနဲဒေါသထွက်မိပေမယ့် မိန်းကလေးတစ်ယောက်နှင့် ယှဉ်ပြီးစကားနာမထိုးချင်၍ ဘာမှပြန်ပြောမနေတော့။

ထသွားပြန်လျှင်လည်း ကိုယ့်အခွင့်အရေး ဆုံးရှုံးဦးမည်။ ထိုဆုံးရှုံးမှုသည် ရုပ်ရှင်ပြီး၍ မီးလင်းလာလျှင် ထိုမိန်းကလေး၏ မျက်နှာလေးကို သေသေချာချာကြည့်ခွင့်ရဖို့ ဖြစ်သည်။

သူ့စိတ်မမှန်တာ သေချာသွားပြီမို့.. ကိုယ်ကပဲခွင့်လွှတ်သည်း





ခံရတော့မည်ပေါ့။

"ဟွန်း.. ရုပ်ရှင်လေးတစ်ခါလာကြည့်ပါတယ်.. ဘယ်လိုလူစားမျိုးနဲ့မှ ယှဉ်ထိုင်မိသလဲမသိဘူး.. စိတ်ပျက်တယ်"

ရုပ်ရှင်ကဇာတ်သိမ်းခန်းပင် ရောက်နေပြီ.. ယွန်းစိတ်ထဲမှာ ထိုလူကို မကျေနပ်သေး။ ကိုယ့်ဒေါသတွေသည် ထိုမျှလောက် ကလေးမဆန်သင့်ဆိုတာသိပေမယ့်.. သူ့အကြည့်တွေကိုတော့ ယွန်း.. မုန်းသည်။ မီးရောင်မှိန်မှိန်အောက်မှာ.. ယွန်းကိုကြည့်သောအကြည့်တွေသည် စူးရှလွန်းသည်။ မျက်နှာသေချာမမြင်ရပေမယ့် ထိုလူ၏အကြည့်တွေကိုတော့ အဓိပ္ပါယ်ကောင်းကောင်းဖတ်တတ်သည်။

မရိုးသားဘူးဆိုတာကိုပေါ့။

ထို့ကြောင့် ရုပ်ရှင်မြန်မြန်ပြီးပါစေဟုပင် စိတ်ထဲက ကျိတ်ဆုတောင်းလိုက်သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါပြီဟု စာတန်းထိုးလိုက်သည်နှင့် မီးတွေလင်းထိန်လာသည်။ ပရိသတ်အားလုံးထိုင်ရာမှ လှုပ်လှုပ် လှုပ်လှုပ်နှင့်ထကုန်ကြသည်။

"သွားလိုက်ပါဦးမယ်နော်"

"ဟွန်း"

သူများပေါက်ပေါက်ကို နှိုက်စားသည့်လူ. . အဖက်လုပ်ပြီး ပြန်နှုတ်ဆက်စရာမလို၍ လက်ကိုင်အိတ်နှင့် ဒယ်ဒီအတွက်ဝယ်ထားသော မုန့်ထုတ်ကိုလှမ်းယူကာ လှည့်ထွက်ဖို့ဟန်အပြင်. . .

"ဟင်"

မုန့်အိတ်ထဲမှ. . ပေါက်ပေါက်နှစ်ဘူးကိုတွေ့ပြီး ယွန်းခေါင်းနပန်းကြီးသွားသည်။

"ဘုရားရေ. . ငါ့. . ငါ့ပေါက်ပေါက်ဘူးက. ဒီထဲမှာပါလား"

ယွန်းအတွက်တစ်ဘူး ဒယ်ဒီအတွက်တစ်ဘူး ဝယ်လာသောပေါက်ပေါက်ဘူးမှာ အိတ်ထဲတွင်ဒီအတိုင်း. .။





"ဒါ. . ဒါဆို. . ငါ. ငါစားနေတာ. . ငါ့ပေါက်ပေါက်ဘူးမမဟုတ်ဘူးပေါ့. .၊ ဘုရားရေ. . အမလေး ငါမေ့တတ်ပုံများ စိတ်ပျက်ဖို့ကောင်းလိုက်တာဟယ်. .၊ ငါ့စိတ်ထဲ. . ငါ့ဘူးကိုငါဖောက်ထားတယ်လို့ပဲထင်ပြီး. . သူ. . သူ့ရဲ့ပေါက်ပေါက်ဘူးကို. . ငါ. . ငါကနှိုက်စားခဲ့တာပဲ. . အမလေး. . သေတောင်သေလိုက်ချင်တယ်ဟယ် ဒုက္ခပါပဲ. ."

ယွန်းတစ်ယောက်. . ဝယ်ထားသော ပေါက်ပေါက်ဘူးနှစ်ဘူးကို. . စိတ်ပျက်စွာကြည့်ပြီး. . ရှက်လွန်း၍ ဆွေ့ဆွေ့ခုန်နေသည်။

"မဖြစ်ဘူး. . အဲဒီလူကိုပြန်ရှာပြီး. . ငါဒီပေါက်ပေါက်ဘူးအစားပြန်ပေးရမယ်. ."

ပြပွဲခန်းမထဲမှထွက်ကာ လူအုပ်ကြားထဲတိုးဝှေ့ပြီး စောစောကလူကို. . အလောတကြီးရှာလိုက်သည်။ အရိပ်အယောင်ပင် မတွေ့ရတော့။

"ဒုက္ခပါပဲ. . ဒီလူကို ငါဘယ်လိုလိုက်ရှာရပါ့မလဲ၊ ငါတော့သွားပါပြီ. . တစ်သက်လုံး ကိုယ့်သိက္ခာနဲ့ကိုယ်နေနေတာ ဒီပေါက်ပေါက်ဘူးကြောင့်. . ငါ့ဘဝတော့ပျက်ပါပြီ"

ငိုမလိုရယ်မလိုနှင့် ရုပ်ရှင်ရုံထဲမှထွက်လာပြီး ကားစတန်းဘက်သို့. . စိတ်ပျက်စွာလျှောက်လာလိုက်သည်။

ယွန်းနှင့်ခပ်လှမ်းလှမ်းနေရာတွင် ကားငှားနေသော မင်းထင်ရှားကို. . ယွန်း. . လုံးဝမတွေ့။

မင်းထင်ရှားကားပေါ်တက်ပြီး တက္ကစီမောင်းထွက်သွားသည့်အချိန်မှာမှ. . ယွန်းအကြည့်တွေက မင်းထင်ရှားပါသွားသော တက္ကစီရှိရာဘက်သို့ ဝေ့ပြီးရှာကြည့်လိုက်သည်။

ယွန်းမျက်နှာ ဘယ်လိုမှမသာယာနိုင်တော့။ သူများကို ပေါက်ပေါက်သူခိုးဟု စွပ်စွဲခဲ့မိသမျှ. . ခု. . ကိုယ်ကိုယ်တိုင်က ပေါက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



သူခိုးဖြစ်ခဲ့ရပြီ။

ကိုယ့်အဖြစ်က ဘယ်လောက်အူတူတူနိုင်လိုက်သလဲလို့။

ၛ ၛ ၛ ၛ





"သမီးယွန်း၊ မျက်နှာမကောင်းပါလား၊ ဘာဖြစ်လာလဲ"

သမီးမျက်နှာကို မှန်တစ်ချပ်လိုအမြဲစောင့်ကြည့် အကဲခတ်နေသော ဒယ်ဒီ့အမေးကြောင့် ယွန်းငိုချင်သွားသည်။

ထို့ကြောင့် လက်ထဲမှာပေါက်ပေါက်ဘူးနှစ်ဘူး ထည့်ထားသော အထုပ်ကို ဒယ်ဒီကိုလှမ်းပေးရင်း. . လူကမျက်ရည်စို့ချင်နေပြီး နှာခေါင်းနီလာကာ. . ရှုံ့ပွရှုံ့ပွဖြစ်လာသည်။

"သမီး. . ဘာ. . ဘာဖြစ်လို့လဲ. . ဒယ်ဒီကိုပြောစမ်း"

ဦးအောင်ကိုဇင် ရင်ထိတ်သွားသည်။ ကိုယ့်သမီး ခုလိုပုံစံမျိုး တစ်ခါမှ မဖြစ်ဘူးခဲ့။

"ယွန်း. . ယွန်းလေ. . သူများပေါက်ပေါက်ကို နှိုက်စားလာမိလို့ ဒယ်ဒီရဲ့ ခုတော့ ယွန်း. . ပေါက်ပေါက်သူခိုးဖြစ်ခဲ့ရပြီ သိလား. . ဒယ်ဒီ. ."

"ဟောဗျာ"

ဦးအောင်ကိုဇင်. . ကြားရသည့်စကားကြောင့် မရှင်းမလင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

"သမီးက. . ဘာကြောင့် သူများပေါက်ပေါက်ကို ခိုးရတာတုန်း၊ ဒါ. . ဒါဆို. . ဒီဘူးနှစ်ဘူးကို. . သမီးခိုးလာတာပေါ့ ဟုတ်လား"

"ဟာ. . အဲလိုပြောတာမဟုတ်ဘူးဒယ်ဒီရဲ့၊ ယွန်းက ခိုးလာစရာလားလို့. . ဟွန့်. . ၊ ခုဟာက. . သူများစားနေတဲ့ပေါက်ပေါက်ဘူးကို. . ယွန်းရဲ့ပေါက်ပေါက်ဘူးထင်ပြီး. . စားတာကိုပြောတာ၊ အဲဒီလူကိုတောင် ယွန်းရဲ့ပေါက်ပေါက်ကို ခိုးစားတယ်ဆိုပြီး ဒေါသတွေဖြစ်မိသေးတယ်"

ငိုမဲ့မဲ့ပြောနေသော ယွန်းစကားအဆုံး. . ဦးအောင်ကိုဇင် ရယ်လိုက်သည်။ ယွန်းနှုတ်ခမ်းစူထောင်ကာ. . .

"ဘာရယ်တာလဲလို့ ဒယ်ဒီရဲ့. ."

"သမီးနမော်နမဲ့နိုင်တာကို. . ရယ်ချင်တာပါ။ ဘယ်နှယ့်. . ကိုယ့်ရဲ့မုန့်ဘူးဟုတ်မဟုတ် သမီးကြည့်ရမယ်လေ"

"ဟုတ်တယ်. . ယွန်းစိတ်ထဲမှာလည်း ခုံလက်တန်းပေါ် တင်ထားတဲ့ ပေါက်ပေါက်ဘူးကို ယွန်းရဲ့ဘူးလို့ပဲ ထင်ထားတာလေ၊ အဲဒီလူရဲ့ဘူးမှန်း. . လုံးဝကိုထင်မထားတာ"

"ဩော်. . ဖြစ်မှဖြစ်ရလေသမီးရယ်. . ငါ့သမီးက ဒါရိုက်တာတစ်ယောက်ဖြစ်နေတာတောင်. . ဟိုငယ်ငယ်တုန်းကအကျင့် ခုကြီးတဲ့အထိကို မပျောက်နိုင်သေးဘူးပဲ. "

ကိုယ့်အပြစ်နှင့်ကိုယ်မို့. . ဆင်ခြေပေး အကြောင်းပြစရာမရှိ။

စောစောကလူရဲ့ မချိုမချဉ်ပြုံးတီတီမျက်နှာကိုသာ စိတ်ထဲမှာ အကြိမ်ကြိမ်ပြန်မြင်ရင်း လှုကနေမထိထိုင်မထိ ဖြစ်၍နေသည်။

ဒယ်ဒီရှေ့မှာ ဆက်နေလျှင်လည်း အပြစ်တင်ခံရဲ့သာ ရှိတော့တာမို့. . ပေါက်ပေါက်ဘူးတွေကို ထုတ်ကာ ဒယ်ဒီရှေ့ဆက်တီစားပွဲပေါ် တင်ပေးခဲ့လိုက်သည်။





ဒီလူဘယ်မှာနေသလဲ. . ယွန်း သိချင်လိုက်တာ. . ။

ဒါမှ ပေါက်ပေါက်ဘူးတစ်ဘူး အစားပြန်ပေးပြီး ကိုယ့်သိက္ခာကိုယ် ပြန်ဆည်နိုင်မည်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"ဟေ့ကောင်. . မင်း. . ဘာတွေရယ်နေတာလဲ"

လက်ထဲမှာ စာအုပ်လဲမရှိ. . ရှေ့မှာ TV လည်း ကြည့်မနေဘဲ တစ်ယောက်ထဲ အသံထွက်အောင်ရယ်နေသော မင်းထင်ရှားကို ကြည့်ပြီး စာရေးဖော်ဖြိုးပိုင်. . အိမ်ပေါ်တက်လာရင်းမေးလိုက်သည်။

ဖြိုးပိုင်အမေးကြောင့် ရယ်နေသော အရှိန်ပျက်ကာ မော့ကြည့်ပြီး. .

"ရယ်စရာကောင်းတဲ့ ကိစ္စလေးတစ်ခု ကြုံလာလို့ပါကွာ"

ဖြိုးပိုင်. . မင်းထင်ရှားဘေးတွင် ဝင်ထိုင်ကာ. . သိလိုစိတ် ပို၍ပြင်းသွားပြီး. . ။





"ဘာလဲ. . ဘယ်လိုရယ်စရာကောင်းတာနဲ့ သွားကြုံခဲ့လဲ ပြောစမ်းပါဦး. . ၊ ငါလည်းရယ်ချင်တယ်"

"ရယ်ချင်ရင်. . ဟာသကားကြည့်ပေါ့ကွာ. . ငါ့ရဲ့ရှားပါးတဲ့ ကုန်ကြမ်းလေး မင်းကိုပေးစရာလား"

မင်းထင်ရှားစကားကြောင့် ဖြိုးပိုင်. . မျက်ခုံးနှစ်ဖက်ရှုံ့သွားတာ. .

"အယ်. . သေနာကောင်. . အရေးထဲ ကပ်စေးနဲနေသေးတယ်. . ၊ မင်းရတဲ့ကုန်ကြမ်း မင်းပိုင်တာလေ ငါနဲ့ဘာဆိုင်လဲ မဟုတ်လွဲရော. . မင်းဒီနေ့ ဟိုဗိုက်ကြီးသည်ကလေးမွေးတဲ့ဆေးရုံ သွားပြန်ထင်တယ်"

ဉာဏ်မမှီစွာဖြင့် ထင်ရာစွတ်ပြောနေသော ဖြိုးပိုင်စကားကြောင့်. . မင်းထင်ရှား ခပ်ကြိတ်ကြိတ်ကျိန်ဆဲလိုက်သည်။

"မင်းရည်းစား လင်ကောင်မပေါ်ဘဲ ကလေးမွေးမှ ငါသွားမယ်. . မသာရဲ့"

"ဒါဆိုပြောလေ. . ငါ့ရည်းစားက မင်းနှမဆိုတာလည်း မမေ့နဲ့ဦး. . ဟီး. . ဟီး. . ဟီ. . "

ပြောရင်းဖြင့် မြားဦးကကိုယ့်ဘက်ပြန်လှည့်လာပြန်သည်။

"ကဲ. . အလကားပါးစပ်အရသာခံမနေနဲ့ မင်းဒီလောက်နားထောင်ချင်ရင် ပြောပြမယ်"

ရုပ်ရှင်ရုံမှာဖြစ်ပျက်ခဲ့သော ပေါက်ပေါက်ဆုပ်နှိုက်စားခံရသည့်ကိစ္စကို. . ဖြိုးပိုင်ကိုပြောပြလိုက်သည်။

"မင်းပြောပုံအရဆို. . ဒီကောင်မလေး တော်တော်အစားကြူးတာပဲကွ၊ ကိုယ်နဲ့မသိတဲ့ သူစိမ်းယောကျ်ားတစ်ယောက်ဆီက ပေါက်ပေါက်ဆုပ်ကို ခိုးစားတယ်ဆိုတော့ တော်တော်လေး ဆင်းရဲရှာလို့နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



တော်ရုံမိန်းကလေး မလုပ်ရဲသည့်ကိစ္စမို့ ဖြိုးပိုင်ပါ တော်တော်လေးအံ့သြသွားပုံရကာ. . ဝေဖန်ပေးသည်။

"အဲလိုလည်း မဟုတ်လောက်ဘူးကွ. . . ဝတ်စားထားတဲ့ စတိုင်လ်က. . အနုတ်စုတ်ဂုတ်စုတ်ပုံစံမျိုးတော့ မဟုတ်ဘူး၊ ဝတ်တာစားတာကအစ. . အလန်းဇယားပဲ. ."

"ဒါဆို. . ဘာလို့ ပေါက်ပေါက်ကို အရှက်မရှိ နှိုက်စားလဲ"

"အေး. . ငါလည်း အဲဒါကိုစဉ်းစားနေတာပဲ၊ ပြီးတော့ ငါ့ကိုရန်ထောင်ချင်တဲ့အကြည့်တွေနဲ့လည်း ကြည့်သေးတယ်၊ ဒါမှမဟုတ်ဂေါက်များဂေါက်နေသလား"

"အေး. . ဖြစ်နိုင်တယ်၊ အခန်းနည်းနည်းပျက်နေလို့ သူစားချင်တဲ့ ပေါက်ပေါက်ကို မအောင့်မအည်းနိုင်ပဲ မင်းဆီက နှိုက်စားတာဖြစ်မယ်"

"ငါ. . နှမြောလိုက်တာကွာ"

"မင်းကလည်းကွာ ပေါက်ပေါက်တစ်ဘူး ဘယ်လောက်ရှိလို့လဲ. .၊ နှမြောစရာမရှိ ကြံဖန်ပြီးနှမြောနေသေးတယ်၊ မင်းမကျွေးဘဲ အရှုံးကလာနှိုက်စားတယ်ဆိုတော့. . အရှုံးကိုအစာကျွေးတဲ့ ယတြာကို တကူးတက လုပ်စရာကို မလိုတော့ဘူးပေါ့"

"ဟာ. . ဘာတွေလာပြောနေတာလဲ၊ ငါက အဲဒီပေါက်ပေါက်ကို နှမြောစရာလား. . ငါနှမြောတာ မိန်းကလေးရဲ့အလှကိုနှမြောတာ"

"တော်. . တော်လှလို့လား. ."

"ရက်ရက်စက်စက် ပိုးစိုးပက်စက် ပယ်ပယ်နှယ်နှယ်ကို လှတာကွာ. .၊ ဥမ္မာဒန္တီလိုအလှမျိုးကွ. . ခုချိန်ထိ ငါ့မျက်စိထဲက မထွက်ဘူးကွာ"

"ဒါဆိုလည်း. . အရှုံးမလင် လုပ်လိုက်ပေါ့ကွာ"

"တကယ်စိတ်လှုပ်ရှားတယ်ဆိုရင်တော့. . ဒါဟာအချစ်ပဲ၊





ရင်ထဲကအချစ်သာတကယ်စစ်ရင်. . အရှုံးမလင်လုပ်ရလည်း လုပ်မယ်ဟေ့ကောင်. .၊ အဲဒီအရှုံးမလေးက လုံးဝကိုစမတ်ကျတဲ့ အရှုံးမ. . သူ့ကိုယ်လေးကမွှေးနေတာပဲ၊ နှုတ်ခမ်းလေးတွေဆိုရင် မီးရောင်မှိန်မှိန်အောက်မှာတောင် စိုလဲ့နေတယ်ကွ. .၊ အကြည့်တွေဆိုရင်လည်း မျက်လုံးထဲက လေဆာတွေထွက်နေတဲ့အတိုင်းပဲ၊ စူးရှပြီး ငါ့ကိုတော်တော်ရန်လိုနေတဲ့ပုံ. .၊ ဒါပေမဲ့ဒီမျက်လုံးတွေကို ငါဘာကြောင့် မေ့မရဖြစ်နေရတာလဲ. .၊ ငါ့အတွေးတွေကို သူနဲ့ပဲအချိန်ကုန်နေမိတယ်ကွာ"

ဖီလင်အပြည့်ဖြင့် ပြောနေသော မင်းထင်ရှားကိုကြည့်ပြီး ဖြိုးပိုင်. . ခေါင်းခါလိုက်သည်။

"သွားပြီ. . ပစ်လိုက်ရပြီ. . ဆေးမရှိတော့ဘူး"

"မင်းလိုကောင်မျိုးက အချစ်ကို ကားပွဲစား ကလဖန်ထိုးသလိုထိုးနေတဲ့ကောင်ဆိုတော့ ဘယ်ခံစားတတ်မလဲ"

"ဒါပေမဲ့. . မင်းညီမ ခင်အေးကြည်လေးကိုတော့ ငါအတည်ယူမှာပါကွာ"

"ငါ့ညီမက ဟောက်တယ်နော်"

"ဟောက်ပါစေ. . အိမ်ရှင်မ ဖြစ်လာရင် မိန်းမတိုင်း ဟောက်တက်တယ် ဟေ့ကောင်. .၊ အိမ်ရှင်ထီးတွေကို သူတို့ရဲ့လက်အောက်ငယ်သားတွေလို သဘောထားချင်ကြတာ သိပ်တော့မဆန်းပါဘူး"

"ငါပြောတာ. . အဲလိုဟောက်တာကို ပြောတာမဟုတ်ဘူး"

"ဒါဆိုဘာလဲ"

"အိပ်ရင်ဟောက်တာကိုပြောတာ. . တစ်ခါတစ်လေ အမေနဲ့သူနဲ့ အိမ်မှာညလာအိပ်တဲ့နေ့ဆို ဟောက်ချက်ကပြင်းတယ်ဟေ့ကောင်အခန်းထဲမှာနေပြီး စာရေးနေတဲ့ငါတောင် ဘယ်လိုမှ နားမခံနိုင်အောင်ဟောက်တာ. .၊ မနက်မိုးလင်းရင် ခြင်ထောင်တွေ. . ခေါင်းအုံးတွေစောင်တွေအားလုံး ခုတင်အောက်မှာ ရောက်နေပြီ၊ အဲလောက်ထိ



www.burmeseclassic.com

www.burmeseclassic.com



အအိပ်အနေ ညင်သာသိမ်မွေ့တာ’

ဖြိုးပိုင်မျက်နှာကြီး ပြုံးရာမှတဖြည်းဖြည်းမဲ့လာပြီး . .

“ရ. . ရပါတယ်ကွာ၊ မင်းတောင် . . အရှူးမကိုမိန်းမတော်ချင်သေးရင် ငါကလည်းအအိပ်ဆော့တဲ့ မင်းညီမကို မိန်းမတော်ရဲရမှာပေါ့၊ ဟီးဟီးဟီး. . ဟောက်တာကတော့ ငါလည်းအိပ်ရင်ဟောက်တတ်တော့ အဖော်ရတာပေါ့”

“ဟွန်း. . ယုံပါတယ်၊ မင်းက အလကားရရင် ရေတောင်အသေသောက်မယ့် ကောင်စားမျိုးဆိုတာ”

မတော်ရသေးသော ယောက်ဖလောင်းဖြိုးပိုင်ကို ခပ်တိတ်တိတ်ဆဲလိုက်သည်။

သူလုပ်တာနှင့် ကိုယ့်ရင်ခုန်သံတွေတောင် ဘယ်ပျောက်သွားမှန်းမသိတော့. . ။

ၑ ၑ ၑ ၑ





“ဟောက်. . ညှဲ့လိုက်တာကွာ. . ငါ့ရဲ့ဇာတ်လမ်းကို ခိုးချိတ်ထားပါလားဆိုတာတောင် မနည်းကြည့်ယူရတယ်”

ဇာတ်ကားအစမှအဆုံးထိ ထိုင်ကြည့်ပြီး ကိုယ်ဖန်တီးထားသည့် မူရင်းဇာတ်လမ်းတောင်ပျက်နေသည့် ဒီလိုဇာတ်ကားမျိုးကို. . ဒါငါဖန်တီးထားတဲ့ဇာတ်လမ်းပါလားဟုတောင် ပြောဖို့ အတော်လေးခက်နေသည်။

ရိုက်ကွင်းပေါ်မှ အခြေအနေကြောင့် ဇာတ်လမ်းဇာတ်ကွက်အချို့ပြင်ရသည်ဆိုတာကို မင်းထင်ရှားလက်ခံသည်။

သို့သော်. . ထိုဇာတ်မှာတကယ်သုံးရမည့် အဓိကဇာတ်ရုပ်တွေကို ဟိုဖြုတ်ဒီဖြုတ်လုပ်တော့. . ဇာတ်လမ်းတစ်ပုဒ်လုံးကို ချိတ်ထားသည့် ကွင်းဆက်တွေအားလုံးပျက်ကုန်ပြီး အမြဲယှဉ်ပြိုင်နေသည့် ဇာတ်ကောင်နှစ်ခုမှာ တစ်ခုကိုဖြုတ်လိုက်သည့်အတွက် ဇာတ်၏သဘောသည် (၁၀၈)လုံး မပြည့်တော့သော ပုတီးစေ့လို့ ချောင်ခိုကာ ကျစ်ကျစ်လစ်လစ်မရှိတော့။ ဟာသည် နေရာကဟာ. . လျှော့သည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကလျှော်နှင့် ဇာတ်လမ်း၏ရည်ရွယ်ချက်ပါ လုံးဝပျောက်သွားသည်။ ဇာတ်ညွှန်းရေးဆရာ ဒီလောက်ညံ့ဖျင်းရသလား။

"တောက်"

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီး ဆက်မကြည့်ချင်တော့၍ TV ကိုခပ်ဆောင့်ဆောင့်ပိတ်လိုက်သည်။

အခန်းထဲဝင်လာသော ညီမဖြစ်သူခင်အေးကြည် အလန့်တကြားဟန်ဖြင့် လှမ်းမေးသည်။

"ကိုကို TV ကြည့်ပြီး ဘာလို့ ဒေါသတွေထွက်နေရတာလဲ"

"ထွက်စရာ အကြောင်းရှိလို့ပေါ့ဟာ"

ဖြစ်ကြောင်းကုန်စင် အစမှအဆုံး ရှင်းပြလိုစိတ်မရှိ၍ တုံးတိတိပင် ဖြေလိုက်သည်။

ခင်အေးကြည် ပခုံးတစ်ချက်တွန့်ကာ. . .

"ထမင်းစားလို့ ရပြီနော်"

"အေး"

"အခန်းထဲကအဝတ်တွေကို ညီမလေးတစ်ခါထဲရှင်းပေးခဲ့မယ်နော်"

"သဘောပဲ"

တုံးတိတိဖြေလိုက်သော မင်းထင်ရှားကိုကြည့်ပြီး ခင်အေးကြည် ပြုံးမှဲ့မှဲ့လိုက်သည်။ ပြီးနောက် မကြားတကြားလေသံဖြင့်. . .

"ဟွန်. . လူပျိုကြီးများ စိတ်ကမျောက်စိတ်လိုပဲ၊ ခုတစ်မျိုးတော်ကြာတစ်မျိုးနဲ့ ပေါင်းရသင်းရခက်ပါ့"

ခင်အေးကြည် ပြောနေသည်ကို ကြားပေမယ့် ရန်ထောင်မနေတော့ အိမ်ထောင်မရှိသေးသည့် လူပျိုလူလွတ်မို့. . အမေက ညီမလုပ်သူကို တစ်ပတ်တစ်ခါ အိမ်သန့်ရှင်းရေးနှင့် လျှော်ဖွတ်မီးပူတိုက်ဖို့ လွှတ်ပေးတတ်သည်။ ထို့ကြောင့် သိပ်ပြီးမတင်းရဲ၊ စိတ်ကောက်ပြီး မလာ





တော့လျှင်. . ကိုယ့်အဝတ်ကိုယ်လျှော် ကိုယ်ဖွတ်ထားသည့်အမှိုက် ကိုယ်ပြန်သိမ်းနှင့်. . တစ်နေကုန်အိမ်အလုပ်နှင့် နပန်းလုံးနေရမည်။

အမှန်ပြောရလျှင် စာရေးသည့်အလုပ်ကလွဲလျှင် ပင်ပန်းသည့်အလုပ်ဆို. . ဗိုက်ဆာလျှင်တောင်မှ ကြက်ဥထပြုတ်စားသူ မဟုတ်. . အဲသည်လောက်ကို ပျင်းတာပါ. .။

"မေမေက ကိုကို့ကိုမိန်းမယူစေချင်နေပြီထင်တယ် ကိုကိုရ"

လျှာရှည်လွန်းသော ညီမစကားကို အသိအမှတ်ပြုသည့် အနေဖြင့် ငုံ့ကြည့်ပြီး. .

"ဘာဖြစ်လို့လဲ. . အမွေတွေခွဲပေးချင်နေလို့လား"

တမင်ပင်ရွဲ့မေးလိုက်ခြင်းဖြစ်သည်။

"သြော်. . ကိုကိုကလည်း. . အမေမှ မသေသေးတာ အမွေတမက်နေသေးတယ်"

"ဒါဆို. . ဘာလို့မေးလဲ"

"ကိုကို့ကို သူမသေခင် လူဖြစ်တာမြင်သွားချင်လို့တဲ့"

ထိုစကားကြောင့် မင်းထင်ရှား ဘဝင်မကျဖြစ်ကာ. . .

"ကြည့် အမေတို့ကလုပ်ပြီ၊ ငါက ခုလူမဟုတ်တာကျနေတာပဲဟာ"

"လူတော့လူလေ. . ဒါပေမဲ့ လူမဖြစ်သေးတဲ့လူပေါ့ ကိုကိုရဲ့၊ ကိုကိုက မိန်းမနဲ့ကလေးရပြီဆိုရင်တော့ ဒါကိုလူဖြစ်တယ်လို့ ပြောလို့ရတယ်"

"အောင်မာ. . စာရေးဆရာကို ဆရာကြီးလာလုပ်နေတယ် ဒီမှာ. . ဒါတွေအားလုံးက လူတွေပါးစပ်ကလျှောက်ပြီး သတ်မှတ်ထားတာ အဲလိုပြောကြေးဆို. . အိမ်ထောင်မကျဘဲသေသွားတဲ့ အပျိုကြီးလူပျိုကြီးတွေကို လူလို့မခေါ်ဘဲ. . ဘယ်လိုခေါ်မလဲ"

"အဆန်မအောင်တဲ့ မျိုးစေ့လို့ခေါ်လို့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . နင်ကငါ့ကို အဆန်မအောင်တဲ့သစ်စေ့လို့ ဖြေ
ဖန်လိုက်တာပေါ့လေ. . ၊ ဒီမှာ. . ငါကအချိန်မကျသေးလို့. . ငါ့ဘဝ
ကို အဆန်မအောင်တဲ့လူ မဖြစ်စေရဘူး. . မှတ်ထား"

"ဒါဆို. . ကိုကိုမှာ. . ရှိနေပြီပေါ့"

စောစောကဒေါသတွေ တဖြည်းဖြည်း ပျယ်စပြုလာပြီမို့ လေ
သံပျော့ပျော့ဖြင့်. . .

"ဒါပေါ့. . အဲဒီမိုးကလေးနဲ့ ဖူးစာမဆုံရမချင်း. . ငါလူလောက
ကြီးထဲက ဘယ်တော့မှထွက်မသွားဘူး"

အမြတ်မ်းကျောက်တုံးတစ်တုံးလို မလှုပ်ဘဲ. . အချစ်ကန်းနေ
သူ အစ်ကိုဖြစ်သူထံမှ ထိုစကားကြားလိုက်ရ၍ ခင်အေးကြည် အား
တက်သွားသည်။ ဒီအစ်ကို မိန်းမမြန်မြန်ယူမှ သူလည်းဖြိုးပိုင်နှင့် ယူလို့
ရမည်ဖြစ်သည်။

မိခင်က. . အစ်ကိုလက်မထပ်သေးဘဲ နှမအရင်လက်ထပ်မှာ
ကို ခွင့်ပြုမည်မဟုတ်သဖြင့် ခင်အေးကြည်စိတ်ထဲမှာ အစ်ကိုဖြစ်သူကို
မိန်းမမြန်မြန် ယူစေချင်နေတာကြာပြီဖြစ်သည်။

"ဒါဆို. . အစ်ကို မိန်းမယူဖို့အစီအစဉ်တော့ ရှိတယ်ပေါ့"

"ဟ. . ရင်ဘတ်ထဲမှာ အချစ်ကိုခံစားတတ်တဲ့နှလုံးသား ပါ
လာမှတော့ ငါလည်း တစ်ချိန်ချိန်တော့ အချစ်နဲ့ထိတွေ့ခွင့်ရဦးမှာပေါ့
ဟ. . ငါ့နှလုံးသားကို ဒီအတိုင်း မှိုအတက်ခံမထားနိုင်ပါဘူး"

"ဒါဆို ညီမနဲ့မိတ်ဆက်ပေး တို့အစ်ကိုဘယ်လောက်တော်
ကြောင်း တော်ကီတွေပွားပေးမယ်. . တစ်ပတ်အတွင်း ကိုကို့ကို ချစ်
သွားစေရမယ်"

ခင်အေးကြည်တက်ကြွနေသလောက် မင်းထင်ရှားက မြုံစိစိ
လုပ်နေပြီး. . .

"နေပါဟာ. . နင့်ကို မိတ်ဆက်ပေးဖို့နေနေသာသာ ငါတောင်





သူဘယ်မှာနေမှန်းမသိဘူး. . ၊ အမှောင်ထဲမှာပဲ အနီးကပ် အတူတူ
နေခဲ့ဖူးတဲ့ အငွေ့အသက်လေးပဲရှိတာ"

"ဟော့တော်. . အ. . အမှောင်ထဲမှာ. . ဟုတ်လား၊ ဘုရား
ဘုရား. . ကိုကိုတို့က အမှောင်ထဲတောင်ရောက်ပြီးနေပြီပေါ့ ဒါနဲ့များ
သူများသားသမီးကို ယူစရာရှိယူလိုက်ပါတော့ ကိုကိုရယ်၊ မတော် ဖုံးဖိ
လို့မရတော့မှ တစ်ဖက်သားသိက္ခာကျနေပါ့မယ်၊ ကိုယ့်မှာလည်း ညီမ
ရှိတယ်နော်. . ၊ ကိုကို. . ညီမလေးဝဋ်အလည်မခံနိုင်ဘူး"

တလွဲတွေးနေသော ခင်အေးကြည် စကားကြောင့် မင်းထင်
ရှားမျက်လုံးပြူးကာ. .

"ဟာ. . ဟေ့. . ဟေ့. . နင်နော်. . တလွဲလျှောက်မတွေးနဲ့
ငါပြောတဲ့အမှောင်ဆိုတာ ရိုးရိုးသားသားအမှောင်. . အဲ. . ရုပ်ရှင်ရုံ
ထဲမှာ မထင်မှတ်ဘဲတွေ့ကြတာကိုပြောတာ"

တလွဲတွေးနေပြီမို့ ကပျာကယာဖြေရှင်းရသည်။ ကိုယ်က
ဘာမှမရှိပေမယ့် တစ်ဖက်မိန်းကလေးအတွက်တော့ နစ်နာနိုင်သည်။

"သြော်. . အဲဒီအမှောင်ကိုပြောတာလား၊ ဟွန်း. . ဒါလည်း
ကိုကိုသာ အသုံးချတတ်မယ်ဆို ပွဲသိမ်းလိုက်လို့ရပါတယ် ကိုကိုရာ"

"ဟာ. . ဟဲ့. . မိန်းကလေးဖြစ်ပြီး အစ်ကိုကို ဘာတွေလာ
လျှောက်ပြောနေတာလဲ. . တော်. . တိတ်"

မဟန့်လျှင်. . သူထင်တာလျှောက်ပြောတော့မည်မို့ ဟန့်လိုက်
ပေမယ့်. . ကိုယ်ကိုယ်တိုင်လဲ ညီမလေးပြောသလို ဖြစ်ချင်ပါသည်။

ရှက်ရမ်းရမ်းအဟောက်ခံလိုက်ရသဖြင့် ခင်အေးကြည်
တက်ကလေးပုကာ. . . လျှာတစ်လစ်လုပ်ပြီး လျှော်တောင်းကိုမကာ
အခန်းထဲမှ လစ်ခနဲထွက်သွားသည်။

ခင်အေးကြည်ထွက်သွားတော့မှ မင်းထင်ရှား တစ်ယောက်
ခိုးကြိတ်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်ကိုယ်က ထိုမိန်းကလေးနှင့် ပို၍တောင် နီးစပ်ချင်သေးသည်။ တွေ့ကတည်းက မျက်လုံးထဲမှာဖျောက်မရအောင် စွဲနေသော ဥမ္မာဒန္တီလေးကို ပိုင်ဆိုင်ရမယ်ဆိုလျှင် ခုချက်ချင်းတောင် ငှက်ပျောပွဲရွက်ပြီး . . အမေ့ကိုတောင်းခိုင်းပါ၏။

ခုတော့ ရင်ထဲကပြင်းပြသော ရင်ခုန်သံတို့အသက်သွင်းဖို့ စိတ်စွမ်းအားတွေကို စကြာဝဠာဆီသို့ ပို့လွှတ်ပြီး မိန်းကလေးနှင့် ပြန်တွေ့ဖို့ ဆန္ဒတောင်းခံရတော့မှာပင်။

ကိုယ်သိပ်တွေ့ချင်နေသောသူနှင့် ပြန်ဆုံရအောင် စကြာဝဠာကြီး ဖန်ဆင်းပေးလိမ့်မည်ဟု မင်းထင်ရှား ရဲရဲဝံ့ဝံ့ပင် ယုံကြည်လိုက်ပါသည်။

စကြာဝဠာကြီး၏ အရှင်သခင်ဟာ ကိုယ်ဆိုလျှင် စကြာဝဠာကြီးသည် အရာရာကို ဖန်ဆင်းပေးနိုင်သည့် မီးခွက်စောင့်ဘီလူးကြီးတစ်ကောင်ပေါ့. . ။ သို့ဆိုလျှင် . . ကိုယ်ဟာ . . အာလာဒင်ပဲ ဖြစ်တော့မပေါ့။

မိန်းကလေးရေ . . မင်းနဲ့ကိုယ် တစ်ကွေ့ကွေ့ပြန်ဆုံကြလိမ့်မယ်လို့ ကိုယ့်စိတ်ကယုံကြည်နေတယ် . . ။

အဲဒီအချိန်ကျရင် ကိုယ်မင်းကို ပြောစရာရှိတယ် . . .

ချစ်တယ်လို့ . . ။









# အခန်း(၇)

“ဒယ်ဒီ . . ဒီနေ့ အစောကြီးနိုးနေပါလား”

ဘုရားခန်းထဲမှထွက်လာသော ဒယ်ဒီကို ယွန်းတအံ့တဩ မေးလိုက်သည်။

“ဒီနေ့ . . သမီးမာမီနဲ့ဒယ်ဒီရဲ့ အိမ်ထောင်သက်တမ်း သုံးဆယ့်ငါးနှစ်ပြည့်တဲ့နေ့လေ”

ညိုးလျော်သွားသော . . ဒယ်ဒီမျက်နှာပေါ်မှ အရိပ်ကြောင့် ယွန်း သက်ပြင်းမောတစ်ချက် ချလိုက်သည်။ ယွန်းပင်မမြင်ဖူးလိုက်သောမာမီကို ဒယ်ဒီခုထိမမေ့သေးဘူးပဲ . . ။

“ယွန်းတောင် မေ့နေတယ် ဒယ်ဒီရယ် . . ဒယ်ဒီဘာလုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လည်း. . ဟိုနှစ်ကလိုပဲ. . မာမီကို လိုက်ရှာချင်သေးလား"

ဖခင်၏ခံစားချက်နှင့် အရိပ်အကဲကို နားလည်ပြီး ဖြည့်ဆည်းပေးဖို့ ယွန်းမေးလိုက်ခြင်းပါ။

"ဟိုနှစ်က လိုက်ရှာတယ်ဆိုတာ ဒယ်ဒီကျန်းမာရေးက ဒေါင်ဒေါင်မြည်တယ်လေ. . ဒီနှစ်တော့ စိတ်သွားတိုင်းကိုယ်မပါနိုင်တော့ပါဘူး သမီးရယ်"

ကျန်းမာရေးသိပ်မကောင်း၍ အနုပညာအလုပ်တွေကို မလုပ်နိုင်တော့သော ဒယ်ဒီကိုကြည့်ပြီး. . ယွန်းစိတ်ထဲမှာ မကောင်းဖြစ်မိသည်။ ကိုယ့်အပေါ် သစ္စာဖောက်ပြီး. . နောက်အိမ်ထောင်ထူဖို့ ထွက်သွားသောမာမီကို မမုန်းနိုင်သော ဒယ်ဒီရဲ့မေတ္တာတရားကို ယွန်းမလေးစားဘဲ မနေနိုင်။

မာမီက စိမ်းသွားရက်ပေမယ့် ဒယ်ဒီကမစိမ်းနိုင်ခဲ့။ ကိုယ့်သမီးနှင့်ခင်ပွန်းကို ပစ်ပြီး တစ်ပါးသူရင်ခွင်ထဲ ကူးပြောင်းခိုဝင်သွားရက်သောမာမီကို . . ယွန်းဘယ်တုန်းကမှ မတောင်းတခဲ့ဖူးပါ။ သတိရမည့်အစား. . မိခင်စိတ်မရှိသူရယ်ဟု အပြစ်တင်ကာ စိတ်ထဲမှာ နာကျင်မိသေးသည်။ ယုတ်ဆွအဆုံး မာမီ့ဓါတ်ပုံအယ်လ်ဘမ်ကိုပင် မကြည့်မိအောင်နေသည်။

ဒယ်ဒီကတော့ ထိုသို့မဟုတ် မာမီလုပ်ရပ်ကိုအပြစ်တစ်ခုဟု မမြင်ခဲ့. . ။ အခါအခွင့်သင့်တိုင်း. . မာမီ့ကိုနယ်တကာလှည့်ပြီး ရှာဖွေခဲ့သည်။ ယွန်းသာဒီအရွယ်ရောက်လာသည် မာမီ့ကိုရှာမတွေ့ခဲ့။

"ဒယ်ဒီကိုရော. . သမီးကိုပါ. . သံယောဇဉ်မရှိလို့ ပစ်သွားခဲ့ပြီပဲ ဒယ်ဒီရယ်၊ အရာအားလုံးကို အတိတ်မှာပဲထားလိုက်ပါတော့. . ခုဒယ်ဒီလုပ်ရမှာက ဒယ်ဒီကျန်းမာရေး မြန်မြန်ပြန်ကောင်းလာပြီး ရုပ်ရှင်ကားကြီးတစ်ကားလောက် ပြန်ရိုက်နိုင်အောင် ကြိုးစားရမယ် ဒယ်ဒီအကယ်ဒမီလေးဆုရခဲ့တဲ့ ဒါရိုက်တာဦးအောင်ကိုဇင်ကို နောက်





ထပ် အကယ်ဒမီဆုလေးတစ်ဆုတော့ ထပ်ပြီး ယူစေချင်သေးတယ် ဒယ်ဒီရဲ့. . "

သမီးဖြစ်သူ၏ အနုပညာနှင့်ပတ်သက်သော လောဘစိတ်ကလေးကို သဘောကျစွာဖြင့် ပြုံးလိုက်သည်။ ဖခင်ခြေရာနင်းသောသမီးမို့ အရာရာကိုစိတ်တိုင်းကျခဲ့ပါသည်။ ထို့ကြောင့်လည်း ကိုယ်တတ်ထားသည့်ပညာတွေကို သမီးဆီအကုန်ဖြန့်ဝေသင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ခုချိန်မှာ. . သမီးအတွက် ရည်ရွယ်ထားတာတစ်ခုပဲ ရှိသည်။ ထိုရည်ရွယ်ချက်သည် ယွန်းကိုအိမ်ထောင်ချပေးဖို့ဖြစ်သည်။

"ဒယ်ဒီက စိတ်ရှိပေမယ့် ခန္ဓာကိုယ်က အရိုးတောင်သယ်ဖို့ အနိုင်နိုင်ဖြစ်နေပြီပဲသမီးရယ်. . ၊ ဒယ်ဒီကို ထပ်ရစေချင်တဲ့ အကယ်ဒမီဆုကို. . သမီးပဲရအောင်ယူဖို့ကြိုးစားပါသမီး. . သမီးကို အကယ်ဒမီတွေအများကြီး ပိုင်ဆိုင်ထားတဲ့. . ဒါရိုက်တာကောင်းတစ်ယောက်ဖြစ်စေချင်တယ်"

ဒယ်ဒီမျှော်လင့်ချက်တွေအားလုံး ယွန်းအပေါ် တာဝန်လွှဲခဲ့ပြီမို့. . ယွန်းအဖို့ ယခင်ကထက်ပို၍ တာဝန်ကျေအောင်ကြိုးစားဖို့ အသင့်ပင်ဖြစ်သည်။

"ယွန်း. . ဒယ်ဒီ့ခြေရာနင်းတဲ့သမီးဖြစ်အောင် ကြိုးစားမှာပါ ဒယ်ဒီရယ်၊ ကဲပါ. . ဒယ်ဒီစောစောနိုးပြီဆိုတော့. . ဒီနေ့နံနက် ခင်းစာကို ဒယ်ဒီစိတ်ကြိုက် ကြက်သားပလာတာလေး စီစဉ်ခိုင်းလိုက်မယ်နော် ဒယ်ဒီ"

အလိုက်သိလိမ္မာလွန်းသော ယွန်းကို ဒယ်ဒီကြည်လင်သောအပြုံးဖြင့်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"အင်း. . ကောင်းသားပဲ. . သမီးရေ၊ ဒီနေ့ ရှုတင်မသွားခင် ဒယ်ဒီနဲ့ မနက်စာအတူစားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . ဂွတ်အိုင်ဒီယာပဲဒယ်ဒီ၊ ယွန်းစီစဉ်ခိုင်းလိုက်မယ်နော်"

"အိုခေ . . သမီး"

ဒီနေ့နံနက်ခင်းလေးသည် သားအဖနှစ်ယောက်အတွက် စိတ်တွေကြည်လင်လန်းဆန်းနေစေသည်။

ၡ ၡ ၡ ၡ





"အာမေ . . အမေ့သားတော့ ရောဂါတက်လာပြီ သိလား"

ခင်အေးကြည်၏ ထူးဆန်းသောစကားကြောင့် ဒေါ်နှင်းဆီ စူးစမ်းသောအကြည့်ဖြင့် သမီးဖြစ်သူကို လှမ်းကြည့်ပြီး . . .

"ဘာရောဂါလဲ"

"အချစ်ရောဂါလေ"

ဒေါ်နှင်းဆီ မျက်လုံးဝမ်းသာရိပ်လွှမ်းသွားသည်။

"ဟေ . . ဟုတ်လား . . သူ . . ရည်စားရနေပြီပေါ့ ဟုတ်လား"

"အဲလိုလည်း မဟုတ်သေးဘူး . . ၊ သူကတစ်ဖက်သတ်ကြိုက်နေတဲ့ပုံပဲ အမေရေ၊ ရုပ်ရှင်ရုံမှာတွေ့ခဲ့တယ်ဆိုလားပဲ"

ဒေါ်နှင်းဆီ မှဲ့သွားသည်။

"ရုပ်ရှင်ရုံမှာ တွေ့ကြတာဆိုတော့ . . ကောင်မလေးက ဆတ်ကော့လတ်ကော့လေးများလားအေ"

အဲဒါတော့ သမီးလဲမသိဘူးအမေရဲ့ အမေ့သားကြီးကတော့ တော်တော်ကြွေနေပုံပဲ၊ ဘာတဲ့ . . သူရဲ့စွဲလမ်းတဲ့စိတ်ကို စကြာဝဠာ



www.burmeseclassic.com

www.burmeseclassic.com



ဆီအသိပေးရမယ်တဲ့၊ ဒါမှ . . ကောင်မလေးနဲ့ပြန်ဆုံဖို့အတွက် စကြာဝဠာကြီးက စီစဉ်ပေးလိမ့်မယ်တဲ့. . တစ်နေ့တစ်နေ့ အဲဒီစိတ်တွေကြီးစိုးနေလို့ စာတောင်ကောင်းကောင်းရေးမယ့်ပုံ မပေါ်ဘူးအမေရေ"

ဒေါ်နှင်းဆီ သက်ပြင်းရှိုက်လိုက်ပြီး. . .

"အေးလေ. . ငါ့သားလေး ဒီအရွယ်ထိ ချစ်သူမရှာ ဘာမရှာနဲ့ မိဘကိုလုပ်ကျွေးနေတဲ့သားလိမ္မာလေး. . သူ့ဆန္ဒတွေ ပြည့်မှာပါကွယ်. . သူလိုချင်တာတွေကို စကြာဝဠာကြီးက ပေးမှာပါ"

"အမေပါ အမေ့သားလို စကြာဝဠာကြီးဆီသတင်းပို့ပါလား"

ပြုံးဖြီးဖြီးဖြင့် ပြောလိုက်သောအပြောကြောင့် ဒေါ်နှင်းဆီ မျက်လုံးအပြူးသားဖြင့်. . .

"ကျုပ်က ဘာသတင်းပို့ရမလဲ"

"အမေ့သားက သူလိုချင်တာ. . သူဖြစ်ချင်တာကို အမြဲမပြတ်တောင့်တနေတဲ့အတွက် သူ့ဆန္ဒတွေကများသောအားဖြင့် ပြည့်တာများတယ်မဟုတ်လား၊ သူ့အိမ်မှာဆိုရင်လေ စာရေးဆရာနှင့် စိတ်ဓါတ်မြှင့်တင်ရေးအကျိုးဆောင်ဆိုပြီး ဆိုင်းဘုတ်ချိတ်ထားတုန်းကဆို အဲဒီရပ်ကွက်ထဲကလူတွေက အမေ့သားကိုပဲ အားကိုးကြတာ၊ သူပေးတဲ့အကြံအတိုင်း လိုက်လုပ်ကြတော့. . သူတို့ဖြစ်ချင် တဲ့ဆန္ဒတွေဖြစ်ကြလို့. . သူ့ကို ဆရာတစ်ဆူလိုကိုးကွယ်တဲ့သူတွေတောင် ရှိကြတယ်"









# အခန်း(၈)

"ဟာ. . ဒီအရှူးမအခန်းမှာ ထည့်သုံးထားတာ ဘယ်သူလဲ မယွန်း၊ လုံးဝကို သရုပ်ဆောင်ပီပြင်တယ်"

တည်းဖြတ်ဆရာ AZ ၏ စကားကြောင့် ယွန်းပြုံးလိုက်သည်။ အရူးမကြီး သရုပ်ဆောင်ကောင်းတာ ယွန်းလည်း သတိထားမိပြီး တော်တော်လေး အံ့သြမိသည်။

စိတ်ကူးပေါက်ပြီး အသုံးချခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း ဘယ်တော့မှ နောင်ကမရမိ။

"အဲဒါ တကယ့်အရူးပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ဘယ်လို တကယ့်အရှူး ဟုတ်လား၊ အဟတ်. . မယွန်းကလည်း လာနောက်နေသေးတယ်၊ တကယ့်အရှူးဆိုရင် Dialogue ကို မှန်အောင် ပြောနိုင်ပါ့မလား"

AZ မယုံချင်၍ ထောက်ပြသည်။

"ဟုတ်တယ်၊ AZ ရဲ့ အဲဒီနေ့ကကွာ တို့ရိုက်ကွင်းထဲ ဖွတ်အတင်းဝင်လာပြီး မင်းသားကို အတင်းဖက်နမ်းနဲ့၊ အရှူးမကြီး မင်းသမီးမလုပ်ခိုင်းရင် မင်းသားကို ဖက်ထားတာ မလွှတ်ဘူးဆိုပြီး ဖွတ်ပေကပ်နေလို့ မယွန်းလည်း ကြံရာမရတဲ့အဆုံး သူ့ကို သရုပ်ဆောင်ခိုင်းလိုက်တာ ကွက်တိပဲ ကိုယ့်ဆရာရေ၊ မင်းသမီးတွေကို ရှူးခိုင်းရင်တောင် အိုက်တင်မကောင်းလို့ အကြိမ်ကြိမ် ပြန်ရိုက်နေရဦးမယ်၊ သူက ထပ်ခါထပ်ခါ ပြန်ရိုက်စရာတောင် မလိုဘူး"

ရှုတင်မန်နေဂျာ ဦးချိုကပါ ဝင်၍ထောက်ခံနေသဖြင့် AZ မယုံ၍မရတော့။

"မယွန်း ရေလည်ချုပ်တတ်တယ်ဗျာ၊ အရှူးမကိုတောင် ဂွင်တည့်အောင် ဖန်တီးနိုင်တယ်. . တော်ပါပေတယ်၊ ဒီကားသာ ရုပ်ရှင်ကားဆိုရင် အကယ်ဒမီရလောက်တဲ့ အိုက်တင်မျိုးဗျ၊ ရေလည်မိုက်တယ်"

မလိုသော အခန်းတွေကို Reject လုပ်နေသော AZ တော်တော်လေးကို ချီးမွမ်းခန်း ဖွင့်နေသည်။

"ဒါကလည်း သူ့ဆီမှာ အနုပညာစိတ်နဲ့ ဗီဇက ရှိရင်းစွဲဖြစ်နေလို့ပါ AZ ရယ်၊ မယွန်းတော့ သူ့ကိုတွေ့ပြီး သူလိုအပ်တာတွေ လုပ်ပေးချင်တယ်"

အရှူးမဆိုပြီး သရုပ်ဆောင်ကြေးမပေးဘဲ အလကားသုံးခွင့်ရှိပေမယ့် ယွန်း ထိုသို့အမြတ်မထုတ်ချင်ပါ။

"ဒါဆို သူ့ကို အဲဒီနားတစ်ဝိုက်မှာ ရှာကြည့်ရမှာပေါ့"





"ရှာပြီးပြီ AZ ရဲ့ လုံးဝမတွေ့တော့ဘူး"

"အင်းလေ. . အရှူးဆိုတော့လည်း လမ်းပေါ်မှာ ခြေဦးတည့်ရာကို လျှောက်သွားနေမှာပေါ့"

"အင်းလေ. . တစ်နေ့နေ့တော့ တွေ့မှာပေါ့လေ၊ တွေ့ရင်သာ သူရသင့်ရထိုက်တဲ့ အကျိုးအမြတ်ကို လုပ်ပေးရတော့မှာပဲ"

"မယွန်း စိတ်ဓါတ်ကိုတော့ ယုံပါတယ်"

ခပ်ပြုံးပြုံးပြောလာသော AZ ၏ လေးစားမှုတွေသည် ယွန်းအပေါ်မှာ ဘယ်လိုအချက်ကြောင့်မှ လျော့ပါးသွားခြင်း မရှိသေး။

ခုချိန်မှာ ယွန်း အတွေ့ချင်ဆုံး လူနှစ်ယောက် ရှိပါသည်။ ထိုလူနှစ်ယောက်မှာ ရုပ်ရှင်ရုံထဲ၌ ယွန်း အပြုအမူကို ငြိမ်ကြည့်နေသည့် ပေါက်ပေါက်ပိုင်ရှင်နှင့် အရှူးမကြီး ဖြစ်သည်။

တစ်ချိန်ချိန်မှာ တွေ့လိမ့်မည်ဟုလည်း ယွန်းစိတ်က လုံးဝယုံကြည်နေသည်။ ထို့ကြောင့် လမ်းသွားတိုင်း တွေ့လိုတွေ့ငြား အမြဲရှာမိသည်။

တွေ့လျှင် သူတို့နှစ်ဦးကို အကြွေးဆပ်ရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ညက ဒယ်ဒီ အိပ်မက်မက်တယ် သမီး"

"ဒယ်ဒီက ဘာအိပ်မက်မက်လို့လဲ"

"သမီးမာမီ ဒယ်ဒီ့အိမ်ကို ပြန်လာတယ်တဲ့၊ သူ့မှာ သမီးထက်ငယ်တဲ့ သမီးမိန်းကလေးတစ်ယောက်လဲ ပါတယ်"

လေးလေးနက်နက်ပြောလာသော ဒယ်ဒီ့စကားကြောင့် ယွန်းသက်မချပ်ဖျော့ဖျော့ချပြီး အစွဲအလမ်းကြီးလွန်းသော ဒယ်ဒီ့ကို ဂရုဏာသက်စွာ ကြည့်လိုက်သည်။

"ဒယ်ဒီရယ်၊ ဘာလို့ ကိုယ့်ကိုယ်ကို စိတ်ဒုက္ခ ပေးနေရတာလဲ၊ ဒယ်ဒီနဲ့ မာမီရို့စ်***တို့က ရေစက်ကုန်နေပြီပဲ ဒယ်ဒီရဲ့၊ ဘာကို မျှော်လင့်နေသေးတာလဲ၊ ယွန်းကတော့ မာမီ့ကို စိတ်လဲနာတယ်. . တွေ့လည်း မတွေ့ချင်ဘူး၊ ယွန်းဘဝထဲမှာ မာမီမရှိတဲ့အတွက်လည်း ထူးပြီးဝမ်းနည်းမနေတော့ဘူး၊ နေသားကျနေပါပြီ"

မိခင်ကို စိတ်နာလွန်းနေသော သမီးဖြစ်သူကိုကြည့်ပြီး ဦးအောင်ကိုဇင် ရင်ထဲပို၍ လေးလံသွားသည်။ တကယ်ဆို သမီးလေးမုန်းသင့်တာ သူ့အမေကိုမဟုတ်၊ ကိုယ့်ကို ဖြစ်သည်။





ထိုအကြောင်းတွေကို သမီးသိအောင် ပြောမပြခဲ့ပဲ လူတော်ကြီးတစ်ယောက်လို ဟန်ဆောင်နေရသော ကိုယ့်ကိုယ်ကိုလည်း စိတ်မသန့်တော့ပါ။

"သမီး မာမီ့ကို အပြစ်မတင်ပါနဲ့ သမီးရယ်၊ တကယ်ဆို ဒီအပြစ်တွေကို သမီးမာမီ ကျူးလွန်သွားမိအောင် ဖန်တီးခဲ့တာ ဒယ်ဒီပါ"

"ရှင်. ."

ထူးဆန်းသော ဒယ်ဒီ့စကားကြောင့် အံ့သြသွားသည်။

"ဒယ်ဒီက ဖန်တီးခဲ့တာ ဟုတ်လား"

ဦးအောင်ကိုဇင် အပြစ်ရှိသူတစ်ယောက်လို ခေါင်းငုံ့လိုက်သည်။

"ဟုတ်တယ် သမီး၊ တကယ်ဆို ဒယ်ဒီကသာ သမီးအမေအပေါ် အပြစ်ကျူးလွန်ခဲ့တာပါ၊ ဒယ်ဒီ စိတ်ယုတ်မာမွေးခဲ့တာပါ"

ကိုယ့်အပြစ်ကိုယ် ဝန်ခံနေသော ဒယ်ဒီ့စကားလုံးတွေ နောက်ကွယ်က အမှန်တရားတစ်ခုကို ဒယ်ဒီဘာကြောင့် ဖုံးကွယ်ခဲ့တာပါလိမ့်၊ ထိုအမှန်တရားကဘာလဲ. . . ယွန်းသိချင်သည်။

"သမီးမာမီ ဒယ်ဒီ့အပေါ် သစ္စာမဖောက်ခဲ့ပါဘူး၊ တကယ်တမ်း အိမ်ထောင်ရေးဖောက်ပြန်ခဲ့တာ ဒယ်ဒီပါ၊ ဒါပေမယ့် အများအမြင်မှာရော သမီးမာမီရဲ့ အမြင်မှာပါ ဒယ်ဒီကို အိမ်ထောင်ရေး ဖောက်ပြန်တဲ့လူလို့ မမြင်ရအောင် ဒယ်ဒီ့အပြစ်ထက် သမီးမာမီအပြစ်ကြောင့် အိမ်ထောင်ရေး ကွာရှင်းကြတယ်ဆိုတဲ့ အမြင်မျိုး သက်ရောက်အောင် ဒယ်ဒီလေ သူငယ်ချင်းတစ်ယောက်နဲ့ သမီးမာမီ နီးစပ်သွားအောင် အမျိုးမျိုး ဖန်တီးခဲ့တယ်၊ ယုတ်စွအဆုံး အဲဒီသူငယ်ချင်းကို ငွေပုံအောပေးပြီး သမီးမာမီနဲ့ မမှားမှားအောင် ဗီလိန်လုပ်ခိုင်းခဲ့တယ်"

ပြောရင်းဖြင့် ဦးအောင်ကိုဇင် ဝမ်းနည်းလာကာ အသံတို့တိမ်ဝင်သွားသည်။ နားထောင်နေရသော ယွန်းရင်ထဲမှာလည်း မာမီကို သနားသောစိတ်တွေ တရိပ်ရိပ် တက်လာသည်။ မျက်လုံးအိမ်မှာ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်တို့ ဝေ့လာသည်။

"ရက်စက်လိုက်တာ ဒယ်ဒီရယ်၊ ဒီအမှန်တရားတွေကို ယွန်းမသိတဲ့အတွက် မာမီ့ကို မုန်းနေမိတယ်"

"အဲဒါတွေ အားလုံးဟာ ဒယ်ဒီ့အမှားပါ၊ ဒယ်ဒီ့သူငယ်ချင်းကို ကားတင်ခိုးပြေးခိုင်းမိတဲ့ ဒယ်ဒီ့အပြစ်တွေဟာ အင်မတန် များလွန်းနေပါပြီ"

ဦးအောင်ကိုဇင် နောင်တရ၍မဆုံးတော့ ယခုနောက်ပိုင်း သတင်းကြားမိသည်က ရှို့ကို ကားတင်ပြေးသွားသော သူငယ်ချင်းဖြစ်သူမှာ ရှို့စ်နှင့်လက်ထပ်ပြီး တစ်နှစ်ခန့်အကြာမှာ အက်စီးဒင့်တစ်ခုဖြစ်ပြီး သေသွားသည်ဟု ကြားလိုက်ရသည်။

ထိုအချိန်ကတည်းက ဇနီးကို လိုက်ရှာနေသည်မှာ ခုချိန်ထိဖြစ်သည်။ သူ မသေခင်မှာ ပျောက်ဆုံးသွားသော ထိုဇနီးကို တွေ့သွားချင်သည်။ တွေ့သွားလျှင်. . အပြစ်တွေ ဝန်ချတောင်းပန်သွားချင်သည်။

"ဒါဆို ယွန်းလည်း မာမီ့ကို ရှာရမယ်၊ ယွန်းလေ မာမီ့အပေါ်မှာ အထင်တွေ လွဲခဲ့မိတယ်၊ မာမီ့ကို ပြန်တွေ့ခွင့်ရမယ်ဆိုရင် မာမီ့ကို သမီးလိမ္မာအဖြစ် တစ်သက်လုံးစောင့်ရှောက်မယ်"


မိခင်အပေါ် အထင်လွဲနေခဲ့သော သမီးဖြစ်သူ အမြင်မှန်ရသွားသည်မို့ ဦးအောင်ကိုဇင် အထုံးတစ်ထုံးကို ဖြေရှင်းနိုင်ခဲ့သည်။

ကိုယ့်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ဖို့အတွက် ဇနီးသည်ရှို့စ်ကို နေ့စဉ်နှင့်အမျှ တောင့်တနေသူ ဦးအောင်ကိုဇင်မှာ ရှို့စ် လောကကြီးထဲမှာ ရှိသေးသည်ဟု အပြည့်အဝ ယုံကြည်သူလည်းဖြစ်ပြီး. . ။

ပြန်ဆုံတွေ့ဖို့ကိုလဲ ဆန္ဒပြင်းပြနေသူလည်း ဖြစ်ပါသည်။







# အခန်း(၉)

"သွား မင်းကောင်မလေးကို ရှာလို့တွေ့ပြီလား"

အမေ ဘာကိုရည်ရွယ်ပြီး မေးသည်ဆိုတာကို မင်းထင်ရှား သိသည်မို့ ခေါင်းကို ခပ်ဖြည်းဖြည်း ခါပြလိုက်ပြီး. . .

"ခုတော့ မတွေ့သေးဘူးအမေ၊ ဒါပေမယ့် ကျွန်တော် သူ့ကို သိပ်မကြာခင်မှာ တွေ့ရတော့မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် သူ့ကို အချိန်တိုင်းအချိန်တိုင်း တမ်းတနေမိလို့ပါ"

လိုချင်တာကို အမြဲတမ်း တောင့်တတိုင်း တစ်နည်းမဟုတ် တစ်နည်း ပြည့်ဝသွားတတ်သော မင်းထင်ရှား၏ စိတ်စွမ်းအားကို ဒေါ်နှင်းဆီ မသိဘဲမနေ။ ကိုယ့်ဝမ်းနှင့် လွယ်မမွေးခဲ့ရပေမယ့် ကိုယ့်သား



www.burmeseclassic.com

www.burmeseclassic.com



အရင်းကဲ့သို့ ငယ်စဉ်ကတည်းက ပြုစုစောင့်ရှောက်လာခဲ့သည်မို့ သားအမိ သံယောဇဉ်လို ခိုင်မြဲနေကြပြီး အရာရာကို ယုံကြည်မှုနှင့် ရှေ့ဆက်လျှောက်လှမ်းသည့် သားဖြစ်သူ၏ စိတ်စွမ်းအားကို ဘယ်သူယုံချင်မယုံချင်နေ၊ ဒေါ်နှင်းဆီ ယုံပါသည်။

ကိုယ့်ဘဝမှာတော့ ထိုသို့သော ယုံကြည်မှု စိတ်စွမ်းအားတွေ မမွေးဖွားခဲ့မိ၍ ဘဝကို ကိုယ့်စိတ်တိုင်းကျ ပုံဖော်ခွင့် မရခဲ့၊ အများရဲ့ ချယ်လှယ်စိုးမိုးမှုအောက်မှာပဲ ကြုံသလို စီးမျောခဲ့ရသည်။ နောက်ဆုံး ဒီအိမ်ထောင်ဆက်နှင့် မုဆိုးမဘဝ ရောက်ခဲ့တာပဲ ရှိသည်။ ဘဝမှာ ကျေနပ်ရောင့်ရဲစေလောက်သည့် ပျော်ရွှင်မှုမျိုးကို ရေရေရာရာ မပိုင်ဆိုင်ခဲ့ရ။

လူတိုင်းလူတိုင်းမှာ မမြင်နိုင်သည့် စိတ်စွမ်းအားတွေ ရှိသည်တဲ့၊ ထိုလျှို့ဝှက်ချက်ကို သိသည့်သူတိုင်း သူတို့ဘဝကိုသူတို့ လှလှပပ ပုံဖော်ဖို့ ကြိုးစားကြသည်။

ကြိုးစားကြတိုင်းလည်း အောင်မြင်ကြသည်။ တကယ်တမ်း မအောင်မြင်ကြသည်က ဒေါ်နှင်းဆီတို့လို ဘယ်စိတ်စွမ်းအားနှင့်မှ ယုံကြည်မှုကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ခြင်းမရှိခဲ့သည့် ခပ်တုံးတုံးလူစားမျိုးတွေသာ ဖြစ်သည်။

"အမေ. ."

အတွေးတွေ မည်မျှကြာရှည်သွားသည်မသိ မင်းထင်ရှားခေါ်သံကိုပင် မကြားတော့။

"အမေ. ."

"ဩော်. . အေး. . သား"

"ဘာတွေတွေးနေတာလဲ"

"ဒီလိုပါပဲသားရယ်၊ အတိတ်အကြောင်းတွေကိုပေါ့"

"အဖေ့ကို မုန်းတဲ့အကြောင်းမှ ဟုတ်ရဲ့လား အမေ"





မင်းထင်ရှား အမေးကြောင့် ဒေါ်နှင်းဆီ မျက်နှာမဲ့လိုက်ပြီး. .

"မုန်းတော့ရော သူက အမေ့အမုန်းကို ခံယူခွင့် ရှိတော့တာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် အမေ့အပေါ် အမှားတွေအများကြီး လုပ်ခဲ့ပြီး တာဝန်တွေ တစ်သီကြီးပေးသွားတဲ့ အဖေ့ရဲ့သား ကျွန်တော့်ကို ခုလို စာရေးဆရာ တစ်ယောက်ဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ပေးခဲ့တဲ့ အမေ့ကို ကျေးဇူးတင်ပါတယ်"

မိထွေးဆိုပေမယ့် သားအရင်းလို ချစ်ခဲ့သော အမေ့ကို မင်းထင်ရှား စိတ်ထဲမှာလဲ မိထွေးရယ်လို့ အတွေး တစိုးတစိလေးတောင် မဝင်ခဲ့ပါ၊ ငယ်စဉ်ကတည်းက မေတ္တာဝတ်ခဲ့ရသော မင်းထင်ရှားအဖို့ အမေဒေါ်နှင်းဆီထံမှရရှိသော မေတ္တာသည် အလွန်အေးမြပါသည်။

နောင်ဘဝအထိ အမေတော်ခွင့်ရမည်ဆိုလျှင် တော်ချင်ပါသေးသည်။ ငွေကြေးဆင်းရဲပေမယ့် မေတ္တာတရား ချမ်းသာကြသော အမေနှင့် သားကြားမှ သံယောဇဉ် အတိမ်အနက်သည် အင်အားကြီးမားတာတော့ သေချာပါသည်။

"ဩော်. . အမေ ရော့. . ဒါ ဒီလအတွက် အိမ်စားရိတ်"

မနေ့ကပင် စာမူသွားအပ်ပြီး ရလာသည့် စာမူခကို အမေ့အား တစ်ပြားမှ မချွင်းမချန် ပေးလိုက်သည်။

"အမေ မလိုသေးပါဘူး သားရယ်"

"ဟာ. . မလိုဘူးဆိုတာ ရှိမလား အမေရယ်၊ ကျွန်တော်က ဖြစ်နိုင်ရင် အမေ့ကို ဒီထက်မက ပေးချင်တာပါ"

အမေ့လက်ထဲကို တစ်ထောင်တန်နှစ်အုပ် ထည့်ပေးလိုက်သည်။

"အမေ့မှာ ငွေရှိသေးတယ် သား၊ သားသုံးဖို့ ယူထားပါဦးသား"

"ရတယ် ကျွန်တော် တစ်ကိုယ်ရေ တစ်ကာယသမား၊ ငွေသိပ်



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး၊ အမေတို့သားအမိသာ လုံလုံလောက်လောက်သုံး၊ အမေ့သမီးရဲ့ ကျောင်းစားရိတ်ကလည်း ရှိသေးတယ် မဟုတ်လား”

“ရှေ့တစ်လဆိုရင်တော့ နောက်ဆုံးစာမေးပွဲ ဖြေရပါပြီ သားရယ်၊ သူလည်း အစ်ကိုလုပ်သူကို အားနာနေတာကွဲ့၊ နောက်ပြီးတော့ အမေ သားကိုပြောချင်တယ်”

“ဘာပြောမလို့လဲ အမေ”

“ဟိုလေ မိသားစု စည်းစည်းလုံးလုံး ဖြစ်သွားအောင် အိမ်မှာပဲ လာပြန်နေပါလားကွယ်၊ ဒီမှာ အိမ်ငှားနေတော့ စားရိတ်ထောင်းတာပေါ့ကွယ်”

သားအမိတွေ ဆုံကြတိုင်း အိမ်မှာပြန်နေဖို့ အမြဲပြောသော မိခင်ဖြစ်သူကို လှမ်းကြည့်လိုက်သည်။

“နေချင်ပါတယ် အမေရယ်၊ ဒါပေမယ့် အဲဒီပတ်ဝန်းကျင်က ဆူညံတော့ ကျွန်တော် စာရေးလို့ အဆင်မပြေဘူး အမေရဲ့၊ ဒါကြောင့် ဒီမှာ သီးသန့်နေရတာပါ အမေရယ်၊ ကျွန်တော်လည်း မိသားစုတွေ အတူတူနေရအောင် ကြိုးစားပါ့မယ်၊ ကျွန်တော် အဆင်ပြေရင် ဆိတ်ငြိမ်တဲ့ ရပ်ကွက်လေးတစ်ခုမှာ အိမ်လေးတစ်လုံး ဝယ်ပေးပါ့မယ်၊ ဒါဆို ကျွန်တော်ပါ အမေတို့နဲ့အတူတူ နေလို့ရပါပြီ”

“အမေတို့ကြောင့် သားလေးလည်း ပင်ပန်းလှပါပြီကွယ်”

“လူရယ်လို့ ဖြစ်လာရင် တာဝန်ဆိုတာ ရှိရမှာပေါ့ အမေရယ်၊ တာဝန်ရှိမှ တာဝန်သိမှာ၊ တာဝန်သိမှ လူပီသတော့မှာပေါ့၊ ခုချိန်မှာ ငွေကြေးကြောင့် ရုန်းကန်ကြရပေမယ့် ကျွန်တော့်ရဲ့ ချမ်းသာချင်တဲ့စိတ် အောင်မြင်ကျော်ကြားချင်တဲ့ စိတ်တွေက ကျွန်တော့်စိတ်သဏ္ဍာန်မှာ အင်အားကြီးနေတဲ့အတွက် အဲဒီအရာတွေအားလုံး ကျွန်တော့်ဆီကို ရောက်လာကြလိမ့်မယ်အမေ၊ အချိန်ခဏလေးပဲ စောင့်ရမှာပါ၊ စကြာဝဠာကြီးက သားဆီကို အရာအားလုံး ပို့ပေးမှာပါ”





စိတ်ဓါတ်ခိုင်မာလွန်းသော သားဖြစ်သူကိုကြည့်ပြီး ဒေါ်နှင်းဆီ ပီတိဖြင့်ပြုံးလိုက်သည်။ ဒီဘဝမှာ လူလာဖြစ်ရတာ ကျေနပ်သလိုလိုတောင် ခံစားသွားမိသည်။

“သားလို စိတ်ခွန်အားကြီးမားပြီး စကြာဝဠာကြီးဆီကို အမြဲသတင်းပို့နေတဲ့ လူငယ်တစ်ယောက်ရဲ့ဆန္ဒတွေကို စကြာဝဠာကြီးကလည်း အသိအမှတ်ပြုပေးမှာပါကွယ်၊ အမေ့ရင်ထဲကဆန္ဒတွေကိုလည်း စကြာဝဠာကြီးသိအောင် စိတ်ခွန်အားလှိုင်းတွေ ပို့လွှတ်ပြီး တောင်းခံမှာပါ”

“ဟာ. . ကောင်းတယ်အမေ၊ လူတွေဆီမှာ အင်မတန် လျှို့ဝှက်နက်နဲတဲ့ စိတ်စွမ်းအားတွေ ရှိတယ်ဆိုတာကို အမေ ယုံသွားပြီ မဟုတ်လား”

“ဒါပေါ့. . သားရဲ့”

ဒေါ်နှင်းဆီ၏ မျက်နှာပေါ်မှာ ယုံကြည်မှုစွမ်းအားတွေ တရိပ်ရိပ် တက်လာသည်။ ထိုဆန္ဒတွေ ယုံကြည်မှုတွေထဲမှာ သား သိပ်တွေ့ချင်နေသည့် မိန်းကလေးပါ ပြန်တွေ့ရပါစေ. . .။

မင်းထင်ရှား ကျေကျေနပ်နပ်ကြီး ပြုံးကာ စကြာဝဠာကြီးဆီ အာရုံပြုလိုက်သည်။

စကြာဝဠာကြီး ကြားပါရဲ့လား၊ ကြားလျှင် အကြောင်းပြန်ပါ။

၌ ၌ ၌ ၌



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . ဒါရိုက်တာ ယွန်းပန်းဖြူနဲ့ တွေ့ခဲ့လား"

စာရေးဆရာ ဒီရဲနေ အမေးကြောင့် လက်ထဲမှ လက်ဖက်ရည်ခွက်ကို စားပွဲပေါ် ခပ်ဆောင့်ဆောင့်ချလိုက်ပြီး မျက်ခုံးနှစ်ဖက်ကို တွန့်ရှုံ့ကာ . . .

"မတွေ့ခဲ့ပါဘူးကွာ၊ သူ့ မန်နေဂျာနဲ့ပဲ တွေ့ခဲ့တယ်"

"ဒါဆို . . မင်း ရန်တွေ့ဖို့သွားတာ ရန်မတွေ့ခဲ့ရဘူးပေါ့"

"ရန်တွေ့ဖို့ချည်းပဲလဲ မဟုတ်ပါဘူးကွာ၊ ငါ့ဇာတ်လမ်းကို ဝယ်တုန်းကဝယ်ပြီး သူတို့ပြန်ရိုက်တော့ ဇာတ်လမ်းဇာတ်ကွက်တွေက ခိုင်ခန့်မှု မရှိတော့ဘူး၊ ဇာတ်အိမ်တွေလည်း အကုန်ပြောင်းကုန်တယ်၊ ဘာကြောင့် ပြောင်းတာလည်းဆိုတာကို မေးချင်ယုံ သက်သက်ပါ၊ သူ့မန်နေဂျာကတော့ အကြောင်းပြချက် လှလှလေးတွေ ပေးတာပေါ့ကွာ၊ ညနေကျမှ အိမ်မှာသွားတွေ့ရမယ်"

"ကဲပါကွာ . . စိတ်လျှော့လိုက်ပါ၊ ဇာတ်ညွှန်းရေးဆရာက သူတို့ရိုက်ဖို့ အခက်အခဲရှိလို့ အခြေအနေအရ ပြင်တယ်လို့ပဲ သဘော





ထားလိုက်ပါကွာ"

ဒီရဲနေ၏ ဖျောင်းဖျစကားကြောင့် ရှေ့ဆက်ဖို့ စကားလုံးလည်း မရှာချင်တော့။

"ဒါနဲ့ ခုထွက်မယ့် 'ပျော်တော်ဆက်'ဇာတ်ကိုလည်း အဲဒီရုပ်ရှင်ကုမ္ပဏီကပဲ ဝယ်ဖို့ ချိတ်ထားတယ်ဆို"

"အင်း . . ဟုတ်တယ်၊ အဲဒီကိစ္စကြောင့် ဒါရိုက်တာယွန်းကို သွားတွေ့မှာ"

"အဲဒီ ဒါရိုက်တာ ယွန်းပန်းဖြူဆိုတာ လှလား"

ဒီရဲနေ အမေးကြောင့် မင်းထင်ရှား မဲ့လိုက်သည်။

"မလှဘူးပေါ့"

"ဟာ . . ငါလည်း ဘယ်သိမလဲကွ၊ မြင်မှမမြင်ဖူးတာကို"

"မင်းဆီ ဇာတ်လမ်းလာဝယ်ရင် သူလာဝယ်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ထုတ်လုပ်သူက လာဝယ်တာ"

"သြော် . ."

"ဘာပဲဖြစ်ဖြစ် မင်းဇာတ်လမ်းတွေကို ဗီဒီရိုရော ရုပ်ရှင်ကားကြီးတွေပါ ရိုက်လာရပြီဆိုတော့ မင်းအတွက် ရှေ့ဆက်ဖို့အလားအလာရှိလာတာပေါ့ကွာ"

အားတက်သရောပြောနေသော ဒီရဲနေစကားကြောင့် မင်းထင်ရှား သက်ပြင်းရှည်ကြီးချကာ ခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်သည်။

"မထင်နဲ့ ဟေ့ကောင်၊ စာပေလောကကြီးကလည်း တပ်ပျက်နေသလို ရုပ်ရှင်လောကကလည်း တဖြည်းဖြည်း ဆုတ်ယုတ်နိမ့်ကျလာနေပြီပဲ၊ မင်း တခြားမကြည့်နဲ့၊ ငါတို့ မိဘတွေခေတ်ကဆို ရုပ်ရှင်ရုံပေါင်း လေးငါးရာလောက်ရှိတယ်၊ အခုခေတ်မှာ ရုပ်ရှင်ရုံအရေအ



www.burmeseclassic.com

www.burmeseclassic.com



တွက် သုံးဆယ်တောင် မရှိတော့ဘူး၊ တချို့ရုပ်ရှင်ရုံတွေဆို ဂိုဒေါင်တွေ ဖြစ်ကုန်ပြီ၊ စားသောက်ဆိုင်တွေ ဖြစ်ကုန်ပြီ၊ ခရိုနီတွေ ကြီးစိုးနေတဲ့ ခေတ်မှာ ရုပ်ရှင်လောကကြီး တဖြည်းဖြည်း အဆင့်အတန်း နိမ့်ကျလာတယ်၊ ဒါဟာ ပေါ်လစီပဲ၊ ခရိုနီတွေဆီမှာ လုပ်ပိုင်ခွင့်တွေ ရှိသလောက် ရုပ်ရှင်နဲ့စာပေမှာ လုပ်ပိုင်ခွင့်တွေ မရှိဘူး၊ ခရိုနီတွေမှာ အခွန်တွေကင်းလွတ်ကြသလောက် တို့နိုင်ငံက ရုပ်ရှင်တွေမှာ ဆင်ဆာတွေက ရှိနေတုန်းပဲ၊ စာပေမှာလည်း စီစစ်ရေးမရှိတော့ပေမယ့် လွတ်လပ်စွာ ရေးသားပိုင်ခွင့်ဆိုတာ သေသေချာချာ မရသေးတာ မင်းလည်းအသိပဲ"

"မင်းပြောတာလည်း ဟုတ်နေပေမယ့် ဒါကို ထိုင်ပြီး ပြောနေရုံနဲ့တော့ ဘာမှဖြစ်လာမှာ မဟုတ်တာကွာ၊ ဒီတော့ ကိုယ့်စာပဲ ကိုယ် အေးအေးဆေးဆေး ရေးစမ်းပါ"

"ဟင်. ."

ဒီရဲနေ စကားကို ပြန်မချေပအား၊ အကြည့်တွေက လက်ဖက်ရည်ဆိုင် အပြင်ဘက်ကို ရောက်သွားပြီး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ယွန်းပန်းဖြူ လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားသည်ကို မြင်လိုက်ခြင်းဖြစ်သည်။

"ဟေ့ကောင် ကိုရှား ဘာဖြစ်တာလဲ၊ ဘယ်သူ့ကို တွေ့လို့လဲ"

ဒီရဲနေ အခန့်တကြားမေးသည်။

"ငါ သိပ်တွေ့ချင်နေတဲ့ မိန်းကလေး"

"ဟင်. . ပေါက်ပေါက်ခိုးစားတဲ့ ကောင်မလေးလား"

"အေး. . ဟုတ်မယ်ထင်တယ်၊ ရုပ်ကတော့ တော်တော်တူတယ်ကွ"

"ဒါဆိုရင် လိုက်လေ၊ ခုလွဲသွားရင် နောက်ပြန်တွေ့ဖို့ မလွယ်လောက်ဘူး"

မင်းထင်ရှား၏ ခြေလှမ်းတွေ ဆိုင်အပြင်မရောက်ခင်မှာပင်





ယွန်းပန်းဖြူ အနီရောင် ကားလေးပေါ်ကိုတက်ကာ မောင်းထွက်သွားသည်။

ရင်ထဲမှာ မောဟိုက်သလိုလိုဖြစ်ပြီး ကျန်ခဲ့လိုက်သည်။ အတွေးထဲမှာ အမြဲမျှော်လင့်တောင့်တနေသော မိန်းကလေးကို တွေ့ခွင့်ရလိုက်ပေမယ့် နှုတ်ဆက်ခွင့်လေးတောင် မရလိုက်။

ဝကြာဝဥာကြီးက ဆန္ဒတွေကို ဖြည့်ဆည်းပေးလိုက်ပေမယ့် အသုံးချခွင့်မရလိုက်။

အချိန်မကျသေးတာလား၊ ကိုယ်ကပဲ ညံ့တာလား။

ကြီးမားသော အခွင့်အရေးကြီးတစ်ခု ဆုံးရှုံးလိုက်ရသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"ဒီနေ့ ရှုတင်ကပြန်လာတာ စောလှချည်လားသမီး"

"မင်းသား ထူးမြတ်က ဖျားနေလို့ ရှုတင်နားလိုက်ရတယ်ဒယ်ဒီ။ အဲဒါနဲ့ အချိန်စောနေလို့ ယွန်းတို့ဇာတ်ကားထဲမှာ ခေါ်သုံးတဲ့ အရှုးမကြီးကို တွေ့လိုတွေ့ငြား သွားကြည့်တာ"

လက်ထဲမှ ကားသော့နှင့် လက်ကိုင်အိတ်ကို ဆက်တီစားပွဲပေါ်တင်ပြီး ဆိုဖာခုံမှာ ခြေပစ်လက်ပစ်ထိုင်ကာ ဒယ်ဒီကို ရှင်းပြလိုက်သည်။

အမှန်ဆို ယွန်းရှာနေတာ အရူးမကြီးတစ်ယောက်ထဲကိုမဟုတ်၊ ယွန်းအမေရယ်၊ အရူးမကြီးရယ်၊ နောက်ပြီး. . ပေါက်ပေါက်ဖိုးစားသည်ဟု ယွန်းစွပ်စွဲခဲ့သည့် လူရယ်ဖြစ်သည်။





ထိုသုံးဦးသည် ယွန်းအတွက် အလွန်တွေ့ချင်နေသော လူဖြစ်သည်။

"ဘယ်လို. . အရူးမကြီးကို ခေါ်သုံးတယ် ဟုတ်လား"

"ဟုတ်တယ် ဒယ်ဒီရဲ့၊ ခု အဲဒီကားကို တည်းဖြတ်လို့တောင်ပြီးပြီ"

"ဟေ. . ဟုတ်လား၊ ငါ့သမီးက ဖအေ့ခြေရာကို တစ်ထပ်တည်း နင်းပါလားကွ၊ ဟေ. . ဟား. . ဟား. . ဟား. . ဟား အဲဒီခွေထွက်ရင်တော့ သမီးရဲ့ အနုပညာအရည်အသွေး ဘယ်လောက်မြောင်မြောက်သလဲဆိုတာ ဒယ်ဒီကြည့်ရသေးတာပေါ့"

ရှုတင်မန်နေဂျာ ဦးချို အနားရောက်လာသည်။

"ယွန်း စာရေးဆရာ မင်းထင်ရှား ရောက်နေတယ်"

"ဘာကိစ္စလဲ"

လူက စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရသည့်ကြားထဲ စကားကပြောရဦးမည်။

"ပျော်တော်ဆက် ဇာတ်အတွက် ညှိနှိုင်းစရာလေးရှိလို့တဲ့"

"ဩော်. . ခေါ်လိုက်လေ၊ ဘာများ ညှိနှိုင်းစရာတွေ ရှိနေလို့လဲ"

"ဇာတ်မပြင်ဖို့လို့တော့ ပြောတယ်"

"ကဲ. . သမီးရယ်၊ ဖိုးချိုကို မေးနေမယ့်အစား ဧည့်သည်ကိုခေါ်လိုက်ပါ၊ ခြံအပြင်မှာ စောင့်နေရတာ အားနာဖို့ကောင်းပါတယ်၊ ကဲ. . သွားခေါ်ခဲ့ပါ"

"ဟုတ်. . ဟုတ်ကဲ့"

ဦးအောင်ကိုဇင် စိတ်လောစွာ ဝင်ပြောလိုက်သည်မို့ ဦးချိုဧည့်ခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွားသည်။

သိပ်မကြာလိုက် ဧည့်ခန်းထဲ ပြန်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ထိုင်ပါ ဆရာ"

ဦးအောင်ကိုဇင် ဦးချိုနောက်မှ ပါလာသော မင်းထင်ရှားကို ဖော်ရွေစွာ ကြိုဆိုညွှန်ခဲ၏။ ယွန်းကတော့ ဧည့်ခန်းအဝကို ကျောပေးထိုင်နေသည်မို့ မင်းထင်ရှားကို မမြင်သေး။

မင်းထင်ရှား ယွန်းနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဟင်. ."

နှလုံးသားထဲမှာရော အမြင်အာရုံထဲမှာပါ ဘယ်တော့မှ မေ့ဖျောက်လို့မရသည့် မိန်းကလေးမို့ မင်းထင်ရှား အိန္ဒြေမဆည် နိုင်သလိုဖြစ်သွားသည်။

ယွန်းသည်လည်း မျက်ဝန်းအဝိုင်းသားလေးဖြင့် ကြောင်ငေးငေးကြည့်ကာ. . နောက်ဆုံး မှတ်မိသွားပုံဖြင့်. .

"ရှင်. . ရှင်"

"ကျွန်တော့်နာမည် မင်းထင်ရှားပါ"

"အို. . အဲဒီနာမည်ထက် အရေးကြီးတာက ရှင်နဲ့ ရုပ်ရှင်ရုံမှာ တွေ့ခဲ့တာလေ၊ ကျွန်မကို မှတ်မိလား၊ အဲဒီနေ့က ရှင်မဟုတ်လား"

"ဟုတ်ပါတယ်"

"အမလေး. . ခုမှပဲ ကျွန်မရင်ထဲက အလုံးကြီး ကျသွားတော့တယ်ရှင်၊ ကျွန်မ ရှင့်ကိုလိုက်ရှာနေတာ"

"ဗျာ. . ဘာဖြစ်လို့လဲ"

"ရှင့်ရဲ့ ပေါက်ပေါက်ကို ကျွန်မရဲ့ ပေါက်ပေါက်ဘူးထင်ပြီး နှိုက်စားခဲ့တာ ကျွန်မလေ"

မင်းထင်ရှား ခုမှပင် ဇာတ်ရှည်လည်တော့သည်။ ကိုယ်ကတော့ စိတ်မနှံ့သူဟုပင် ယိုးစွပ်ခဲ့သေးသည်။

"ဟုတ်တယ်ဆရာရေ၊ သမီးရယ်လေ အဲဒီနေ့က ဆရာ့ဆီက





ပေါက်ပေါက်ဖူးကို သူဝယ်လာတဲ့ ပေါက်ပေါက်ဘူးထင်ပြီး နှိုက်စားခဲ့တဲ့အပြင် ဆရာ့ကိုလည်း ပေါက်ပေါက်သူခိုးဆိုပြီး စွပ်စွဲခဲ့လို့ သူ့ခမျာ ဒီနေ့အထိ ရှက်လွန်းလို့ဆိုပြီး ဝန်ထုပ်ဝန်ပိုး ထမ်းထားသလိုဖြစ်နေတာ၊ နောက်ပြီး အထင်လွဲပြီး ထင်မိထင်ရာထင်ပြီး ရန်ကလည်း လုပ်ခဲ့သေးတာဆိုတော့ သမီးခမျာမှာ စိတ်မကောင်းလဲ တော်တော်ဖြစ်နေရှာတာ"

"ဟုတ်တယ်၊ ခုတော့ ကျွန်မတွေ့ချင်နေတဲ့ရှင့်ကို ပြန်တွေ့ရပြီ ဒီတော့ တင်နေတဲ့အကြွေး ဆပ်ရမယ်"

မင်းထင်ရှား စိတ်ထဲမှာလည်း. . .

ငါ သိပ်တွေ့ချင်နေတဲ့မင်းကို ခု ပြန်တွေ့ရပြီ၊ ဒီတော့ ငါ့ရင်ထဲက အချစ်တွေကို သိပ်မကြာခင်မှာ ဖွင့်ချပြဖို့အတွက် တို့တွေရင်းနှီးဖို့ အစွမ်းကုန် ကြိုးစားရဦးမှာပေါ့ဟု စိတ်ထဲက ပြောလိုက်ပြီး တစ်ဆက်တည်းမှာ စကြာဝဠာကို အာရုံပြုပြီး. .

စကြာဝဠာကြီးရေ. . ကျေးဇူးပါ။

ကူညီလက်စနဲ့ ချစ်သူတွေဖြစ်အောင် ကူညီပေးပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ရင်ပြင် ဂိတ်ပေါက်ထဲသို့ ယွန်း၏ကားကို ချိုးကွေ့ဝင်လိုက်သည်နှင့် မင်းထင်ရှား ပျော်သလိုလို ကျေနပ်နေသလိုလိုနှင့် ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။

မိန်းကလေးကစပြီး ပန်းခြံထဲ ကားဖြင့်ခေါ်လာသည်ဆိုတော့ မဟုတ်မှလွဲရော ချစ်ရေးဆိုတော့မည် ထင်ပါရဲ့။

ကိုယ်လိုရာဆွဲပြီး တွေးမိသွားသဖြင့် စိတ်ထဲရယ်ချင်သွားကာ ကြိတ်ပြုံးလိုက်သေးသည်။ ထို့ကြောင့် မအောင့်အီးနိုင်တော့၍. . .

"ဒီ. . ဒီထဲကို ဘာဖြစ်လို့ ခေါ်လာတာလဲဟင်"

မျှော်လင့်ချက်တွေပါသောအမေးမို့ ငုံလင့်တောင့်တသော အသံက သိမ်မွေ့တိုးသက်နေသည်ဟု ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။ ဒီနေ့ ဒီလိုအခြေအနေမျိုးကို အိပ်မက်တောင်မမက်ဖူးခဲ့။

"ရှင့်ကို အကြွေးဆပ်စရာရှိလို့"

"ဗျာ. ."

"မဗျာနဲ့၊ ကျွန်မ အဲဒီအကြွေး ပြန်ဆပ်ပြီးမှ ညညတွေမှာ





ကောင်းကောင်းအိပ်ပျော်မှာ"

ဒါရိုက်တာယွန်း ဘာကိုပြောချင်သည် ဆိုတာကို မင်းထင်ရှား နားမလည်ပါ။ ထပ်မေးပြန်လျှင်လည်း ယောကျ်ားတန်မဲ့ စပ်စုသည် အမေးအမြန်းထူသည်ဟု အပြောခံရဦးမည်။ ထို့ကြောင့် သိချင်စိတ်ကို မျိုချကာ သူပြုသမျှသာ နေလိုက်တော့မည်ဟု စိတ်ကို ဒုံးဒုံးချကာ ငြိမ်နေလိုက်တော့သည်။

ကားကို ပြည်သူ့ရင်ပြင်ထဲရှိ Mr Bager ရှေ့မှာ ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

"သြော်. . ကော်ဖီဆိုင် ထိုင်မလို့လား"

"ဟင့်အင်း ထိုင်ပါဘူး"

အမေးနှင့်အတူ ကားတံခါး ဖွင့်ဆင်းဖို့ ဟန်ပြင်နေသော တက်ကြွသည့် လှုပ်ရှားမှုကို ရှိုးတိုးရှန့်တန့် ဖြစ်သွားသည်။

"သြော်. . ဒါဆို ဟိုစုံတွဲတွေ ထိုင်သလို သွားထိုင်မလို့လား"

စိတ်ထဲ ဖြစ်ချင်သည့်ဆန္ဒအတိုင်း မေးလိုက်သည်မို့ ယွန်းပန်းဖြူ မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။

"အို ထိုင်စရာလားလို့"

"သိဘူးလေ"

ယွန်း ကားပေါ်မှဆင်းရင်း

"ရှင် ကားထဲမှာ ခဏထိုင်နေဦး၊ ယွန်း ခုပဲ ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့. ."

ကားထဲမှာပင် ကလေးတစ်ယောက်လို ငြိမ်ငြိမ်ကုတ်ကုတ်လေး ထိုင်ကျန်ခဲ့လိုက်သည်။ ညနေခင်း နေခြည်နုနုအောက်မှာ တစ်ယောက်လက်တစ်ယောက်တွဲပြီး လမ်းလျှောက်နေကြသော အတွဲတွေကို အားကျစိတ်ဖြင့် ငေးမောလိုက်သည်။

ယွန်း ပြန်ရောက်လာပြီး ကားတံခါး ဖွင့်ဝင်ထိုင်ကာ သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကိုင်လာသော ထောပတ်ပေါက်ပေါက်ဘူးကို လှမ်းပေးသည်။

"ရော့. ."

"ဗျာ. . ဘာလုပ်ဖို့လဲ၊ စား. . စားဖို့လား"

"အကြွေးပြန်ဆပ်တာလေ၊ စားချင်လည်း စားလို့ရတာပဲ၊ ရှင့်ကို အလျော်ပြန်ပေးတာဆိုတော့ ရှင့်သဘောပေါ့"

"ဘာဖြစ်လို့ အကြွေးပြန်ဆပ်တာလဲ"

"ရုပ်ရှင်ရုံထဲမှာ ကျွန်မက ရှင့်ပေါက်ပေါက်တွေကို မှားပြီး ယူစားထားတာလေ၊ ဒါကြောင့် အလျော်ပြန်ပေးတာပေါ့"

စိမ်းကားလိုက်တာဟု စိတ်ထဲကတွေးပြီး ပေါက်ပေါက်ဘူးကို မျှော်လင့်ချက်မဲ့စွာ ကြည့်လိုက်သည်။

"မလိုချင်ပါဘူး မယွန်းပန်းဖြူ၊ ကျွန်တော့်ရင်ထဲမှာ ဒါကို အကြွေးတစ်ခုလို သဘောထားတာမှ မဟုတ်တာ၊ နောက်ပြီး ကျွန်တော်က အဲလောက်လဲ မိန်းမဆန်ပါဘူး၊ အဲဒီတုန်းကတည်းကတောင် ကြည်ကြည်ဖြူဖြူနဲ့ ကျွေးခဲ့တာပဲ"

"ရှင့်စိတ်ကို ကျွန်မ နားလည်ပါတယ် ကိုမင်းထင်ရှား၊ ဒါပေမယ့် ကျွန်မက ဟိုးငယ်ငယ်ကတည်းက သူများပစ္စည်းဆိုရင် ဘယ်တုန်းကမှ အလကား မယူတတ်လို့ပါ၊ ယူခဲ့မိမယ်ဆိုရင်လည်း ကျွန်မဘက်က တစ်ခုခု ပြန်ပေးဆပ်လိုက်ရမှ စိတ်ထဲမှာ နေသာတဲ့လူပါ"

"ဒါဆိုရင် ဒီပေါက်ပေါက်ဘူးထဲက ပေါက်ပေါက်တွေကို ကျွန်တော်တစ်ယောက်ထဲ စားခွင့်မရှိဘူး"

ယွန်း မျက်ဝန်းလေး ဝိုင်းစက်သွားကာ. . .

"ဟင်. . ဘာဖြစ်လို့လဲ"

"အဲဒီနေ့က ကျွန်တော့်ဘူးထဲက ပေါက်ပေါက်တွေကို ယွန်းတစ်ယောက်ထဲ အကုန်စားတာမှ မဟုတ်တာ၊ ကျွန်တော်ရော စားတာဆိုတော့ အခု ဒီပေါက်ပေါက်တွေကိုလည်း ကျွန်တော်တို့ အတူတူ





ကုန်အောင်စားကြမယ်လေ၊ ဒါဆို ပိုပြီး တရားမျှတလိမ့်မယ်ထင်တယ်"

"ကျွန်မ မစားချင်ဘူး"

ယွန်း ငြင်းသည်။

"အဲလိုမှ နှစ်ယောက်အတူစားဖို့ သဘောမတူရင် ကျွန်တော်လည်း ဒီအကြွေးကို လက်မခံနိုင်ပါဘူး"

"ရှင် ဒါ တမင်ညစ်တာပဲ"

"ညစ်တာမဟုတ်ဘူး၊ ရသင့်ရထိုက်တာထက် ပိုမလိုချင်တာ ကျွန်တော့်ရဲ့ ဗီဇစိတ်ပဲ၊ ဒီပေါက်ပေါက်နေရာမှာ ရတနာသေတ္တာကြီး ဖြစ်နေဦးတော့ ကျွန်တော် မမက်မောဘူး"

ယွန်း ခပ်ထေ့ထေ့လေး မဲ့ပြုံးပြုံးလိုက်ပြီး. .

"အင်းလေ အဲဒီစိတ်ဓါတ်ကိုတော့ ကျွန်မလည်း လက်ခံပေးလို့ ရပါတယ်"

"ဒါဆို စားမယ်ပေါ့"

"အင်း မိတ်ဖြစ်ဆွေဖြစ်ပေါ့"

"အိုခေ. . အဲ. . ဒါပေမယ့် ဒီကားထဲမှာ ထိုင်စားရတာ ပျင်းစရာကြီးဗျာ၊ တခါတလေ မြို့ပြရဲ့ မွန်းကျပ်မှုတွေကို ဟောဟိုကန်ရေပြင်က ဖြတ်တိုက်လာတဲ့ လေကောင်းလေသန့်လေးတွေနဲ့ ဖြေဖျောက်ပြီး ထောပတ်ပေါက်ပေါက်ရဲ့ ချိုအီအီ အရသာကို တမြုံ့မြုံ့ဝါးရတာ ပိုပြီးအရသာရှိမယ်"

ယွန်း ခပ်ဝေးဝေးက ကန်ရေပြင်ကို မျှော်ကြည့်လိုက်သည်။

"ကျွန်မ လမ်းလျှောက်ရမှာ ပျင်းတယ်"

"ဒီကားထဲက မထွက်ဘဲ ပေါက်ပေါက်ကို မကုန်မချင်း ထိုင်စားနေမယ်ဆိုရင် လူတွေက ကိုယ်တို့ကို စုံတွဲလို့ထင်ကြမယ်၊ ဒါထက်ဆိုးတာက ကားထဲမှာ မဖွယ်မရာလုပ်နေတယ်လို့ ထင်သွားကြမှာစိုးပဲ"

"အို. . မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကားပေါ်က ဆင်းလိုက်ပါလား၊ လူမြင်ကွင်းမှာ ဆိုတော့ ပွင့်ပွင့်လင်းလင်း ရိုးသားပြလို့ ရတာပေါ့"

မတတ်သာသည့်အဆုံး ယွန်း ကားပေါ်မှ ဆင်းလိုက်ရသည်။ ခြေလှမ်းတွေက ရှိုးတိုးရှန့်တန့်၊ မင်းထင်ရှားကတော့ ပျော်သလို ခံစားနေရသည်။ ရင်ခုန်သံတံခါးဝကိုရောက်ဖို့ စကြာဝဠာကြီးက frequency လှိုင်းတွေ ပြန်၍ထုတ်လွှတ်နေသည်ပဲ။

သို့နှင့်ငင် ကန်ရေပြင်မှ ဖြတ်တိုက်လာသော လေနုအေးကို ရှူရှိုက်ရင်း ယွန်း၏ နုထွေးသောပါးပြင်ကို ထိတွေ့နမ်းရှိုက်ခွင့်ရသည့် အခွင့်အရေးမျိုးကို ထပ်ပြီးတောင့်တမိပြန်သည်။

စကြာဝဠာကြီးရေ့ . . တဆိတ် ကူညီပေးပါဦး၊ ဒီမိန်းကလေးရဲ့ နုထွေးချောမွတ်နေတဲ့ ပါးပြင်ကို တရှိုက်မက်မက် နမ်းရှိုက်ခွင့်ကိုလေ။







# အခန်း(၁၁)

"**အင်း** . . ဟင်း . . ဟင်း . . ဟင်း . . ဟင်း"

ညဥ့်နက်သန်းခေါင်ကြီး ညည်းတွားသံတစ်ခု ထွက်ပေါ်လာသဖြင့် ဇာတ်လမ်းထဲ စျာန်ဝင်နေသော မင်းထင်ရှားလက်ထဲမှ ဘောလ်ပင်ကို စာရွက်ပေါ်ကို ဒေါက်ခနဲ ချလိုက်သည်။

"ဟ . . ဘယ်က ညည်းသံကြီး ထွက်နေပါလိမ့်"

စားပွဲမှထကာ ညည်းသံကြီးကို နားစွင့်လိုက်သည်။ ဒီအိမ်မှာ ငှားနေခဲ့တာ ကြာပြီ၊ ခုလို ညသန်းခေါင်ကျော်ကြီး ညည်းတွားသံမျိုးကို မကြားဖူးခဲ့။ ထူးတော့ ထူးဆန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခိုညည်းတာများလား"

တစ်ယောက်ထဲပြောရင်း ဓါတ်မီးကိုယူကာ အိမ်ခေါင်မိုး ထုတ်တန်းတွေကို ဓါတ်မီးနှင့် ထိုးကြည့်လိုက်သည်။ ခိုတွေ့ဖို့ နေနေသာသာ အိမ်မြှောင်တစ်ကောင် ကြွက်တစ်ကောင်သော်မျှ မတွေ့။

"အင်း. . ဟင်း. . ဟင်း. . ဟင်း"

ညည်းသံကြီးကတော့ အဆက်မပြတ် ထွက်ပေါ်နေဆဲ။

သရဲများ ခြောက်နေတာလားဟု တွေးလိုက်မိသေးသည်။

"ဟေ့. . ဘယ်သူလဲ တိတ်စမ်း"

အရဲကိုးပြီး ဟိန်းဟောက်လိုက်သည်။

"တောက်. . "

"အယ်. . ဘာ. . ဘာလဲဟ၊ တက်ခေါက်တယ်"

ငယ်စဉ်ကတည်းက သရဲကြောက်တတ်သော မင်းထင်ရှား နည်းနည်းတော့ အသည်းငယ်သွားသည်။

"ဘယ်. . ဘယ်သူလဲ"

ညည်းသံကြီးသာ ထွက်နေသည်။ ဘာမှတော့ ပြန်ဖြေသံ မကြားရ။

"ဟာ. . ဘာလဲဟ ဒုက္ခပဲ၊ ညည်းသံက ဒီအိမ်ထဲက မဟုတ်လောက်ဘူးဆိုတော့ အိမ်အပြင်ကများလား၊ ဒါမှမဟုတ်ရင် ဘေးအိမ်ကများလား"

ထင်မြင်ချက် အမျိုးမျိုးပေးကာ. . အိမ်ရှေ့တံခါးမကြီးနား လျှောက်လာကာ တံခါးချက်ကို ဖွင့်လိုက်သည်။ အပြင်လောကသည် တော်တော်လေးကို မှောင်ပိန်းတိတ်ဆိတ်၍နေသည်။

ညည်းသံကြီး ခဏတော့ ပြန်လည်တိတ်ဆိတ်သွားသည်. . ။ လက်ထဲမှ ဓါတ်မီးကိုကိုင်ကာ အိမ်အပြင်သို့ ထွက်ခဲ့လိုက်သည်။

အမှောင်ထဲမှာပင် ဓါတ်မီးဖြင့် ခြံထဲသို့ ဟိုဟိုဒီဒီလျှောက်ထိုး





တာ ညည်းသံကြီး ဘယ်ကထွက်နေသလဲ ဆိုတာကို လှည့်ပတ်ရှာလိုက်သည်။ ဘာမှ ထူးထူးဆန်းဆန်း ရှာမတွေ့။

ပိုသေချာစေရန် အိမ်အပြင်သို့ ဆင်းပြီးကြည့်ရန် ဖိနပ်စီးပြီး ဝရန်တာလှေကားမှ ဆင်းခဲ့လိုက်သည်။

"အောင်မလေး သေပါပြီတော့"

"အောင်မလေးဗျ၊ သ. . သရဲလား"

ရုတ်တရက် ထွက်ပေါ်လာသော စူးစူးရှရှ အသံကြောင့် မင်းထင်ရှား အလန့်တကြား နောက်ကို ခုန်ဆုတ်လိုက်သည်။

လှေကားခြေရင်းပန်းအိုးဘေးမှ လှုပ်လှုပ်လှုပ်လှုပ်နှင့် ထလာသည့် သဏ္ဌာန်တစ်ခု မှောင်နေ၍ သိပ်တော့မသဲကွဲ။

"အောင်မလေး. . လက်ကို တက်နင်းတယ်၊ နာလိုက်တာ. . နာလိုက်တာ"

"ဟင်. . "

ဓါတ်မီးနှင့် ထိုးကြည့်ပြီး မင်းထင်ရှား မျက်လုံးအစုံ ပြူးကျယ် ဝိုင်းစက်သွားသည်။

"သ. . သရဲ. . သရဲ"

"အင်း. . ဟင်း. . ဟင်း၊ ဘာ. . ဘာသရဲလဲ၊ ဒီက နိုင်ငံကျော် ရုပ်ရှင်မင်းသမီး"

"အယ်. . "

မျက်နှာကို ဓါတ်မီးနှင့် သေချာထိုးကြည့်တော့ ဟိုဘာက်ရပ်ကွက်က ဖွေးဝတ်သက်ချောပို ဖြစ်နေသည်။

"ဟာ. . ဒီ. . ဒီအရှုးမကြီး ဘာလို့ သူများအိမ်မှာ လာခိုနေရတာလဲ"

"ငါ. . ငါ. . နေမကောင်းဘူး၊ အင်း. . ဟင်း. . ဟင်း. . ငါ့. . ငါ့ကို ဝိတိုရိယဆေးရုံကို လိုက်ပို့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . အောင်မလေး၊ မီးက မြင့်သေးတယ်၊ ဘာဝိတိုရိယလည်း. . သွား. . သွား. . ကိုယ့်အိမ်ကိုယ်ပြန်"

အရှုးမကြီး အရေးမလုပ် ပန်းအိုးနှင့် လှေကားကြားမှာ ပြန်မှီ၍ လှဲနေလိုက်သည်။

"အင်း. . ဟင်း. . ဟင်း. . ဟင်း"

အားမရှိသလို ညည်းတွားနေသော အရှုးမကြီးကို ကြည့်ပြီး မင်းထင်ရှား သနားသွားသည်။ တော်တော်လေး ဝေဒနာခံစားနေရသည့်ပုံမို့ နှင်မထုတ်ရက်တော့။

"ဒီ. . ဒီမှာ ခင်ဗျား တော်တော်နေမကောင်း ဖြစ်နေတာလား"

"အင်း. ."

"မှန်းစမ်း. ."

အရှုးမကြီး၏ နဖူးကို စမ်းကြည့်လိုက်သည်။

"ဟာ. . ကိုယ်တွေ တော်တော်ပူနေတာပဲ"

ခြစ်ခြစ်တောက်ပူနေသော ကိုယ်အပူရှိန်ကြောင့် မင်းထင်ရှား ဥပေက္ခာပြုထား၍ မရတော့။

"ကဲ. . ထ. . ခင်ဗျား ကျွန်တော့်အိမ်ထဲ လိုက်ခဲ့၊ ဆေးတိုက်မယ်"

အရှုးမကြီး တုတ်တုတ်တောင် မလှုပ်။

"ဟာ. . ဒုက္ခပဲ ငါ့နှယ်"

မထူးတော့ပြီမို့ အရှုးမကြီးကို ချိုင်းနှစ်ဖက်မှမပြီး ဆွဲထူလိုက်သည်။ ပိန်လှီလှီခန္ဓာကိုယ်မို့ အိမ်ထဲသို့ အလွယ်တကူ တွဲခေါ်ခဲ့လိုက်သည်။ အိမ်ထဲရောက်သည်နှင့် ဘိုင်အိုဂျက်ဆစ်နှင့် အမော်စလင်ကို တွဲပြီး တိုက်လိုက်သည်။

အပူတော်တော်ကြီးနေသည်မို့ အရှုးမကြီး လှုပ်တောင် မလှုပ်နိုင်။





"ဒီ. . ဒီမှာ"

"အင်း. . ဟင်း. . ဟင်း. . ဟင်း၊ ခွင့်လွှတ်ပါ. . ခွင့်လွှတ်ပါ၊ ငါက မင်းသမီး၊ မောင်. . မောင်ရေ၊ မလိုက်ချင်ဘူး မလိုက်ပါရစေနဲ့"

ကယောင်ကတမ်းတွေ ပြောနေသော အရှုးမကြီးကို ကြည့်ပြီး မင်းထင်ရှား လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ကိုယ့်ရှေ့မှာ ဒုက္ခရောက်နေသူမို့ ကယ်တင်ခွင့်ရခဲ့သည့်အတွက် ပီတိဖြစ်မိသလို ဒီအရှုးမကြီးကို တစ်ညလုံး အိမ်ထဲခေါ်ထားရသည့် ကိစ္စကိုတော့ မင်းထင်ရှား စိတ်ထဲမတွေ့။ သို့သော် လူမှန်းမသိအောင် ဖျားနေသော ဝေဒနာသည်ကို ဘယ်လိုစိတ်မျိုးနဲ့ အိမ်အပြင်မှာ ထုတ်ထားရမည်လဲ။

လူသားချင်း စာနာသည့်စိတ်ဖြင့် ကိုယ့်မျက်စိရှေ့မှာ စောင့်ရှောက်ရတော့မှာပင်၊ မနက်မိုးလင်းလို့မှ မသက်သာလျှင်တော့ ဆရာဝန်ပင့်လိုက်တော့မည်။

စေတနာရှေ့ထားကာ အရှုးမကြီး အဖျားရောဂါပျောက်ဖို့ မင်းထင်ရှားမှ မကူညီလျှင် ဘယ်သူမှ ကူညီမည်မဟုတ်။

သူနေသောအိမ်ကို သိပေမယ့် သူ့အိမ်မှာ မိသားစုမှမရှိတာ။

အတွေးနှင့်အတူ လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။

ညဉ့်နှစ်နာရီပင် ကျော်နေပြီ။

အိပ်၍လည်း ရမည်မဟုတ်တော့၍ စားပွဲပြန်ထိုင်လိုက်သည်၊ စာရေးမည်ဆိုပေမယ့် အတွေးတွေ ထွက်မလာတော့။

ထို့ကြောင့် ရင်ထဲကဆန္ဒတွေကို ထိုင်ရွတ်ပြီး စကြာဝဠာကြီးဆီ သတင်းပို့နေလိုက်တော့သည်။

ကိုယ်က အာလာဒင်ဆိုလျှင် စကြာဝဠာကြီးက အရာရာကို ဖန်ဆင်းပေးနိုင်သည့် မီးခွက်စောင့် ဘီလူးကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်. . ခေါ်. . ခူး. . ခူး. . ခလော"

"ဟဲ့. . ဟဲ့. . ဒါက ဘယ်သူလဲ သား"

ဒေါ်နှင်းဆီ အမေးကြောင့် မင်းထင်ရှား ဖြေရခက်နေသည်။ မဖြေရင်လည်း မရ။

စောင်ခေါင်းမြီးခြုံထားသော အရူးမကြီးကို ဒေါ်နှင်းဆီ ငုံ့ကြည့်နေသည်။

"ဟိုလေ အရူးမကြီးပါ အမေ"

"ဟမ်. . ဘယ်လို အရူးမကြီး ဟုတ်လား"

ဒေါ်နှင်းဆီ စောင်ကို ဆွဲလှန်လိုက်သည်။ အရူးမကြီး အိပ်မောကျနေသည့် မြင်ကွင်းကိုကြည့်ကာ ဒေါ်နှင်းဆီ လန့်သွားသည်။

"အမလေး ဘယ်လိုဖြစ်ပြီး ဒီအရူးမကြီးက ငါ့သား လူပျို နုနုထွတ်ထွတ်လေးအိမ်ပေါ် တက်အိပ်နေရတာတုန်း၊ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"ညကတည်းက"





"ဘာ. . ဘာပြောတယ်၊ သား. . ညကတည်းက ဟုတ်လား"

"ဟုတ်. . ဟုတ်တယ် အမေ"

"အမလေး ကိုယ်ကျိုးတော့ နည်းပါပြီ၊ သားလူပျိုက ရှုပ်စရာရှားလို့ ကိုယ့်အမေအရွယ် အရူးမကြီးကိုမှ ခေါ်ရှုပ်ရလား၊ ဟမ်း. . လူပျိုက်ရဲ့ ရှက်စရာ ကောင်းလိုက်တာ၊ ကိုယ့် ဂုဏ်သိက္ခာမှမထောက်"

ဒေါသတကြီး အပြစ်တင်စကားတွေ ပြောနေသော မိခင်၏စကားကြောင့် မင်းထင်ရှား ခေါင်းနပန်းကြီးသွားသည်။

"ဟာ. . အမေ၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ တိုးတိုးသက်သာ ပြောပါဗျာ၊ အမေပြောတာနဲ့ လူတွေတစ်မျိုးထင်ကုန်ကြတော့မှာပဲ"

"နို့. . မင်းလုပ်ထားတာက ထင်စရာမဟုတ်ဘူး မြင်စရာလေး ဒီလောက်တောင် မိန်းမရှားသလား၊ အလကားရ သွားဖြဲစားတတ်တဲ့ အကျင့် မင်းမှာ ဘယ်တုန်းကတည်းက ရှိနေတာလဲ"

ရှင်းပြဖို့အတွက် အမေ့စကားထဲကို ဖြတ်ပြောဖို့ လေမတိုး။

"ဟာ. . အမေ. . တော်. . တော်ပါတော့၊ ကျွန်တော်ပြောတာကို ခဏလေး နားထောင်ပါဦးဗျာ၊ ဇွတ်ကို တင်နေတော့တာပဲ"

သည်းမခံနိုင်တော့သည်မို့ မင်းထင်ရှား လေသံ အနည်းငယ်တင်းသွားသည်။ ဒေါ်နှင်းဆီ ငြိမ်ကျသွားကာ မင်းထင်ရှား၏ စကားကို နားထောင်ဖို့ စောင့်လိုက်သည်။

"ဒီလိုအမေရ ညက အဲဒီအရူးမကြီးက. . ."

ဖြစ်ကြောင်းကုန်စင်ကို မချွင်းမချန် ပြောပြလိုက်သည်။

ဒါတောင် အပြစ်က မလွတ်သေး။

"အမလေး သားရယ်၊ လူတစ်ယောက် ဒုက္ခရောက်လို့ ကူညီတာကိုတော့ အမေ အပြစ်မပြောပါဘူးကွယ်၊ ဒါပေမယ့် ခုလိုမျိုး အိမ်ဦးခန်းမှာထားပြီး ပြုစုရလောက်အောင်တော့ စေတနာမထားသင့်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူက ရှုံးနေတာကွဲ့၊ စိတ်သိပ်မမှန်တော့ အရပ်ထဲမှာ သူပြောချင်ရာကို လျှောက်ပြောနေရင် တကယ်တမ်း သိက္ခာကျမှာက သားလေ”

“ဒါပေမယ့် လူမှန်းမသိအောင် ဖျားပြီး တုတ်တုတ်တောင် မလှုပ်နိုင်တဲ့သူကို ညသန်းခေါင် အိမ်အပြင်မှာ ဒီအတိုင်း ပြစ်ထားရအောင် သား အဲလောက် စိတ်ဓါတ်မညံ့ဖျင်းဘူး”

“ဒါများ သူနေတဲ့အိမ်ကို သိနေတာပဲ သားရယ်၊ ဆေးတိုက်ပြီး သွားပြန်ပို့ပေါ့”

ဘယ်နေရာမှ မလွတ်အောင် အပြစ်ပြောနေသော အမေ့ကို ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။

“ည နှစ်နာရီလောက်ကြီးကို လမ်းမပေါ်မှာ ကျွန်တော်ရယ်၊ အရူးမရယ် နှစ်ယောက်ထဲ၊ နောက်ပြီး ကျွန်တော်က အရူးမအိမ်ထဲကို ဝင်မယ်၊ ကဲ. . သင့်တော်မလားဆိုတာ အမေ စဉ်းစားကြည့်လေ”

မင်းထင်ရှားပြောတာ နည်းလမ်းကျနေသည်မို့ ဒေါ်နှင်းဆီ ဘာမှ အပြစ်ထပ်မဆိုတော့ပဲ. . .

“အမေက သားကို စိုးရိမ်လွန်ပြီး အပြစ်တင်မိတာပါကွယ်၊ တကယ်ဆို အမေ့သား လူသူတော်ကောင်းလေးကို အမေ ခုလို မပြောသင့်ဘူး၊ ခွင့်လွှတ်ပါကွယ်”

ဒေါ်နှင်းဆီ လွန်သွားသော ကိုယ့်နှုတ်စကားတွေကြောင့် မင်းထင်ရှားကို ပြန်တောင်းပန်ရသည်။ စိတ်ထဲမှာလည်း တော်တော်လေး အားနာနေရသည်။

“ရပါတယ်အမေ၊ သားအတွက် စိတ်ပူပန်လို့ ဂရုဏာဒေါသောနဲ့ ပြောတာပဲ၊ သားနားလည်ပါတယ်”

“ခုရော ဒါကြီးကို ဘယ်လိုလုပ်ကြမလဲ”

“သူနိုးတာနဲ့ သူ့အိမ်ကို ပြန်ပို့ကြတာပေါ့ အမေ”

ဒေါ်နှင်းဆီ အရူးမကြီး၏ နဖူးကို လှမ်းစမ်းလိုက်သည်။





ခြစ်ခြစ်တောက်အောင် အပူရှိန်တွေက တက်နေဆဲ။

“ကိုယ်တွေ တအားပူနေသေးတယ်၊ ဘယ်လိုလုပ်ကြမလဲ သား”

“ကားဌားပြီး ဆေးခန်းပို့လိုက်မယ် အမေ၊ ပြီးရင် သူ့အိမ်ကို ပြန်ပို့ကြတာပေါ့”

“အင်း. . သူ့အိမ်မှာကလည်း သူတစ်ယောက်ထဲနေတာ. . ၊ မိသားစုကလည်းမရှိ၊ ဘယ်သူက ပြုစုမလဲ ခက်တော့တာပဲ၊ ဝဋ်ကြွေးက ကြီးလိုက်တာကွယ်”






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

“ဒါက ဘယ်လဲ ကိုရှား”

“အမေတို့အိမ်လေ”

ဆိုင်းဘုတ်ရေးဆရာ ကိုသိန်းတန်နှင့် လမ်းမှာတွေ့၍ တိုတို တုတ်တုတ်ပင်ဖြေပြီး ခပ်သုတ်သုတ် ထွက်ခဲ့လိုက်သည်။

“ညနေ လက်ဘက်ရည်ဆိုင်မှာ ဆုံကြမယ်လေ၊ အေးအေး ဆေးဆေး စကားပြောစရာရှိလို့”

“အင်း. . အချိန်ရရင် ထွက်ခဲ့မယ်လေ”

“ဟုတ်ကဲ့. . မျှော်နေမယ်နော်”

“အေးပါ”





ကိုသိန်းတန်ကို လှည့်မကြည့်ဘဲဖြေပြီး အမေတို့အိမ်ရှိရာ လမ်းချိုးတစ်ခုကို ကွေ့ခဲ့လိုက်သည်။

“တီ. . တီ”

အနောက်မှ ကားဟွန်းသံကြောင့် မလွတ်ဘူးထင်ပြီး လမ်းဘေးကို ကပ်ရပ်ပေးလိုက်သည်။

“ဟေ့လူ စာရေးဆရာ”

မြတ်နိုးစွဲလန်းမိသော အသံမို့ မယုံကြည်နိုင်စွာဖြင့် နောက်ကို လှည့်ကြည့်လိုက်သည်။

“ဒါရိုက်တာ ယွန်းပါလား၊ ဘယ်ကိုလာတာလဲ”

“ကျွန်မက ရှင့်အိမ်လိုက်ရှာနေတာ”

“ဗျာ. .”

မျှော်လင့်မထားမိသော စကားမို့ မင်းထင်ရှား အံ့ဩသွားသည်

ကိစ္စရှိလို့လား”

“ရှိတယ်. . ဒီနေ့ ခွေဖြန့်တယ်လေ၊ ဒါကြောင့် လက်ဆောင် လာပေးတာ၊ နောက်ပြီး ကိစ္စလေးလဲရှိလို့”

“ဩော်. .”

“ခု ဘယ်သွားမလို့လဲ”

ယွန်းအမေးကြောင့် မင်းထင်ရှား ဖြေရခက်စွာ ခေါင်းကုတ် လိုက်သည်။

“အ. . အရှူး၊ အဲ. . ဟိုလေ စိတ်မနှံ့တဲ့သူတစ်ယောက် ညက အပြင်းဖျားလို့လေ၊ ခု ဘယ်လိုနေလဲ၊ သွားကြည့်မလို့ တစ်ယောက် ထဲသွားရင် မသင့်တော်လို့ အမေ့ကို ဝင်ခေါ်ရဦးမယ်လေ”

“ရှင်ပြောတဲ့အထဲမှာ အရှူးလို့ ပါတယ်နော်၊ အဲဒီအရှူးက ယောကျ်ားလား၊ မိန်းမလား”

“မိန်းမပါ၊ ကျွန်တော့်အမေ အရွယ်လောက်ရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်နေသည့် မိန်းကလေး အထင်လွဲမည်စိုး၍ အရွယ်အစားကိုပါ တစ်ခါတည်း ပြောလိုက်သည်။ ယွန်းစိတ်ထဲ မျှော်လင့်ချက်တစ်ခု လက်ခနဲ ဖြစ်သွားသည်။

“ကျွန်မလိုက်လို့ ရမလား၊ ကိုမင်းထင်ရှား”

“ဗျာ. . လိုက်မယ် ဟုတ်လား”

“အင်း. . ဟုတ်တယ် လိုက်ချင်တယ်၊ ကျွန်မ ရှာနေတဲ့ အရူးမကြီးများလားလို့ တချို့က သူ့ကို ဒီနားက ရပ်ကွက်တွေမှာ နေတယ် ပြောလို့”

“ဒါဆို လိုက်ခဲ့လေ၊ ကျွန်တော့်အမေကို ဝင်ခေါ်မနေတော့ဘူး၊ ဒါရိုက်တာယွန်း ပါနေပြီပဲ”

“အိုခေ ဒါဆို ကားပေါ်တက်”

မင်းထင်ရှား ရင်ထဲက အပျော်တွေကို ထုပ်ပိုးလျက် ကားပေါ်ကို တက်လိုက်သည်။ ထင်မှတ်မထားပဲ ရင်ထဲက ဆန္ဒတွေနှင့် တဖြည်းဖြည်း နီးစပ်လာပြီမို့ ကိုယ့်စိတ်ပါဝါစွမ်းအားကို ကိုယ်ကိုယ်တိုင်ပင် အံ့ဩမိသည်။

ထိုညို့ငင်အား နိယာမကြီးသည် ရင်ထဲက ဆန္ဒတွေကို အကောင်အထည် ဖော်ပေးနေသည့် တန်ခိုးရှင်ပင် ဖြစ်သည်ဆိုတာ ဘယ်လိုမှကို ငြင်းဖွယ်ရာမရှိ။

ယွန်းထံမှ ပျံ့လွင့်လာသော ကိုယ်သင်းရနံ့ကို ခိုးပြီးရှူရှိုက်ရင်း စိတ်ထဲမှ ကျေနပ်စွာ ပြုံးလိုက်မိသည်။

“ရှင် ဘာတွေပြုံးနေတာလဲ ကိုမင်းထင်ရှား”

ကားမောင်းရင်း လှမ်းမေးလာသော ယွန်းစကားကြောင့် ရှက်ကြိကြိရယ်လိုက်သည်။

“အဲ. . ဘာမှမပြုံးပါဘူး”

“ရှင် ညာတတ်တယ်နော်၊ ရှင် ပြုံးနေတာ ကျွန်မမြင်သလို





ကျွန်မမေးတာကိုလည်း ရှင်ကြားပုံမရဘူး”

“ဘာ. . ဘာမေးတာလဲ၊ ကျွန်တော် မကြားလိုက်မိဘူး”

“သြော်. . အဟင်း. . ခစ်ခစ်၊ အရူးမကြီးနဲ့တွေ့ဖို့ အဲလောက် ပျော်နေတယ် ထင်တယ်”

“ဟာ. . မ. . မဟုတ်တာဗျာ၊ ဟဲ. . ဟဲ. . ကျွန်တော် အမှန်အတိုင်း ပြောရမလား”

မထူးတော့ပြီမို့ တစ်လက်စထဲ ရင်ဖွင့်လိုက်တော့မည်။

“အင်း. . ပြောကြည့်လေ”

“ဒါရိုက်တာယွန်းသုံးထားတဲ့ ရေမွှေးက အရမ်းကိုစွဲငင်အားကောင်းပြီး အဲဒီကိုယ်သင်းနံ့လေးထဲမှာ နစ်မျောသွားမိတယ်လေ၊ ဒါကြောင့် ဒါရိုက်တာယွန်းပြောတာကိုတောင် ကျွန်တော် မကြားမိတော့တာပါ”

“အို. . ကျွန်မ ဘာရေမွှေးမှ သုံးမထားဘူးရှင့်”

“ဒါပေမယ့် ယွန်းရေမွှေး. . အဲ. . ကိုယ်သင်းနံ့က ကျွန်တော့်ကို အရာအားလုံး မေ့လျော့သွားစေတယ်”

မထူးတော့ပြီမို့ တစ်လက်စထဲ နိဒါန်းဝင်ပျိုးလိုက်ခြင်း ဖြစ်သည်။ ယွန်းရင်ထဲမှာ မှတ်မှတ်ထင်ထင်လေး နေရာယူသွားမည်ဆိုလျှင် ကိုယ့်မျှော်လင့်ချက်တွေ ရာနှုန်းပြည့် နီးစပ်ဖို့ သေချာသလောက်ရှိနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကြီးထဲမှာ အရူးမ တစ်ယောက်ထဲနေတာလား"

အနောက်မှ မဝံ့မရဲလိုက်လာရင်း မေးလိုက်သော ယွန်း၏အမေးသည် တိုးရှနေသည်။

"အင်း. . ဟုတ်တယ်"

အိမ်ကြီးက ခြောက်ခြားစရာကြီးနော်၊ ကျွန်မဆို နေရဲမှာ မဟုတ်ဘူး"

"ကျွန်တော်တို့ ထူပါရုံ ရပ်ကွက်သားတွေက သူ့ကို အားလုံးသိနေကြတော့ ဒီရပ်ကွက်ထဲမှာရှိတဲ့ သူ့အိမ်ကြီးကို ပြန်ချင်မှပြန်တာ၊ သူက ကမ္ဘာလှည့် ခရီးသည်လိုပဲ လျှောက်သွားနေတာလေ၊ အနေများတာကတော့ ကျွန်တော်တို့ရပ်ကွက်က မမ္ဘာရုံမှာပါ။ အခု မီးငြိမ်းတရားစခန်း ရှိနေလို့ သူ့ကို ခဏဖယ်ခိုင်းထားတာလေ"

"ဩော်. . သနားပါတယ်နော်"

"အဟွတ်. . အဟွတ်. . အဟွတ်"

"အမလေး"





ချောင်းဆိုးလိုက်သော အသံကြောင့် ယွန်းလန့်သွားပြီး ခင်ထင်ရှား၏ လက်မောင်းကို ရုတ်တရက် ဆုပ်ကိုင်လိုက်သည်။

"မလန့်ပါနဲ့. . အဲဒါ သူ့ ချောင်းဆိုးသံပါ"

"လူစိမ်းမြင်ပြီး ရန်ရှာနေရင် ဘယ်လိုလုပ်မလဲ"

"မရှာပါဘူး၊ သူက သိမ်သိမ်မွေ့မွေ့လေး ရူးတာပါ၊ သူ့ကို ခင်းသမီးလို့သာခေါ် သူသိပ်သဘောကျတာ"

"ဟင်. . ဟုတ်လား"

ကိုယ်ရှာနေသော အရူးမကြီးများလားဟူသော မျှော်လင့်ချက်ဖြင့် အားတက်သွားသည်။

"လာ. . ယွန်း ဒီအထဲမှာ ဖြစ်မယ်"

အလင်းရောင် ခပ်သဲ့သဲ့သာရှိသော အခန်းတွင်းသို့ နှစ်ယောက်သား ဝင်ခဲ့လိုက်သည်။

"ဟင်. . သူ. . သူများလား"

ဇဝေဇဝါဖြစ်နေသော ယွန်းကိုကြည့်ကာ. . .

"ယွန်း သိလို့လား"

"ဟင်. . အင်း. . သိ. . သိတယ်ထင်တယ်၊ လူတော့ မမှားနိုင်လောက်ဘူး၊ သူ့ နာမည်ကို သိလား"

"နာမည်အရင်းတော့ မသိဘူး၊ သူ့ကိုယ်သူတော့ ဘာတဲ့ ဖွေးဝတ်သက် ဘာဖြစ်တယ်ဆိုလား"

"ဟင်. . ဟုတ်လား၊ ဒါဆိုရင် သေချာပြီ၊ ကျွန်မရှာနေတဲ့သူပဲ"

တွေ့ချင်နေသော လူနှစ်ယောက်ကို မရှေးမနှောင်းမှာပင် တွေ့လိုက်ရ၍ ယွန်း ကျေနပ်နေသည်။

"သူ့ကို ဘာလို့ရှာနေတာလဲ"

"သရုပ်ဆောင်ကြေး ပေးစရာရှိလို့ပေါ့"

"ဟင်. . ဘယ်လို သရုပ်ဆောင်ကြေးဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဇာတ်ကားတစ်ကားမှာ သူ့ကို ထည့်သုံးထား တယ်၊ ဒါကြောင့် သူ ရသင့်ရထိုက်တဲ့ သရုပ်ဆောင်ကြေး ပေးချင်လို့ပါ အဲလိုမှ မပေးရရင် ကျွန်မ နေရတာမဖြောင့်ဘူး၊ ရှင့် ပေါက်ပေါက်တို့ နှိုက်စားခဲ့သလိုမျိုးပေ့ါ"

မင်းထင်ရှား ရယ်လိုက်သည်။

"မရယ်နဲ့ တကယ်ပြောတာ"

"အင်းပါ ယုံပါတယ်၊ စိတ်ဓါတ်ကို ချီးလည်းကျူးပါတယ်"

ထိုစဉ် အိပ်ပျော်နေသော အရှူးမကြီး နိုးလာသည်။

"ဝါး. . ဘယ်သူလဲ"

သန်းဝေလိုက်ပြီး မင်းထင်ရှားနှင့် ယွန်းကို ကြည့်ပြီး မေးသည်။

"နေကောင်းသွားပြီလား"

တနေ့ညက ဆေးခန်းလိုက်ပို့လိုက်၍ ကိုယ်ပူကျသွားပုံပင် လန်းဆန်းနေသည့် လေသံဖြင့် ခပ်သွက်သွက်မေးသည်မို့ နေကောင်း လားဟု ပြန်မေးလိုက်သည်။

"အင်း ကောင်းသွားပြီ၊ မနေ့ညကပဲ စက်ာပူမှာ ဆေးသွား ကုပြီး ပြန်လာတာ၊ PSY ကို လက်တိုလက်တောင်းခိုင်းဖို့ ခေါ်သွားတယ် လေ"

နှစ်ယောက်သား ရယ်လိုက်ကြသည်။ ပြောပုံကတော့ အထက် ကနေ လုံးဝကို ပြုတ်မကျအောင် မြင့်သည်။ တော်ရုံစိတ်နှင့် ရူးတာ တော့ မဟုတ်။

"ကဲ. . ဆိုပါဦး လာရင်းကိစ္စ၊ ဘာလဲ ရက်လာချိတ်တာလား မအားဘူးနော်၊ မနက်ဖြန် မောင်မျိုးမင်းနဲ့ ကားရိုက်ရက်ရှိတယ်၊ သဘက်ခါ မိုက်တီးနဲ့၊ အင်း. . သဘက်ခါရဲ့ မနက်ဖြန်မှာက မင်းထင် ကိုကိုကြီးနဲ့ ပေါ်လစီကား နိုင်ငံတော်အကျိုးပြုကားလေး တစ်ကား ရိုက်ဖို့ရှိတယ်၊ မင်းသားက ကိုးရီးယားမင်းသား ဂူဂျွန်ဖြိုးနဲ့လေ၊ ချွေး





ဆိုတဲ့ ကားပေ့ါ၊ ဂျပန်မှာရိုက်တဲ့သွေးကား မပြဖြစ်ပေမယ့် ကိုရီးယား မှာရိုက်တဲ့ ချွေးကားကတော့ ပရိသတ်တွေ ကြည့်ကိုကြည့်ရမယ်"

ရေပက်မဝင်အောင် ပြောနေသော အရူးမကြီး စကားကြောင့် ယွန်း မအံ့သြဘဲ မနေနိုင်ပါ။

ရုပ်ရှင်လောကသားတွေအကြောင်းကို ကောင်းကောင်း သိနေ သည့် အတွက်ကြောင့် ဖြစ်သည်။

"ဟုတ်ပါပြီ ခုလည်း ခင်ဗျားကို ဒီကဒါရိုက်တာကြီးက သရုပ် ဆောင်ကြေး လာပေးတာ"

"ဩော်. . အဟော် ဒါနဲ့များ တကူးတက လာနေရသေးလား၊ ဒါရိုက်တာ ပေါက်စနမလေးရယ်၊ ဘဏ်ကနေ လွှဲလိုက်ရင် ပြီးတာပဲ တာကို"

"အန်တီ့ ဘဏ်အကောင့်မှ မသိတာ၊ ဒါကြောင့် ငွေပဲ ပေး ပါရစေ"

ယွန်း ပြောပြောဆိုဆို လက်ကိုင်အိတ်ထဲမှ တစ်သိန်းတန် တစ်အုပ်ကို ထုတ်လိုက်သည်။

"ယွန်း သူ့ကို ဒီအတိုင်းပေးလိုက်ရင် သူ ဒီငွေကို အသုံးချ တတ်မှာ မဟုတ်ဘူး"

"ဒီတော့ ယွန်း ဘယ်လိုလုပ်ပေးရမလဲ"

"ယွန်းပဲ ပြန်သိမ်းထားပြီး သူ လိုအပ်တဲ့အချိန်တွေမှာပဲ အကူ အညီ ပေးလိုက်ပါ"

"နေဦး PSY ကတော့ ငါ့ဘဏ်နံပါတ်ကို သိတယ်"

"ကဲပါ PSY ကို အသာထား၊ အခု ဘာစားချင်လဲ ပြော"

မင်းထင်ရှား အမေးကြောင့် အရူးမကြီး မျက်လုံး ပေကလပ် ပေကလပ်လုပ်ကာ ပျော်သွားသည်။

"ငါလား၊ ငါ ပင်လယ်စာ စားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ယွန်းကြားတယ်နော်၊ သူက ပင်လယ်စာ စားချင်တယ်တဲ့၊ သူ့ကို ဝယ်ကျွေးနိုင်မလား"

မင်းထင်ရှား အမေးကို ယွန်း လိုလိုချင်ချင် ခေါင်းညိတ်လိုက်ပြီး

"ကောင်းပြီလေ၊ သူ့ကို စားသောက်ဆိုင်ကို ခေါ်သွားပြီး သူစားချင်တာ မှန်သမျှကို စိတ်တိုင်းကျကျွေးမယ်၊ ဒါပေမယ့် ရှင်တော့ လိုက်ခဲ့ရမယ်၊ ကျွန်မတစ်ယောက်ထဲ ထိန်းလို့မဖြစ်နိုင်ဘူး"

"ယွန်းခေါ်ရင် ဘယ်နေရာဖြစ်ဖြစ် လိုက်ပြီးသားပါ"

"အိုခေ ဒါဆိုရင် သူ့ကို ယွန်းကားပေါ် ခေါ်လိုက်လေ၊ သွားကြတာပေါ့"

"ကဲ. . မင်းသမီး ကြားတယ်နော်၊ ခင်ဗျားစားချင်တဲ့ ပင်လယ်စာကို ဝယ်ကျွေးမယ်တဲ့၊ ခု အိမ်ရှေ့မှာ ကားအဆင်သင့်ပဲ၊ သွားကြရအောင်၊ အဲ. . တစ်ခုတော့ မှာထားမယ်၊ စားသောက်ဆိုင် ရောက်ရင် ကြံ့ခြေလေးနဲ့ နေရစားရမယ်နော်၊ ခင်ဗျားက သာမန်လူ မဟုတ်ဘူး မင်းသမီး"

တမင်ပင် မြှောက်ပင့်၍ ပြောလိုက်သည့် မင်းထင်ရှား စကားကြောင့် ယွန်း တစ်ဖက်လှည့်ပြီး ရယ်လိုက်သည်။

ဘုန်းကြီးရှူးနဲ့ လေ့လူးဆိုတာ ဒါမျိုးကို ပြောတာနေမှာ. . .

အရှုးမကြီး ထိုင်ရာမှ ငေါက်ခနဲထကာ အိမ်ရှေ့မှာ ရပ်ထားသော ယွန်း၏ ကားရှိရာသို့ အိုက်တင်တွေ အိုဗာဖြစ်သော ခြေလှမ်းတွေဖြင့် လျှောက်သွား၏။

ခုချိန်မှာ သူက မင်းသမီးပေါ့။

"ဟော့. . ကားတံခါး လာဖွင့်လေ၊ ကြာလိုက်တာ သွက်သွက်လက်လက်ကို မရှိဘူး"

မင်းထင်ရှားဘက်လှည့်ကာ အထက်စီးနင်းဆန်ဆန်ပြောပြီး ယွန်းဘက်ကို လှည့်ကာ. . .





"ဟော့. . ဟိုဒါရိုက်တာ ပေါက်စန၊ ကားကို ဖြည်းဖြည်းမောင်းနော်၊ ငါက ငြိမ့်ငြိမ့်လေးပဲ စီးတတ်တယ်၊ ချိုင့်တွေရှောင်ပြီး မောင်း၊ စိတ်တိုင်းမကျအောင် မလုပ်နဲ့"

"ဟုတ်. . ဟုတ်ကဲ့ပါ"

အရှုးမကြီးမို့ ယွန်း စွေမယူနေတော့၊ သူပြောသလို ခပ်ငြိမ့်ငြိမ့်ပဲ မောင်းပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"ဒါဆို သမီးတွေ့ချင်တဲ့ အရှူးမကြီးကို တွေ့ရပြီပေါ့၊ ဟုတ်လားသမီး"

"ဟုတ်တယ် ဒယ်ဒီရဲ့၊ ယွန်းစိတ်ထဲမှာ ဒီလောက်မြန်မြန် တွေ့လိမ့်မယ်လို့ ထင်မထားဘူး၊ ဒီနေ့ မထင်မှတ်ပဲ တွေ့လိုက်ရတော့ ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩတယ်၊ ဟိုငယ်ငယ်ကတည်းက. . ဘယ်လိုပဲ တောင့်တတောင့်တ ဘယ်လိုရည်မှန်းချက်တွေပဲရှိရှိ အနှေးနဲ့အမြန် တော့ ဆန္ဒတွေ ပြည့်ဝလာတတ်တယ်၊ ကံကြမ္မာက ယွန်းကို အမြဲ မျက်နှာသာပေးတယ်နော် ဒယ်ဒီ"

ကလေးတစ်ယောက်လို ဝမ်းသာအားရပြောနေသော သမီး





ဖြစ်သူကိုကြည့်ပြီး ဦးအောင်ကိုဇင် ခေါင်းတညိတ်ညိတ်လုပ်ပြီး. .

"ဒါဟာ ယုံကြည်မှုကို အခြေခံထားတဲ့ ပြင်းပြတဲ့ဆန္ဒတွေကြောင့်ပေါ့ သမီးရယ်၊ ဟိုးမူလတန်း အရွယ်ကတည်းက သမီးအတွေးထဲ ဖြစ်ချင်တာကို ဖြစ်အောင်ကြိုးစားရင် ဖြစ်ကိုဖြစ်စေရမယ်ဆိုတဲ့ စိတ်မျိုးမွေးတတ်အောင် ဒယ်ဒီရိုက်သွင်းပေးထားတယ်လေ၊ တစ်ခုတော့ရှိတာပေါ့ သမီးရယ်၊ ဖြစ်ချင်တာကို တမ်းတနေရုံနဲ့တော့ ရာနှုန်းပြည့် ဘယ်ဖြစ်မလဲ၊ အဲ. . ကြိုးစားမယ်ဆိုရင်တော့ မဖြစ်ဘူးဆိုတာ မရှိဘူး၊ အဓိကက စိတ်ဓါတ်ပြင်းပြခိုင်မာဖို့ပါပဲ၊ သမီးက တစ်နေ့တစ်နေ့ သိမ်းသွားရင်တောင် သူတို့ကို အမြဲရှာဖွေနေတဲ့ စိတ်က သမီးရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးလိုက်တာပဲ"

"ဒါပေမယ့် တစ်ယောက်ကျန်သေးတယ် ဒယ်ဒီရဲ့"

ဦးအောင်ကိုဇင် လှမ်းကြည့်သည်။ ပြီးနောက် မေးဆတ်ပြသည်။

"မာမီ့ကို ရှာရမယ်လေ"

"ဒါပေါ့သမီးရယ်၊ သမီးမာမီနဲ့ ဒယ်ဒီတို့သားအဖ ရေစက်ကုန်ကြသေးဘူးဆိုရင် အနှေးနဲ့အမြန် ပြန်တွေ့ကြမှာပါ"

"ဟုတ်တယ် ဒယ်ဒီ၊ ယွန်း လုံးဝကို ယုံကြည်နေတယ်၊ သိလား၊ မာမီ့ကို ပြန်တွေ့ရလိမ့်မယ်လို့"

သမီးဖြစ်သူ၏ ဆန္ဒနှင့် ထပ်တူထပ်မျှ ဦးအောင်ကိုဇင်လည်း မျှော်လင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာယ်လို့ . . ကျွန်တော့်ဇာတ်လမ်းကို ကျွန်တော်ကိုယ်တိုင် ဇာတ်ညွှန်းခွဲရမယ်. . ဟုတ်လား ယွန်း"

မိသားစုအတွက် ရုန်းကန်ရှာဖွေနေရသည့် အချိန်မှာ မျှော်လင့်မထားသော အခွင့်အရေးတစ်ခုက ကိုယ့်ဆီ ဖျတ်ခနဲ ခုန်ဝင်လာသည်မို့ မင်းထင်ရှား ဝမ်းသာသွားပါသည်။

"ဟုတ်တယ်လေ၊ ရှင်က ရှင့်ဇာတ်လမ်းတွေကို ဗီဒီယို ရိုက်လိုက်ရင် ဇာတ်လမ်းတွေ ပျက်ကုန်လို့ဆိုပြီး မကျေမနပ် ဖြစ်နေတဲ့ စာရေးဆရာ မဟုတ်လား"

ခနဲ့သော လေသံမျိုးဖြင့် ပြောလာသော ယွန်း၏ စကားကြောင့် မင်းထင်ရှား အားနာပြုံးပြုံးကာ. . .

"ဒါကတော့ ယွန်းရယ်၊ ကိုယ်ကိုယ်တိုင် စိတ်နှစ်ပြီး ဖန်တီးထားတဲ့ ဇာတ်အိမ်ဇာတ်လမ်းတွေကို ဇာတ်ညွှန်းရေးဆရာက သူ့စိတ်သူ့သဘောအတိုင်း ဝတ္ထုထဲက အဓိက ဇာတ်ကောင်တွေကို ဖြုတ်ပစ်တော့၊ ဂလိုင်ပေါက်တစ်ခုလို ပေါက်ထွက်သွားတဲ့ ဇာတ်လမ်းတစ်ပုဒ်





ကြည့်ရသလို ကျွန်တော့်ရင်ထဲ ဟာသွားတယ်ဗျာ၊ ဇာတ်လမ်းရဲ့ ရသလည်း ပေါ်လွင်မှု မရှိတော့ဘူးဆိုတော့ စာရေးသူအနေနဲ့ ဘယ်မှာလာပြီး ကျေနပ်မှု ရှိတော့မလဲ"

"ဒါက ရှင်တို့ စာရေးဆရာတွေဘက်က အမြင်ပါ၊ ကျွန်မတို့ ရုပ်ရှင်လောကမှာလည်း ခုလို ဇာတ်လမ်းဖန်တီးဖို့အတွက် အခက်အခဲတွေ ရှိကြတာပဲ၊

ဒါကြောင့် ရိုက်ကွင်းပေါ်မှာ အခြေအနေအရ ဇာတ်ညွှန်း ပြောင်းလဲလိုက်ရတာတွေ ရှိတယ်လေ၊ ဝတ္ထုတစ်ပုဒ်ကို စာရေးဆရာက စိတ်ကူးအတွေးလေးနဲ့ စာရွက်ပေါ်မှာ ရသမြောက်အောင် ပုံဖော်နိုင်ပေမယ့် ကျွန်မတို့ ဒါရိုက်တာတွေ ဇာတ်ညွှန်းရေး ဆရာတွေက ရိုက်ကွင်းပေါ်က အခြေအနေ အချိန်အခါနဲ့ မထင်မှတ်တဲ့ အခက်အခဲတွေကြောင့် ကိုယ့်စိတ်ကြိုက် ပုံဖော်ခွင့်ကို စာရေးဆရာတွေလို ရာနှုန်းပြည့် ဘယ်ဖန်တီးနိုင်မလဲ၊ လူအမျိုးမျိုး စိတ်အထွေထွေနဲ့ လုပ်ကြရတာလေ၊ အခက်အခဲတွေက အများကြီးပေါ့။

ဒီအခက်အခဲတွေကို ရှင့်ကိုသိစေချင်တယ်၊ ဒါကြောင့် . . ရှင်ကိုယ်တိုင် ဖန်တီးထားတဲ့ဇာတ်လမ်းကို ရှင်ကိုယ်တိုင်ပဲ ဇာတ်ညွှန်းခွဲကြည့်လိုက်ပါ"

"အိုခေ ကောင်းပြီလေ၊ ခုလို အခွင့်အရေးပေးတာ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး၊ ရှင်က စာရေးဆရာမို့လို့ ကျွန်မက အကူအညီတောင်းတယ်လို့ပဲ သဘောထားပါ။ ဒီတစ်ကားမှာ ရှင်နဲ့ အဆင်ပြေရင် နောက်ကားတွေမှာ ရှင်နဲ့ပဲ အတူတူ ပူးပေါင်းမယ်လေ၊ ရှင့်ဆန္ဒရှိရင်ပေါ့။ ဘယ်လိုလဲ. . ရှင်သဘောတူလား၊ ကျွန်မရှင့်ကို လိုအပ်တယ်"

"ဘယ်လို ကျွန်တော်နဲ့ပေါင်းမယ်. . ဟုတ်လား၊ ဟား. . ဒီ. . ဒီကိစ္စကို သဘောမတူလို့ ဘယ်ဖြစ်မလဲ၊ ဒါဟာ ကျွန်တော့်ဘဝရဲ့



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကိုအရေးပါတဲ့ မျှော်လင့်ချက်ပဲ၊ ကျွန်တော်ဟာ ယွန်းကို စတွေ့က တည်းက ချစ်နေတာ၊ ဒါကြောင့် ပြန်တွေ့ဖို့ကိုလည်း နေ့တိုင်း မျှော်လင့်နေတာ"

ယွန်း မျက်လုံးပြူးသွားသည်။ သူ ရည်ရွယ်သော စကားအ ဓိပ္ပါယ်က တစ်မျိုး၊ မင်းထင်ရှား သဘောပေါက်သွားတာက တစ်ဖုံမို့ . .

"အဲ . . အဲလိုပေါင်းတာ မဟုတ်ဘူးလို့၊ ရှင်ကလည်းလေ . . ဘာ . . ဘာတွေ တလွဲလျှောက်တွေးနေပြီး ဘာတွေ လာပြောမှန်းကို မသိဘူး စိတ်ညစ်ပါတယ်၊ ကျွန်မပြောတာ အလုပ်အတူတူလုပ်ဖို့ ပြောတာ"

"ဗျာ . ."

ယွန်း မျက်နှာတပြင်လုံး ရဲတက်ကာ မနေတတ် မထိုင်တတ် ဖြစ်ပြီး ဟောက်လိုက်သည်။

ဘာပဲဖြစ်ဖြစ် မင်းထင်ရှား ယွန်းကိုချစ်နေကြောင်း မထင် မှတ်ပဲ ပြောမိသွား၍ တစ်ချက်ခုတ် နှစ်ချက်ပြတ်သွားသည်မို့ ပြော လက်စနှင့် ဆက်ပြောရုံသာ ရှိတော့သည်။

အချစ်နှင့် ပတ်သက်သည့် ရင်ထဲခံစားချက်တွေသည် ကြာ ရှည်အောင်းထား၍ ရကောင်းသည့် အရာမဟုတ်၊ ဒီတော့ ကိုယ့်ဘက် ကစပြီး လက်ဦးထားမှ ဖြစ်မည်။

နို့မို့ဆိုလျှင် စေ့စပ်ထားသည့်သူ ရှိလို့ပါ၊ ချစ်သူရှိပြီးသားပါ ဟူသော အငြင်းစကားတွေဖြင့် ဂိမ်းသွားလျှင် . . . မျှော်လင့်ချက်တွေ အရည်မရ၊ အဖတ်မရဖြစ်ရုံသာ ရှိတော့မည်။

ဒီတော့ ပြောလက်စနှင့် ချောလဲရောထိုင်ရုံသာ

"ကျွန်တော် သဘောပေါက်လွဲသွားတဲ့အတွက် ခွင့်လွှတ်ပါ"

"ဟွန်း ပြောချင်တာတွေပြောပြီးမှ ခွင့်လွှတ်ပါတဲ့"

ယွန်း မကျေမနပ်ပြောပြီး မျက်စောင်းထိုးလိုက်သည်။





"ဒါ . . ဒါပေမယ့် . . မ . . မထူးတော့ပါဘူးယွန်းရယ်" ပြော လက်စနဲ့ ဆက်ပြောပါရစေတော့၊ ကျွန်တော် ယွန်းကို ချစ်တယ်၊ ရုပ်ရှင် ရုံမှာ ကျွန်တော့်ပေါက်ပေါက်တွေကို ရုပ်တည်ကြီးနဲ့ နှိုက်စားပြီး မျက် စောင်းထိုးခံရကတည်းက အဲဒီအကြည့်တွေကို ကျွန်တော် စွဲသွားတာ ပါ"

ထိုစကားသည် ယွန်းရင်ကို ထိတ်ခနဲ လှိုက်ဖိုသွားစေသည်၊ သို့သော် ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ချစ်သည်ဆိုသည့်စကား အ ပြောခံရတာကိုတော့ မနှစ်မြို့၊ ဒါဟာ မရိုးသားမှု၊ တစ်စုံတစ်ရာ ပါဝင် နေလျှင် ယွန်းအတွက် ဂုဏ်သိက္ခာတွေ ကျဆင်းသွားနိုင်သည်။

"ကိုမင်းထင်ရှား၊ ဒီအချိန်မှာ ဒါတွေပြောနေလို့တော့ အပိုပဲ ဘာဖြစ်လို့လဲဆိုတော့ ယွန်းရင်ထဲမှာ ကိုမင်းထင်ရှားနဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိသေးလို့ပဲ"

ယွန်းအရွယ်က ယောကျ်ားတစ်ယောက်ရှေ့မှာ ရင်ခုန်စိတ် လှုပ်ရှားစရာတွေ ထုတ်ပြရမည့် အရွယ်မှ မဟုတ်တာ၊ ခံစားမှုတွေကို ဂုဏ်သိက္ခာ အဆင့်အတန်းနှင့်ညှိပြီး ဣန္ဒြေဆည်သင့်လျှင် ဆည်ရမည်။

"ကျွန်တော် နားလည်ပါတယ် ယွန်း၊ တကယ်ဆို ကျွန်တော် ဖွင့်ပြောတာ ပြောသင့်ပြောထိုက်တဲ့အချိန်ထက် ပိုစောနေပါတယ်၊ ဒါပေမယ့် ကျွန်တော် မမျိုသိပ်ထားနိုင်တော့လို့ပါ၊ အဲဒီအတွက် ယွန်း ဘက်က အလောတကြီး အဖြေပေးစရာ မလိုပါဘူး၊ အချိန်တစ်ခုတော့ ယူရဦးမှာပေါ့၊ နောက်ပြီး . . ."

ထိုစဉ် ယွန်းလက်ကိုင်အိတ်ထဲမှ ဖုန်းမြည်လာသဖြင့် မင်းထင် ရှား စကားပြောနေရင်းမှ တန့်သွားသည်။

အရေးထဲ ဒီဖုန်းက လာနေသေးတယ်ဟု စိတ်ထဲမှ မကျေမ နပ် ပြောလိုက်သည်။

ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်နေသည်ဆိုတာကို ယွန်းသိသွားပြီမို့



www.burmeseclassic.com

www.burmeseclassic.com



အချစ်အတွက် နိဒါန်းတွေ ပျိုးနေပြီဟု ခိုင်မာစွာ တွေးလိုက်သည်။

စကြာဝဠာကြီးရေ တဆိတ်လောက် ကူညီပါဦး သူ ကျွန်တော့်ကို ချစ်လာဖို့ကိုလေ။







# အခန်း(၁၄)

"မင်းတို့ တော်တော်ခရီးရောက်နေကြပြီပေါ့. . ဟုတ်လား"

"ငါက ဘယ်သူနဲ့ ဘယ်ခရီးကိုရောက်ရမှာလဲကွ၊ မင်းကလည်း အရင်းမရှိ အဖျားမရှိနဲ့"

ဘီယာတစ်ငုံကို မော့ပြီး ဒီရဲနေ၏ အမေးကို အရှူးကွက်နင်းပြီး သိသလို မေးလိုက်သည်။

"အောင်မာ မသိချင်ယောင်ဆောင်နေသေးတယ်"

"ဘာလဲ. . ငါ ဘာမှမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ဒါရိုက်တာယွန်းပန်းဖြူရဲ့ ခင်မင်မှု အတိုင်းအတာက နေ ရင်ခုန်မှု ဘယ်အဆင့်ရောက်နေသလဲ ဆိုတာကိုမေးတာ"

ဒီတော့မှ မင်းထင်ရှား ဟတ်ခနဲ ရယ်လိုက်ပြီး အာလူးကြော် တစ်ခုယူကာ ဂျွမ်းခနဲ ဝါးလိုက်ပြီး. . .

"ဩော်. . ဒါလား၊ အင်း ပြောရင်တောင် ယုံပါ့မလား၊ ဟဲ. . ဟဲ. . ဟဲ. . ငါ ပရိုပို့စ် လုပ်ပြီးပြီကွ"

"ဟင်. . မင်း တကယ်လျှင်တာပဲ၊ ပုံစံကတော့ မခုတ်တတ်တဲ့ ကြောင်ပုံစံမျိုးနဲ့ ဒါမျိုးကျတော့ ဆရာစားတောင် မချန်ဘူး၊ လက်သွက် တယ်"

"မနာလို မရှိနဲ့ ဟေ့ကောင်၊ ပြောရမယ်ဆိုရင် ငါလည်း ပြော မရည်ရွယ်ဘူး၊ ဟဲ. . ဟဲ. . တမင်တကာကို ချော်လဲရောထိုင်လိုက် တာနဲ့ နည်းနည်းဝင်တည့်သွားတာ"

"အဟတ်. . တစ်နေ့တစ်နေ့ ဒီမိန်းကလေးကို တွေ့ချင်လို့ ထိုင်ထိုင်ပြီး ဆုတောင်းနေတော့ မင်းပြောတဲ့ စကြာဝဠာကြီးက နား ငြီးပြီး ပေးတွေ့လိုက်တာဖြစ်မယ်၊ ပြောပါဦး ဘယ်လိုဝင်တည့်သွား တာလဲ"

သူငယ်ချင်း အရင်းကြီးမို့ ပြောပြလိုက်သည်။ ဒီရဲနေ နား ထောင်ပြီးသည်နှင့် ခပ်လျှောင်လျှောင် ရယ်လိုက်သည်။

"ဘာရယ်တာလဲ ဟေ့ကောင်"

"ဟိုက မင်းကို စိတ်မဝင်စားဘူးလို့ ပြောသွားတာပဲ၊ ဒါဟာ ပြီးပါပြီလို့ စာတန်းထိုးလိုက်တာနဲ့ အတူတူပဲပေါ့ကွ"

"မဟုတ်ဘူး အဲဒါ မှုတာကွ၊ သူက မိန်းကလေးလေ၊ နောက် ပြီး အနုပညာရှင်တစ်ယောက်၊ လွယ်လွယ်နဲ့ ငါ့ကို ချစ်ပါတယ်လို့ ဖြန် ပြောမလား၊ နည်းနည်းတော့ အိုက်တင်ခံအုံးမှာပေါ့"

"အင်းလေ. . တွေ့ဆုံမှုတွေ ထူးခြားမှုတော့ ခံစားမှုတွေလည်း





သွပ်ခတ်ကုန်ကြပြီပေါ့"

"ဟုတ်တယ် ဒီရဲ၊ ငါ မင်းပြောတာကို လက်ခံတယ်၊ ငါတို့နှစ် ယောက်ကို တွေ့ဆုံဖို့ ကံကြမ္မာက တမင်တကာကြီးကို ဖန်တီးပေး လိုက်သလိုပဲ"

"အေးလေ ရုပ်ရှင်ပြကွက် ဆန်လွန်းပါတယ်၊ နှစ်ယောက်စလုံး က ဒီကားကို ဖန်တီးထားကြတဲ့ စာရေးဆရာနဲ့ ဒါရိုက်တာ ဖြစ်နေပြီး တစ်ရက်ထဲ တစ်ချိန်တည်း တစ်နေရာတည်းမှာ အကြောင်းပြချက် တစ်ခုနဲ့ လာဆုံတွေ့ကြတယ်ဆိုတာ အင်မတန် တိုက်ဆိုင်ခဲ့ပါတယ်၊ သေချာတယ်၊ မင်းနဲ့သူနဲ့ လုံးဝကို ပေါင်းဖက်ရလိမ့်မယ်"

ကောင်းချီးပေးနေသော ဒီရဲနေကို သန့်စင်သောအပြုံးဖြင့် ပြုံးကာကြည့်လိုက်ပြီး

"ငါနဲ့ စကြာဝဠာကြီးနဲ့ လုံးဝကို ချိတ်ဆက်မိနေပြီ ဒီရဲ၊ ငါ့ရဲ့ ဆုစာရှင်က ဥမ္မာဒန္တီလို မိန်းကလေးမျိုးဆိုရင် ငါကတော့ အရာရာကို ဖန်ဆင်းပေးနိုင်တဲ့ မီးခွက်စောင့် ဘီလူးကြီးကို ပိုင်ဆိုင်ထားတဲ့ အာ လာဒင်ပေါ့"

ပြောပြနေရတာကိုက ရင်ထဲမှာ ချမ်းမြေ့လိုက်ပါဘိ။

"ငါ့အတွက် လိုချင်တပ်မက်မှု အတိုင်းအတာတစ်ခုဆိုတာ စကြာဝဠာ အတွက်တော့ ဘာမှမပြောပလောက်ပါဘူး၊ သူက ငါတို့ လူသားတွေမှာ ဖြစ်နေတဲ့ စိတ်ခံစားမှုနဲ့ လူတွေလိုချင်နေတဲ့ သက်ရှိ သက်မဲ့ အရာဝတ္ထုတွေကို စံနစ်တကျ ဆက်သွယ်ပေးဖို့ အသင့်အနေ အထားမှာ ရှိနေတယ်ဆိုတာ ငါ လုံးဝကို ယုံကြည်တယ် ဒီရဲ၊ အဓိကက တောင်းဆိုတတ်ရမယ်၊ ယုံကြည်မှု စိတ်ခွန်အားတွေ ပြင်းထန်ရမယ်၊ ပြီးရင် လက်ခံယူတတ်ရမယ်၊ ဒါဆို ငါတို့ လူသားတွေနဲ့ စကြာဝဠာကြီး အပေးအယူ တည့်သွားလိမ့်မယ်၊ မင်းလည်း ငါ့လိုပဲ ယုံယုံကြည်ကြည်နဲ့ တောင်းခံကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို တောင်းခံရမှာလဲ"

"မင်းရဲ့ဆန္ဒတစ်ခုကိုပေါ့"

"အဟတ်. . ငါ့မှာရှိနေတဲ့ အကြွေးတွေ ကျေစေချင်တယ် နောက်ပြီး ငါ့မိန်းမရဲ့ အသုံးအဖြုန်း အရမ်းကြီးတဲ့ စရိုက်တွေကို ပြင်ချင်တယ်၊ ငါ့ယောက္ခမကြီးကို အိမ်မလာစေချင်ဘူး၊ အဲ. . နောက်ပြီး မိန်းမရဲ့ဆွေမျိုးတွေ ဒုက္ခလာလာပေးနေတာတွေကို ရပ်တန်းက ရပ်စေချင်တယ်၊ နောက်ပြီး ကလေးတွေ နှစ်နှစ်ကိုတစ်ယောက်နှုန်း မျိုးပွားနေတဲ့ ငါ့မိန်းမရဲ့ မျိုးပွားနှုန်းတွေကို တုံးစေချင်တယ်၊ နောက်ပြီး တစ်လကို သိန်းနှစ်ဆယ်လောက်ဝင်တဲ့ အလုပ်မျိုးရရင် သမာအာဇီဝကျကျ လုပ်ချင်တယ်၊ နောက်ဆုံးပေါ် ကားစီးပြီး ကောင်မလေး ချောချောလေးနဲ့ ဒိတ်လုပ်ချင်တယ်၊ ဟီးဟီးဟီး. . ဒီလောက်ပါပဲ"

"ဟွန်း လောဘကလည်း ကြီးလိုက်တာကွာ၊ မိန်းမက ကလေးခြောက်ယောက် မွေးနေတာတောင် ခုချိန်ထိ မိန်းမတွေကို စိတ်မပျက်သေးဘူး"

"ဒါကတော့ စိတ်ဖြေရာပေါ့ကွာ၊ အိမ်က မိန်းမကတော့ အမြဲတမ်း ပေါင်းရမှာပဲ"

"မအေးမြန့်တွေ့မှ တောင်းတနေတဲ့ မင်းအကြောင်းကို ဖွလေးလိုက်ဦးမယ်"

"ဟာ. . ပေါ့ကောင် ဆေးလာမထိုးနဲ့နော်၊ ငါ့မိန်းမ ငါ့တို့နှင်ချရင် မင်းအိမ်ပေါ်ကို တက်လာမှာ"

"လာလေ ခုတလော ငါ ထမင်းစားမကောင်း ဖြစ်နေတာ ပိုတဲ့ ထမင်းကျန်ဟင်းကျန်တွေကို ခြံရှေ့က ဗိုလ်နက်ကို ကျွေး. . ကျွေးနေရတယ်၊ မင်း လာနေရင်တော့ မင်းကို ကျွေးမှာပေါ့"

"သေနာကောင်၊ ငါ့ကို ခွေးနဲ့ နှိုင်းရုံတင် မဟုတ်ဘူး၊ စားခွက်ပါ လုခိုင်းနေတယ်၊ ခွီးတဲ့မှပဲ"





ဒီရဲနေ ဒေါသထွက်သွားသည်။ မင်းထင်ရှား တဟားဟားဖြင့် အော်ရယ်ရင်း. . .

"စားခွက်လုစရာ မလိုပါဘူးကွာ၊ ငါက သူငယ်ချင်းဖြစ်တဲ့ မင်းကိုပဲ ဦးစားပေး ကျွေးမှာပေါ့၊ ဗိုလ်နက်ကို ကျွေးစရာလား"

"တော်. . တော် အသေခံလိုက်မယ်၊ လုမစား. . အဲ. . မစားဘူးကွ"

လူပိန်သလောက် ဒေါသထွက်လွယ်သော ဒီရဲနေကိုကြည့်ပြီး မင်းထင်ရှား ဆက်မနောက်တော့၊ အကြည့်တွေက လမ်းမပေါ် ရောက်သွားသည်။

နေကြဲကြဲတောက် ပူနေသည့် အပူရှိန်အောက်တွင် ဖွေးဝတ်သက်ချောပို ဖိနပ်မပါဘဲ လျှောက်သွားနေသည်။ ဖွေးဝတ်သက်ချောပိုကိုမြင်ပြီး ယွန်းကို ဖုတ်ခနဲ သတိရသွားသည်။

အရှုးအကြောင်းပြပြီး ယွန်းနှင့် စကားပြောဖို့ အာသီသ ပြင်းပြလာသည်။

ဒီအချိန် ယွန်း ဘာလုပ်နေလဲ. . ရိုက်ကွင်းမှာလား၊ အိမ်မှာလား။

စွဲမက်စရာကောင်းသော မျက်နှာလေးကို မြင်ချင်တွေ့ချင်စိတ်တွေ တဖွားဖွားပေါ်လာပြီး ဖုန်းကို ထုတ်လိုက်သည်။

အသံလေး ကြားရလည်း ကျေနပ်ပါသည်။

ရှုတင်ထမင်းစားချိန်မှာ ဖုန်းဝင်လာ၍ ဝါးနေသော ထမင်းလုပ်ကို မြန်မြန်မျိုချကာ ဖုန်းထူးလိုက်သည်။

"ဟဲလို"

"ဩော်. . ကိုမင်းထင်ရှား. . ပြောလေ၊ ဇာတ်ညွှန်းပြီးလို့ ဖုန်းဆက်လိုက်တာလား"

အကြောင်းမရှိပဲ ဖုန်းမဆက်တတ်သောကြောင့် အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို အရင်ဆုံး မေးလိုက်သည်။ တစ်ဖက်ဖုန်းထဲမှ. .

"ယွန်းရဲ့ မင်းသမီး ပေတရာမှာ ဖိနပ်မပါ ထီးမပါနဲ့ လျှောက်သွားနေတယ် ယွန်းရေ"

"အဲဒီတော့ ကျွန်မက ဘာလုပ်ရမှာလဲ၊ ရှင် အမြင်မတော်ဘူးထင်ရင် ရှင့်ဖိနပ်ချွတ်ပြီး ထီးသွားမိုးပေးလိုက်လေ၊ အဟင်း. . ခစ်. . ခစ်. . ခစ်. ."

"ဟာ. . အဲ. . အဲလိုတော့ လုပ်ချင်တာပေ့ါ၊ ဒါပေမယ့် သူက အရှုံးမလေ၊ ကျွန်တော့်ကို လူတွေ တစ်မျိုးထင်ကြမှာပေ့ါဗျ"

တစ်ဖက်ဖုန်းထဲမှ မင်းထင်ရှား၏ အကြောင်းပြချက် စကားကြောင့် ခပ်မဲ့မဲ့လေး ရယ်လိုက်ပြီး. . .

"ဟုတ်ပါပြီ၊ ရှင်ပြောချင်တာ ဘာလဲဆိုတာ ကျွန်မသိပါတယ်၊ ခုတော့ ရှူတင်ရောက်နေလို့ မလာအားဘူး၊ ညနေကျရင်တော့ အဲဒီဘက်က လှည့်ပြန်ပြီး သူလိုအပ်တာတွေကို ဝယ်လာပေးမယ်လေ"

"အင်း. . အဲဒီအစီအစဉ် ကောင်းတယ်၊ ကျွန်တော့်ရဲ့ ဧည့်လက်စဇာတ်ညွှန်းကိုလည်း ပြချင်တယ်၊ လိုအပ်တာရှိရင် ပြင်လို့ရအောင်လေ၊ နောက်ပြီး ကျွန်တော့်အမေနဲ့ မိတ်ဆက်ပေးမယ်၊ အမေက ယွန်းကိုတွေ့ချင်နေတာ"

"ဟုတ်ပါပြီ၊ ဒါဆို ညနေမှ တွေ့မယ်လေ"

ထမင်းစားရင်း တန်းလန်းမို့ စကားဆက်မရှည်ချင်တော့၍ မြန်မြန်ဖြတ်လိုက်ရသည်။

ခပ်လှမ်းလှမ်းမှာ ထမင်းစားနေသော မင်းသားထူးမြတ် ခပ်ပြုံးပြုံး လှမ်းကြည့်သည်။

"ကျွန်တော်တို့ ဒါရိုက်တာ ယွန်းဆီမှာလဲ ဖုန်းဆက်ရမယ့်သူ ရှိနေပြီပဲ၊ အားကျလိုက်တာဗျာ"

ယွန်း အရှက်ပြေ ရယ်လိုက်သည်။





"ရိုးရိုးသားသား မိတ်ဆွေတွေပါ၊ ထူးမြတ်ရယ်"

"ဆန်းပြားတယ်ဆိုတာ ရိုးစင်းခြင်းကနေ စတင်ခဲ့တာပါ။ ရိုးသားနေတဲ့ ရင်ခုန်သံတွေ အသက်ဝင်လာပြီ ဆိုရင်တော့ သိပ်ကိုသေချာတယ်၊ ဒါဟာ အချစ်ပဲ"

ထူးမြတ်စကားကြောင့် ဟိုအရင်ရက်က မင်းထင်ရှား ပြောလိုက်သော ချစ်သည်ဆိုသည့် စကားလုံးများသည် နားစည်ထဲသို့ ပြန်တိုးဝင်လာကာ ရင်ထဲမှာ လှိုက်ကနဲ ဖိုသွားသည်။

တစ်သက်လုံး ချစ်သူမထားပဲ အပျိုကြီးပဲ လုပ်တော့မယ်လို့ ကြွေးကြော်ခဲ့တာလေ။

ခုတော့. . .

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



"ဟာယ်. . လှလိုက်တာ. . လှလိုက်တာ"

ယွန်းဝယ်လာသော ဖိနပ်ကို စီးကြည့်ပြီး သက်ချောပို ဆွေဆွေ့ခုန်နေသည်။

"အဲဒါ ရှင့်အတွက် ဝယ်လာတာ၊ လမ်းသွားရင် အဲဒီဖိနပ်ကို အမြဲစီးပြီးတော့ ဒီဦးထုပ်ကိုလည်း အမြဲဆောင်းထားပါ၊ ဒါမှ အဒေါ်ကြီးကို ခရမ်းလွန်ရောင်ခြည်တွေ မထိမှာ"

ဇာအနားကွပ်ကာ ဖဲပြားအကြီးကြီးပါသော ဦးထုပ်အဝိုင်းကြီးကို သက်ချောပိုခေါင်းမှာ ဆောင်းပေးလိုက်သည်။

"ဒါတွေအားလုံး ငါ့အတွက်လား၊ ငါ့ကို ပေးတာလားဟင်"

"ဒါပေါ့၊ အဒေါ်ကြီးကို အပိုင်ပေးတာ၊ ဘယ်သူ့ကိုမှ လျှောက်မပေးနဲ့နော်၊ မပျောက်ပျက်အောင် တရိုတသေထိုင်"

"ကိုင်မှာ. . ကိုင်မှာ၊ လုံးဝကို တရိုတသေကိုင်မှာ. . ရှိသေလွန်းလို့ ညတိုင်း ရှစ်ခိုးပြီးအိပ်မှာ. . ခစ်. . ခစ်. . ခစ်. . ခစ်"

"ရော့. . ဒါတွေလဲ စားလိုက်ဦး"





"ဟွန်း. . စားချင်ဘူး၊ အဲဒီထဲမှာ အဆိပ်တွေပါတယ် မဟုတ်လား၊ ပြီးရင် ငါ့ကို အပိုင်သိမ်းမှာလေ"

ကမ်းပေးလိုက်သော ကြက်ကြော်ဘူးကို မနှစ်မြို့စွာကြည့်ပြီး ပြောလာသော စကားကြောင့် မင်းထင်ရှား ကြောင်သွားသည်။ ရူးနေသည်ဆိုတော့လည်း အပြစ်ယူ၍ မရ။

"အယ်. . ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေပြန်ပါပြီ၊ လူကသာ ရူးနေတာ စိတ်က ပြဿဒ်ဖျားပေါ်ကကို မဆင်းဘူး၊ မစားချင်လည်း မကျွေးဘူး"

"ကဲပါ ကိုမင်းထင်ရှားရယ်၊ စိတ်မနှံ့တဲ့သူနဲ့ ဖက်ပြိုင်ပြီး ဖြစ်နေတယ်၊ အဟင်း. . ဟင်း. . ဟင်း"

"အေးလေ. . သူစိတ်မနှံ့ဘူး၊ ရူးနေတဲ့အရူး သတိထား၊ သူ့မှာလေ မိန်းမခြောက်ယောက်ခွဲရှိတယ်၊ ခိ. . ခိ. . ခိ ငါ့က သူ့မယားကြီးလေ၊ ကလေးတွေကို ဂျပန်ပို့ထားတယ်"

"ဟာ. . ဟေ့. . ပေါက်. . ပေါက်ကရတွေ"

ယွန်းရှေ့မှာ မဟုတ်တန်းတရားတွေ အပြောခံနေရ၍ မင်းထင်ရှား နေရထိုင်ရ ခက်စွာဖြင့် အရူးမကြီး သက်ချောပိုကို အံတကြိတ်ကြိတ်ဖြင့် ကြည့်သည်။

"အံမယ်. . ခုမှ မျက်ရိပ်မျက်ကဲ လာမပြပါနဲ့၊ ယောကျ်ားနော် ချောကို ပစ်မထားနဲ့တော့၊ ချောက ယောကျ်ားမရှိရင် နေတတ်တာ မဟုတ်ဘူး"

ယွန်း မနေနိုင်တော့၊ ပေါက်ကရတွေ ပြောနေသော အရူးမကြီးနှင့် လူပျိုရည် အဖျက်ခံနေရ၍ ဒေါသတွေထွက်နေသော မင်းထင်ရှားကိုကြည့်ကာ တသိမ့်သိမ့်နှင့် ရယ်လိုက်သည်။

"ယွန်း မရယ်နဲ့၊ သူပြောတာတွေ တစ်ခုမှမဟုတ်ဘူးကွ"

"အယ်. . ဘာလို့ မဟုတ်ရမှာလဲ၊ ဒီမှာ မအတူ"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဝတ်သက်ချောပို ယွန်းကို လက်လှမ်းကုတ်ပြီး လေသံ တိုးတိုးဖြင့်. . .

"ခုလေ ကျုပ်မှာ ကိုယ်ဝန်သုံးလ ရှိနေပြီတဲ့၊ မနေ့ကပဲ ဝိတိုရိယ ဆေးရုံက သားဖွားမီးယပ် ဆရာဝန်မကြီးက ကျုပ်အိမ်မှာလာပြီး စမ်းသပ်ပေးသွားတယ်၊ အဲဒါ သူနဲ့ရတာ"

ယွန်း ရယ်ရလွန်း၍ ဗိုက်ကြောတွေပင် နာလာသည်။

"ဟာ. . ဘာလဲကွာ၊ ဟေ့. . ခင်ဗျားကို ခုလိုတွေ ခံစားရအောင်. . နောက်ပြီး ဖိနပ်တွေ ဦးထုပ်တွေ၊ အဝတ်အစားတွေရအောင် ကျုပ် ဖန်တီးပေးထားတာလေ"

"ဟုတ်တယ်လေ ရှင်ဖန်တီးထားလို့ ခု ကျုပ်ဗိုက်ထဲ ကလေးရှိနေတာပေ့၊ ဒါပဲနော် ဒီတစ်ခါတော့ ကိုရီးယားမှာသွားမွေးပေးရမယ် သိလားယောက်ျား၊ ကျုပ်က ဒီဟာတွေကို စားချင်စိတ် မရှိဘူး၊ ဒါပေမယ့် ဗိုက်ထဲကကလေး အားရှိဖို့အတွက် မစားချင်လည်း စားပေးရမှာပဲ"

ပြောပြောဆိုဆို မင်းထင်ရှား လက်ထဲမှ ကြက်ကြော်ဘူးကို ဆတ်ခနဲ လှမ်းယူကာ ကမန်းကတန်းဖွင့်ပြီး အငမ်းမရ စားတော့၏။

"ဟွန်း. . ရူးနေလို့ပဲ၊ မရူးသာ မရူးရင် ရပ်ကွက်ကို ခေါင်းပေါ် ရွက်ပြီး လိုက်လည်ရောင်းမယ့်မိန်းမကြီး သူ မသိတာလဲ ဘာမှမရှိဘူး"

"သူက စာတတ်လို့လား၊ ကိုမင်းထင်ရှား"

"အင်း စာတော့တတ်တယ်၊ တစ်ခါတစ်လေ လမ်းထိပ်က ဂျာနယ်ဆိုင်မှာ ဂျာနယ်တွေ ယူယူဖတ်နေတာတော့ တွေ့တယ်၊ စာလည်း ရေးတတ်တယ်၊ ဟောဟိုက အိမ်နံရံမှာ ရေးထားတဲ့ စာတွေက သူရေးထားတာလေ"

မေးဆတ်ပြီး ညွှန်ပြသော အုတ်နံရံတွေဆီသို့ ယွန်းလှည့်ကြည့်လိုက်သည်။





*လောကမှာ ယောက်ျားတွေ မကောင်းဘူး၊ လောကမှာ ငါကလွဲပြီး အားလုံး အရူးတွေ။ (ပဋ္ဌပါဝီ. . . လင်ရပါပြီ၊ ယောက်ျားရေ(၃))*

*ငါလည်းမရှိ၊ ငါလည်းမသိ၊ လိုက်ဖမ်းတော့လည်း ဘာမှမရှိ။*

*ဒီနေ့ မင်းသမီး ရှုတင်မရှိ၍ အိမ်မှာကောင်းကောင်း အနားယူနေပါသည်။ ကျေးဇူးပြုပြီး လောကကြီး တိတ်ဆိတ်စွာ ငြိမ်သက်ပေးပါ။ (ဇိနတ္တပကာသနီ)*

*လီမင်ဟိုနဲ့ ငါနဲ့ညား၊ ကလေးငါးယောက်ပွား. . ဟား. . ဟား. . ဟား. . ဟ. . ။*

နံရံပေါ်မှာ အကြောင်းအရာမျိုးစုံကို စုံစီနဖာ ရေးထားသော စာတမ်းတွေကိုဖတ်ပြီး ယွန်း အသံတိတ် ရယ်လိုက်သည်။

အရူးမကြီး သက်ချောပိုကတော့ ကြက်ကြော်တွေကို အားရပါးရ စားနေဆဲ။

"ဇိနတ္တပကာသနီကိုတောင် သိနေတယ်ဆိုတော့ မရူးခင်က စာတတ်မယ့်ပုံပဲ၊ ဒါနဲ့ ဒီအိမ်ကရော သူ့အိမ်လား"

"အင်း. . ဟုတ်တယ်၊ ကိုယ်တို့ ဒီရပ်ကွက်ထဲ မပြောင်းလာခင်တုန်းက ဒီအိမ်မှာ သူနဲ့ သူ့ယောက်ျားနေတယ်တဲ့၊ နောက်ပြီး သူ့ယောက်ျားက သေသွားတာလား၊ နောက်မိန်းမ ယူသွားတာလား မသိဘူး၊ အဲဒီအချိန်ကတည်းက သူက စိတ်သိပ်မမှန်တော့တာတဲ့၊ ဒီအိမ်ထဲမှာ အရင်က အိမ်ထောင်ပစ္စည်း အပြည့်အစုံရှိတယ်၊ သူက စိတ်ရူးပေါက်ပြီး လူတွေကို တစ်ရာနှစ်ရာဈေးတွေနဲ့ ရောင်းလိုက်လို့ အိမ်နီးနားချင်းတွေက မတရားယူလိုက်ကြတယ်ဆိုလား၊ သေသေချာချာတော့ မသိဘူး"

ဖွေးဝတ်အိသက်ချောပိုအကြောင်း နားထောင်နေရင်းမှ ယွန်းရင်ထဲ ဆို့နင့်လာသလိုလိုကြီး ခံစားလာရသည်။

"စိတ်ကလည်း သိပ်မနှံ့၊ မိသားစုကလည်း မရှိဆိုတော့ သူ့အ



www.burmeseclassic.com

www.burmeseclassic.com



သက်ရှင်ဖို့အတွက် တော်တော်လေးရုန်းကန်နေရမှာပဲနော်”

“ဒါပေါ့ ယွန်းရယ်၊ ဒါကလည်း သူ့ရဲ့ အကျိုးပေးမကောင်းတဲ့ ကံကြမ္မာကြောင့်လို့ပဲ မှတ်ယူရတော့မှာပေါ့၊ ကဲပါ. . သူ့အကြောင်း ပြောနေတာနဲ့ အချိန်တောင် တော်တော်ကုန်နေပြီလား၊ ကိုယ့်အိမ်ကို သွားရအောင်၊ အမေ စောင့်နေလိမ့်မယ်၊ ယွန်းလာရင် ကျွေးဖို့ဆိုပြီး အစားအသောက်တွေ စီစဉ်နေတယ်”

“ဒုက္ခရှာလို့ ကိုမင်းထင်ရှားရယ်၊ ယွန်းကြောင့် ရှင့်အမေ အလုပ်ပိုပါတယ်”

“မရှုပ်ပါဘူး ယွန်းရယ်၊ ယွန်းက ကျွန်တော့်အတွက်ရော ကျွန်တော့်မိသားစု အတွက်ရော အင်မတန် ဂုဏ်သရေရှိတဲ့ အထူးဧည့်သည်ပါ”

အမွှန်းတင်နေသော မင်းထင်ရှား စကားကြောင့် ယွန်းပန်းဖြူ ခပ်လှဲ့လှဲ့ ပြုံးလိုက်သည်။ ထိုအပြုံးတွေကို မလွတ်တမ်း ငေးမောကြည့် လိုက်သည်။

သူမ အပြုံးအောက်မှာ တိမ်တိုက်တို့ ဝင်းလဲ့မှုန်ပြာသွားကြ သည်။

ဒီလိုနေ့မျိုးတွေရောက်လို့ ဆန္ဒတွေကို အသက်သွင်းခဲ့ရတဲ့ အချိန်နှင့် စိတ်ခံစားမှုတို့သည် သက်တမ်းရင့်၍ပင် နေ၏။

ကျေးဇူးပဲ စကြာဝဠာကြီးရေ၊ ဆက်ပြီး ကူညီပါဦး။

သူ့ရဲ့ ပါးပြင်ဖူးဖူးလေးကို နမ်းခွင့်ကြုံရမယ့် နေ့များစွာကိုလော လောဘကြီးတာတော့ မဟုတ်ပါဘူး၊ ရင်ဘတ်ကြီးက တောင်းဆိုနေလို့ ပါ။







# အခန်း(၁၄)

“ဟော ဗျာ၊ အိမ်တံခါးကြီးက ဘာလို့ ပိတ်ထားရတာ တုန်း”

ကားပေါ်ကဆင်းဆင်းချင်း ပိတ်ထားသော အိမ်တံခါးကိုကြည့် ပြီး မင်းထင်ရှား စိတ်လေသွားသည်။

“အမေ ဘယ်ထွက်သွားလဲ မသိဘူး၊ ယွန်း. . နေဦးနော်. . ကိုယ်. . ဘေးအိမ်ကို မေးကြည့်လိုက်ဦးမယ်၊ အားနာလိုက်တာ”

မျက်နှာပူပူနှင့်ပင် ဘေးအိမ်ရှိရာသို့ အသွား ဘေးအိမ်မှ ဦးသာလှ ထွက်လာသည်။

“မောင်ရှားရေ၊ မင်းအမေ. . ခုပဲ ဈေးကြီးသူတို့ဗျာနဲ့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ ရော့. . အိမ်သော့အပ်ခဲ့တယ်၊ စားစရာတွေအားလုံး စီစဉ်ပြီးပြီတဲ့၊ ဧည့်သည်ကို ကောင်းကောင်းဧည့်ခံဖို့ မှာသွားတယ်”

“အမေက ဘယ်သွားမယ်လို့ ပြောသွားလဲ ဦးလေး”

“မင်းနုမ အလုပ်မှာ ဗိုက်အောင့်လို့ ဖုန်းဆက်တယ်ဆိုလားပဲ”

“ဩော်. . ဟုတ်လား၊ အရေးထဲမှ ဗိုက်ကအောင့်ရတယ်လို့”

ညီမဖြစ်သူကို ခပ်တိုးတိုး အပြစ်တင်ရင်း ဦးသာလှ ကမ်းပေးသော အိမ်သော့ကို လှမ်းယူလိုက်သည်။

ဦးသာလှ ကားပေါ်မှာ ထိုင်နေသော ယွန်းပန်းဖြူကို လှမ်း၍ အကဲခတ်သည်။

“ယွန်းကို အားနာတယ်ဗျာ၊ အမေက ယွန်းကို အရမ်း တွေ့ချင်နေတာ၊ ညီမလေးက အလုပ်ထဲမှာ ဗိုက်အောင့်နေလို့ ဖုန်းဆက်ခေါ်တာနဲ့ သွားရတာ၊ အမေလည်း ယွန်းကို အားနာနေမှာ သေချာတယ်”

“ကိစ္စမရှိပါဘူး ကိုမင်းထင်ရှားရယ်၊ အခု မဆုံပေမယ့် နောက်တစ်ခေါက် ဆုံအုံးမှာပဲ”

စိတ်ဆိုးဟန်မပြဘဲ နားလည်မှုအပြည့်ဖြင့် ပြောနေသော ယွန်းကိုကြည့်ပြီး စိတ်နည်းနည်း အေးသွားသည်။

“ကဲ. . ဒါဆို အထဲဝင်ကြမယ်၊ ကားပေါ်က ဆင်းလေ”

ယွန်း ကားပေါ်မှ ဆင်းလိုက်သည်။ အိမ်ထဲမှာ နှစ်ယောက်ထဲ ထမင်းလက်ဆုံ စားရမည့်အရေးတွေးကာ မင်းထင်ရှားစိတ်တွေ သိမ်ဂဏှာမငြိမ်။

ဒီအချိန်မှာ အခွင့်အရေး ယူ၍တော့ မဖြစ်။

“ကြားသွားပြီ ကြားသွားပြီကွ၊ ငါပြောတာကို စကြာဝဠာကြီး ကြားသွားပြီ၊ ဟား. . ဟား. . ဟား”

ခြံဝကတည်းက အော်ကြီးဟစ်ကျယ်ပြောပြီး တက်လာသော





ဒီရဲနေအသံကြောင့် ရင်ခုန်သံ နွေးနွေးဖြင့် ထမင်းလက်ဆုံစားနေကြသော မင်းထင်ရှားနှင့် ယွန်းပန်းဖြူ အိမ်ရှေ့ကို ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

ဒီရဲနေ အိမ်ပေါ်ကို တက်လာသည်။

“ဘာဖြစ်လာတာလဲ၊ ဘာကို ကြားသွားတာလဲ”

စားလက်စ ထမင်းလုတ်ကို ဆက်မစားတော့ပဲ ဒီရဲနေကို လှမ်းမေးလိုက်သည်။ ယွန်းပါ မျက်ဝန်းဝိုင်းလေးဖြင့် ဒီရဲနေကို နားမလည်စွာကြည့်သည်။

ယွန်းကိုမြင်တော့ ဒီရဲနေ အော်ကြီးဟစ်ကျယ်ပြောခြင်းကို အရှိန်သတ်လိုက်ပြီး. . .

“ဩော် ဧည့်သည်ရောက်နေတာကိုး၊ ဆောရီးနော် ကျွန်တော်က ကိုရှား တစ်ယောက်ထဲထင်လို့”

“ရပါတယ်ရှင်. . ”

“ဒါ. . ဒါရိုက်တာ ယွန်းပန်းဖြူလေ၊ ယွန်း. . သူက နိုင်ငံရေးစာပေတွေကို ရေးတယ်၊ သရော်စာတွေကိုလည်း ရေးတဲ့ စာရေးဆရာ ဒီရဲနေ”

မိတ်ဆက်ပေးခြင်းကို အပြုံးဖြင့် အသိအမှတ်ပြု ပေးလိုက်သည်။

“တစ်ခါတည်း ဝင်စားပါလား”

ဖော်ရွေစွာဖြင့် ထမင်းစား ဖိတ်လိုက်သည်။

“ဟာ. . စားပါခင်ဗျာ. . စားပါ၊ ဟဲ. . ဟဲ. . ကျွန်တော်က ဒီကောင်ကြီးအိမ်မှာ စားနေကျမို့ ကိစ္စမရှိပါဘူး”

ကိစ္စမရှိပါဘူးသာဆိုသည်။ ဒီရဲနေ ထမင်းဝိုင်းမှာ ဝင်ထိုင်သည်။

“ကဲ. . အော်ကြီးဟစ်ကျယ်နဲ့ ဘာတွေ ဖြစ်လာတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ပျော်လို့ ပျော်လို့ပါကွ"

"ထိပေါက်လို့လား"

"မဟုတ်ဘူး၊ ငါ့ဆန္ဒတွေကို စကြာဝဠာကြီးကြားအောင် ပြောနေတာတွေကို စကြာဝဠာကြီးက ကြားသွားပြီကွ၊ ဒါကြောင့် ငါ့ဆန္ဒတွေကို ဖြည့်ဆည်းပေးလိုက်ပြီ"

"ဟေ. . ဟုတ်လား၊ ပြောစမ်းပါဦး၊ ပျော်ရတဲ့ အကြောင်းအရင်း"

အမေးကို ချက်ချင်းမဖြေ၊ ထမင်းငုံ့စားနေသော ယွန်းတို့ တစ်ချက် အကဲလှမ်းခတ်ရင်း ပြောသင့်မပြောသင့် ချင့်ချိန်ဟန်ဖြင့် မင်းထင်ရှားကို မျက်ရိပ်လှမ်းပြသည်။

"ရတယ် ပြောပါ၊ ယွန်းလည်း မင်းလိုပဲ၊ ခင်မင်တဲ့သူ အချင်းချင်းပဲ"

"ရပါတယ် ကိုဒီရဲနေ၊ ယွန်းကို အားမနာပါနဲ့"

"ဟုတ်. . ဟုတ်ကဲ့၊ ဒါဆို ပြောလိုက်တော့မယ်နော်"

"ကဲ. . ရစ်နေတယ်၊ ပြောစရာရှိ မြန်မြန်မပြောဘူး"

"အေးပါ. . ပြောပါပြီ၊ ဟိုလေ. . ငါ့မိန်းမ လင်. . လင်ငယ်နောက် လိုက်သွားပြီ၊ ဟီး. . ဟီး. . ဟီး. ."

ပြောရင်းဖြင့် တဟီးဟီးရယ်နေသော ဒီရဲနေကို ဒီကောင် စိတ်မှကောင်းသေးရဲ့လားဟူသော အကြည့်ဖြင့် ပြူးကြည့်ပြီး

"မင်းမိန်းမ လင်ငယ်နောက်လိုက်တာ ရယ်စရာလား"

"ရယ်စရာပေါ့ကွ၊ ဒီမိန်းမကို ယူပြီးကတည်းက သူ့အဖေတွေ အမေတွေ သူ့ဆွေမျိုးတွေ အိမ်ပေါ်ကကို မဆင်းတော့ဘူး၊ ငါ့မှာ သူတို့ကို ရှာကျွေးရလွန်းလို့ အသက်တောင် တော်တော်လေးဂိနေပြီ"

ယွန်းထံမှ ခစ်ကနဲရယ်သံ ထွက်ပေါ်လာသည်။

"မင်းကလည်း ဒါ ကုသိုလ်ပဲလေ၊ မင်းပဲ ပြောပြီးတော့"





"ဟ. . ကုသိုလ်ဆိုတာ ငါ့စိတ်က သဒ္ဒါထက်မှ ကုသိုလ်ဖြစ်တာ ဒင်းတို့တစ်မျိုးလုံး ငါ့အိမ်ပေါ် အကြောင်းအမျိုးမျိုးရှာပြီး တတ်စားနေတာကိုတော့ ငါ ကုသိုလ်စိတ်မွေးပြီး မကြည်ဖြူနိုင်တော့ဘူး"

"ခုတော့ မင်းကို ကလေးခြောက်ယောက်နဲ့ ထားသွားပြီ မဟုတ်လား၊ မင်း ဘယ်လိုလုပ်မလဲ"

မင်းထင်ရှား အမေးကြောင့် ဒီရဲနေ မမှုသောဟန်ဖြင့် ဟတ်ကနဲရယ်ပြီး

"နားစမ်းပါကွာ၊ ငါက ဒီကလေးခြောက်ယောက်ရဲ့ ဝေယျာဝစ္စကို မလုပ်နိုင်လို့ ပြန်ပေါင်းရမယ့် အဖြစ်မျိုး အဖြစ်မခံနိုင်ဘူး၊ ငါကတော့ ဝဋ်ကျွတ်သွားပြီ၊ သူ့ကို မပေါင်းချင်တဲ့ဆန္ဒက ငါ အဖြစ်ချင်ဆုံးဆန္ဒပဲ၊ ခုတော့ လင်ငယ်နောက်ကို လိုက်သွားပြီဆိုတော့ စကြာဝဠာကြီးက ငါ့ရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးလိုက်တာပါပဲ၊ ဒီထက် ဝမ်းသာစရာ ရှိသေးတယ်"

"ဘာလဲ. ."

"ငါ့အဖွားရဲ့မြေကွက် မနေ့ကပဲ သိန်းထောင်ငါးရာနဲ့ ရောင်းလိုက်ရပြီ၊ ဒီတော့ တစ်ဦးတည်းသောမြေးဖြစ်တဲ့ ငါ့ကိုပဲ အမွေခွဲပေးပါ့မယ်တဲ့"

"ဒါဆိုရင် မင်းဆန္ဒတွေ အကုန်လုံးနီးနီး ပြည့်တာပဲ၊ ဝါး. . လူတွေမှာ မမြင်နိုင်တဲ့ စိတ်တန်ခိုးတွေ ရှိတယ်ဆိုတာ သေချာပြီးရင်း သေချာနေပါလား"

ကိုယ်အကြံပေးသည့်အတိုင်း စိတ်စွမ်းအင်တွေကို စကြာဝဠာကြီးထံ သတင်းပို့နေသော ဒီရဲနေသည် ခုတော့ သူ့ဆန္ဒတွေကို စိတ်တိုင်းကျ ပုံဖော်ခွင့်ရအောင် စကြာဝဠာကြီးနှင့် ချိတ်မိသွားပြီ။

ဆန်းကြယ်သော လူ့သဘာဝတွင် လူတိုင်းလူတိုင်းမှာ မမြင်နိုင်သော စိတ်တန်ခိုးတွေ ရှိနေကြသည်ဆိုတာကို လူသားတိုင်း လက်



www.burmeseclassic.com

www.burmeseclassic.com



ခံပြီး ကိုယ့်ဆန္ဒတွေကို စကြာဝဠာကြီးထံသို့ frequency လှိုင်းတွေ ပို့လွှတ်ကြမည်ဆိုလျှင် လူသားတွေ၏အိပ်မက်တွေကို အပြည့်အဝ အကောင်အထည် ဖော်နိုင်ကြမည်မှာ မည်သို့မျှမလွဲနိုင်။

"ဟုတ်တယ်၊ ငါ မင်းပြောတာကို မယုံလို့ စမ်းသပ်ကြည့်တာ ခုတော့ ငါ လက်တွေ့ပဲမို့ မယုံလို့ လုံးဝမရတော့ဘူး"

"ဒါဆို ကျွန်မတို့လူတွေ ကိုယ်ဖြစ်ချင်တာတွေ အနေ့းနဲ့အမြန် ဖြစ်ဖြစ်လာတတ်ကြတာတွေကရော"

"အဲဒါပဲလေ၊ လူတွေရဲ့ စိတ်ထဲမှာ ရယူပိုင်ဆိုင်ချင်တဲ့ စိတ်စွမ်းအားတွေသာ ခိုင်မာတောင့်တင်းပါစေ၊ စကြာဝဠာကြီးက အနှေးနဲ့အမြန် ဖြည့်ဆည်းပေးမှာ ဒါဟာ လူတွေမှာရှိနေတဲ့ မမြင်နိုင်တဲ့ လျှို့ဝှက်ချက်ပဲလေ ယွန်းရဲ့"

"ခုချိန်မှာ ဒါရိုက်တာကြီး အဖြစ်ချင်ဆုံး ဆန္ဒရှိရင် စကြာဝဠာကြီးဆီ သတင်းပို့လိုက်ပါလား၊ ကိုယ့်ဆန္ဒတွေ အင်အားကြီးရင် စကြာဝဠာကြီးက တာဝန်ယူ ဖြည့်ဆည်းပေးတယ်၊ ခု ကျွန်တော့်လက်တွေ့ပဲ"

ဒီရဲနေ စကားကြောင့် တဖြည်းဖြည်း စိတ်ဝင်စားလာသည်။

"ဒါဆိုရင် ခု ကျွန်မဆီမှာ ဆန္ဒတစ်ခုရှိတယ်၊ အဲဒီဆန္ဒက ကျွန်မအမေကို တွေ့ချင်တဲ့ ဆန္ဒပဲ"

"ယွန်းရဲ့ ဆန္ဒတွေပြည့်ဝဖို့ စကြာဝဠာကြီးကို ယုံယုံကြည်ကြည်နဲ့ ဆန္ဒတောင်းခံလိုက်ပါ ယွန်းရယ်၊ စကြာဝဠာကြီးက သဘာဝတရားနဲ့ ရင်တွင်းခံစားချက်တွေရဲ့ ဖော်ပြချက်တွေကို အပြန်အလှန်ဆက်သွယ်နေတယ်ဆိုတာ ယွန်း ယုံယုံကြည်ကြည် လက်ခံလိုက်ပါ"

"အင်း. . ဟုတ်တယ်နော်၊ ကျွန်မရဲ့ အမေကို ကျွန်မ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ကိုတွေ့ရမယ်လို့ စိတ်က ယုံကြည်နေတယ် ဒီယုံကြည်မှုက အရမ်းကို ခိုင်မာနေတယ်"





"ဟုတ်ပြီ၊ ဒါဆိုရင်တော့ ယွန်းအမေနဲ့ ယွန်းကို စကြာဝဠာကြီးက ဆုံတွေ့ပေးမှာ သိပ်ကိုသေချာသွားပြီ၊ စကြာဝဠာကြီးက ယွန်းရဲ့ဖြစ်ချင်တဲ့ ဆန္ဒတွေကို ဖန်ဆင်းပေးမယ့် အာလာဒင်ရဲ့ မီးခွက်စောင့်ဘီလူးကြီးလို့ သဘောထားပြီး လိုရာဆုကိုသာ တောင်းလိုက်ပါ"

"ဟုတ်တယ် ဒါရိုက်တာယွန်း၊ ကျွန်တော် လုံးဝထောက်ခံတယ်၊ ဒါဟာ ကျွန်တော့်ကိုယ်တွေ့၊ စိတ်တန်ခိုးရဲ့ လျှို့ဝှက်ချက်ပဲ"

ဒီရဲနေပါ မင်းထင်ရှားကို အပြည့်အဝ ထောက်ခံပေးသည်မို့ ယွန်း ပို၍စိတ်အားထက်သန်သွားသည်။

မာမီ့ကို မြန်မြန်ပြန်တွေ့ပါရစေ။

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com



"သမီးယွန်း. ."

"ရှင်. . ဒယ်ဒီ"

"အရှုံခန်းမှာ သရုပ်ဆောင်ထားတဲ့ အမျိုးသမီးက ဘယ်သူလဲ"

TV ဖန်သားပြင်ကို မမှိတ်မသုန်ကြည့်ရင်း အကြည့်မခွာဘဲ မေးလိုက်သော ဒယ်ဒီ့အမေးကြောင့် မနက်ဖြန်ရိုက်မည့် ဇာတ်ညွှန်းကို ဖတ်နေရင်းမှ ယွန်း လှည့်ကြည့်လိုက်ပြီး. . .

"အဲဒါ တကယ့်အရူးမကြီးလေ ဒယ်ဒီရဲ့၊ ယွန်း ဒယ်ဒီ့ကို ပြောဖူးတယ်လေ၊ ရိုက်ကွင်းထဲ ဝင်လာပြီး မင်းသားထူးမြတ်ကို အတင်းတွယ်ဖက်ပြီး သူမှ မင်းသမီးမလုပ်ရရင် ထူးမြတ်ကို မလွှတ်ဘူးဆိုလို့ သူ့ကို တကယ်သရုပ်ဆောင်ခိုင်းလိုက်ရတယ်လေ ဒယ်ဒီရဲ့"

"သူ ဘယ်မှာနေတာလဲ သမီး"

"စာရေးဆရာ မင်းထင်ရှားတို့နဲ့ နီးတယ်"

"ဟင်. . ဟုတ်လား"

"ဒယ်ဒီ ဘာလုပ်မလို့လဲ၊ သူ သရုပ်ဆောင်တော်တာနဲ့ ရုပ်ရှင်





ပြန်ရိုက်ချင်စိတ် ပေါက်သွားလို့လား၊ ဒါဆိုလည်း ယွန်း စီစဉ်ပေးမယ်နော်"

"မဟုတ်ပါဘူး သမီးရယ်၊ သူ သရုပ်ဆောင်တာ တကယ်တော်လို့ပါ"

"အရူးမကြီးကို အရူးခန်းထဲ ထည့်သုံးမှတော့ မပီပြင်ပဲ နေပါတော့မလား ဒယ်ဒီရယ်"

ယွန်းမျက်နှာလေး ရယ်သွမ်းသွေးပြီး ပြောနေပေမယ့် ဦးအောင်ကိုဇင်မျက်နှာမှာ အရယ်အပြုံးမရှိ၊ TV ဖန်သားပြင်ပေါ်မှ အကြည့်လုံးဝကို မခွာ၊ သက်ပြင်းတွေ ခါခါချ၍နေ၏။

ယွန်း ဘာမှထပ်မပြောတော့ပဲ လက်ထဲမှ ဇာတ်ညွှန်းကို ဆက်ဖတ်နေလိုက်သည်။

ဒီညအပြီးဖတ်ပြီး မနက်ဖြန်ရိုက်မည့် screen တွေကို စိတ်ကူးထဲမှာ အရင်ရိုက်ထားမှရမည်မို့ ဒယ်ဒီ့အရိပ်အကဲကို သတိမထားမိတော့။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

"ကို မင်းထင်ရှား အမေနာမည်က ဒေါ်နှင်းဆီ ဟုတ်လား။ နောက်. . နောက်ပြီး အမေအရင်း မဟုတ်ဘူးဆိုတာရော တကယ်လား"

မျှော်လင့်ချက်များစွာဖြင့် လျှာခလုတ်တိုက်မိမတတ် မေးလာသော ယွန်း၏ အမေးကို မင်းထင်ရှား ခေါင်းညိတ်ဖြေလိုက်သည်။ မာမီများ ဖြစ်နေမလားဆိုသည့်စိတ်က ဣန္ဒြေမဆည်နိုင်. . .

"ဒါဆို ရှိုးစ်. . ရှိုးစ်ပေါ့"

"အင်းလေ၊ အမေ့နာမည်ကို ကျွန်တော်က တစ်ခါတစ်လေ





ရှိုးစ်လို့လည်း ချစ်စနိုး ခေါ်တတ်တယ်၊ အမေက ကျွန်တော့် မိထွေးဆို ပေမယ့် ကျွန်တော့်ကို သိပ်ချစ်တယ်၊ အမေအရင်းလို မေတ္တာမျှပေး တယ်၊ တကယ်တမ်း အမေ့ရဲ့မေတ္တာကို သေတဲ့အထိ ရမသွားခဲ့တဲ့သူ က ကျွန်တော့်ရဲ့အဖေပါ"

"ရှင် ဘာကြောင့်လဲ၊ ရှင့်အမေက. . အဲ. . ရှင့်မိထွေးက ရှင့် အဖေကို မချစ်လို့လား"

"ဟုတ်တယ် အမေ့ကို အဖေက အလိုမတူပဲ အတင်းအဓမ္မ ပေါင်းသင်းလို့ အမေ့ဘဝ ပျက်ခဲ့ရတယ်ဆိုပြီး နာကျင်နေတာ၊ ဒါပေ မယ့် အဖေ့အပေါ်မှာတော့ ဇနီးကောင်းတစ်ယောက်လို နေပေးခဲ့ပါ တယ်၊ အချစ်တွေ မပေးတာက လွဲရင်ပေါ့"

"ဒါဆို ရှင့်အမေက အရင်က အိမ်ထောင်ရှိခဲ့လား"

မင်းထင်ရှား ခေါင်းခါပြသည်။

"အဲဒီအထိ ကျွန်တော်မသိဘူး၊ အမေ့ရဲ့အတိတ်ကို ပြန်လှန်ပြီး မမေးရက်ခဲ့ဘူး"

"ကျွန်မ ရှင့်အမေကို တွေ့ချင်တယ်"

"ဗျာ. ."

အရေးတကြီးဟန်ဖြင့် ပြောလိုက်သော ယွန်းကိုကြည့်ပြီး မင်း ထင်ရှား ပုစ္ဆာတစ်ပုဒ် ဖတ်လိုက်ရသလို ဇဝေဇဝါ ဖြစ်သွားသည်။

"ကျွန်မ ရှင့်အမေကို တွေ့မှကို ဖြစ်တော့မယ်"

"ဘာဖြစ်လို့လဲ အကြောင်းရှိလို့လား. . ယွန်း"

"ရှိတယ်. . ဒါပေမယ့် ခုတော့ ပြောလို့မဖြစ်သေးဘူး၊ ရှင့်အ မေနဲ့ တွေ့ပြီးရင်တော့ အဖြေအတိအကျ သိရမှာပဲလေ"

"ကောင်းပြီလေ၊ ဒါဆိုရင် အိမ်ကို ခုပဲသွားကြမလား၊ ယွန်း အချိန်ရလား"

"မရလည်း ရရမှာပဲလေ၊ ခုပဲ သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တည်းဖြတ်ခန်းထဲမှာ တည်းဖြတ်ဆရာ တို့ AZ ကို နှုတ်ဆက်ပြီး ကားရှိရာ အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းခဲ့လိုက်သည်။

လှေကားပေါ်မှ ဆင်းလာသည့် ယွန်း၏ခြေလှမ်းတွေသည် မျှော်လင့်ချက်တွေဖြင့် ပြည့်နှက်၍နေသည်။

ဒေါ်နှင်းဆီဟာ ယွန်းရဲ့မာမီများ ဖြစ်နေမလားဆိုတဲ့ မျှော်လင့်ချက်က ခံစားမှုတွေကို တက်ကြွနေစေသည်။

မာမီကိုမြင်လျှင် ယွန်းမှတ်မိပါ့မလား။ မာမီကရော ယွန်းကို သူ့သမီးဆိုတာ မြင်တာနှင့် သိနိုင်ပါ့မလား။

မာမီငယ်ငယ်တုန်းကဓါတ်ပုံနှင့် ယခု အသက်အရွယ်ရင့်ကျက်လာသည့်ပုံ ကွာဟနေမှာတော့ သေချာသည်။ ဘာပဲဖြစ်ဖြစ်. . ယွန်း မာမီနှင့် ပြန်တွေ့ရဖို့ အချိန်တွေ အရမ်းနီးကပ်နေပြီဟု စိတ်ကအလိုလို ထင်နေသည်။

တွေ့ခဲ့လျှင်တော့ ယွန်း အထင်လွဲခဲ့မိတာတွေကို အရင်ဆုံး တောင်းပန်ရမည်။

ယွန်းကို ခွင့်လွှတ်ပါ မာမီ။

၅ ၅ ၅ ၅





"ဒီအိမ်က စာရေးဆရာ မင်းထင်ရှားတို့ အိမ်လား"

အနက်ရောင် ဇိမ်ခံကားကြီးတစ်စီး အိမ်ရှေ့မှာ ငြိမ့်ခနဲ ထိုးရပ်လာပြီး စတေကာ မှန်အမဲကြီး လျှောခနဲ ပွင့်လာကာ ဖြူဖြူခန့်ခန့်နှင့် အမျိုးသားကြီးတစ်ယောက်၏ အမေးကြောင့် နေပူတုန်း အဝတ်တွေ ထွက်လှန်းနေသော ဒေါ်နှင်းဆီ ခြံအပြင်ကို ငုံ့ကြည့်လိုက်သည်။

"ဟုတ်ပါတယ်"

ဦးအောင်ကိုဇင် ကျေနပ်စွာ ပြုံးလိုက်သည်။ လိပ်စာအတိုင်း မောင်းဝင်လာ၍ သိပ်ပင်မရှာလိုက်ရ။

ကားစက်သပ်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ လက်ထဲမှ အဝတ်တွေကို အဝတ်တန်းပေါ်တင်ပြီး ဒေါ်နှင်းဆီ ခြံဝသို့ ကပျာကယာ လျှောက်လာသည်။ ခြံတံခါး ဖွင့်ပေးသည်။

"ခုလောလောဆယ် သားတော့မရှိဘူး၊ အိမ်ထဲမှာ ဝင်စောင့်ပါ၊ သူ မကြာခင် ပြန်လာတော့မှာပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မဝင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး၊ ဒီက အစ်မကြီးကိုပဲ မေးစရာတွေ စုံစမ်းစရာတွေကို စုံစမ်းမေးမြန်းတော့မယ်"

"ရှင်. . ဟုတ်. . ဟုတ်ကဲ့. . မေးပါ"

"ဒီလိုပါ. . ကျွန်တော်က ဒါရိုက်တာ ယွန်းပန်းဖြူရဲ့ ဖခင် ဒါရိုက်တာ အောင်ကိုဇင်ပါ"

ဒေါ်နှင်းဆီ မျက်နှာပေါ်မှ အရိပ်ပြောင်းသွားသည်။ အထင်ကြီး လေးစားစိတ်ဖြင့် လေးစားစွာ ပြုံးပြလိုက်ပြီး. . .

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျွန်မက ဆရာကြီးရိုက်တဲ့ ရုပ်ရှင်ကားတွေဆိုရင် အမြဲတမ်း အားပေးတဲ့ ပရိသတ်တစ်ဦးပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ အအဲ. . . ကျွန်တော် စုံစမ်းချင်တာက ဒါရိုက်တာယွန်း ထောက်ပံ့ကူညီပေးနေတဲ့ စိတ်မနှံ့တဲ့ အမျိုးသမီးကို တွေ့ချင်လို့ပါ၊ သူဘယ်မှာနေသလဲ လိုက်ပြပေးနိုင်မလား"

ဘာမှအပန်းမကြီးသော တောင်းခံမှုကြောင့် ဒေါ်နှင်းဆီ စိတ်လက်ပေါ့ပါးဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်သည်။

"သြော်. . သက်ချောပိုကို တွေ့ချင်တာလား၊ အဟင်း သူက ဟိုဘက်ရပ်ကွက်မှာ နေတယ်၊ သူနေတဲ့အိမ်ကို သိပေမယ့် ဒီအချိန်ဆို သူမရှိလောက်ဘူး၊ လမ်းပေါ်မှာ လျှောက်သွားနေတာလေ၊ ဆရာကြီး အိမ် သိချင်တယ်ဆိုရင်တော့ ကျွန်မ လိုက်ပြပေးလို့ရပါတယ်"

"ကျေးဇူးတင်ပါတယ် အစ်မကြီး၊ ဒါဆို ခုပဲ သွားကြမယ်လေ"

ဒီထက်ထပ်ပြီး အချိန်မဆွဲလိုတော့၍ ခုချက်ချင်းသွားရန် ပြောလိုက်ခြင်းဖြစ်သည်။ ကိုယ်မှားခဲ့မိတဲ့ အမှားတွေကို ရှိုစ်အား တောင်းပန်ရမည်။ ရှိုစ် သူ့ကိုမှတ်မိပါတော့မလား။

ရှိုစ် ဘာကြောင့် ဒီလိုဘဝဆိုးကြီးနဲ့ ရင်ဆိုင်နေရသလဲဆိုတာ နားမလည်နိုင်တော့။






ထို့ကြောင့် ရှိုစ်ကို အိမ်ခေါ်သွားရမည်။

အတွေးနှင့် အပြစ်တွေကို ဆေးကြောနေတုန်း ဒေါ်နှင်းဆီ ကားပေါ်တက်လာ၍ ကားစက် ပြန်နှိုးလိုက်သည်။

ဦးအောင်ကိုဇင် ကားသာမောင်းနေရသည်။ စိတ်တွေ လှုပ်ရှား၍နေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"ဟင်..ဟို..ဟိုမှာ ဒယ်ဒီ့ကားပဲ၊ ကားပေါ်တက်သွားတာ ဘယ်သူလဲ"

"အဲဒါ ကိုယ့်အမေလေ"

မင်းထင်ရှား အဖြေကြောင့် ယွန်း ထခုန်မိမတတ် ဝမ်းသာသွားသည်။

"ဘုရားရေ ကျွန်မထင်ထားတာ လုံးဝမလွဲဘူးပဲ၊ သေချာပြီ လုံးဝသေချာသွားပြီ"

ဝမ်းသာအားရ ဖြစ်နေသော ယွန်းကိုကြည့်ပြီး ဘာကြောင့်ဆို





တာ အဖြေရှာဖို့ မဝံ့မရဲ ဖြစ်နေသည်။

"ဘာကိုသေချာတာလဲ ယွန်း"

"ရှင့်အမေက ကျွန်မရဲ့ ပျောက်ဆုံးနေတဲ့အမေပဲ၊ ကိုမင်းထင်ရှားရဲ့"

"ဗျာ. ."

မအံ့ဩဘဲ မနေနိုင်သူက မင်းထင်ရှားပင်. . .

ကံကြမ္မာက အဲလောက်တိုက်ဆိုင်မှုတွေနှင့် ဆန်းကြယ်ရသတဲ့လား။

သို့ဆိုလျှင်တော့ ပိုပြီးဝမ်းသာရမည့်သူက မင်းထင်ရှားပင် ဖြစ်နေသည်မို့ ကဆုန်ပေါက်ပြီးတောင် ရပ်ကွက်တစ်ပတ် ပတ်ပြေးလိုက်ချင်သည်။

ယွန်းကို ထာဝစဉ်ပိုင်ဆိုင်ရဖို့ သိပ်ပြီးအားထုတ်စရာ မလိုတော့ အမေ့ကို ပူဆာလိုက်သည်နှင့် မနက်ဖြန် သဘက်ခါတောင် မင်္ဂလာပွဲ ထလုပ်လိုက်လို့ ရသည်။

"မောင်း မြန်မြန်မှီအောင်မောင်းလေ ယွန်းရဲ့၊ ယွန်းအဖေက ကိုယ့်အမေကို. . အဲ. . ယွန်းရဲ့အမေကို ဘယ်ခေါ်သွားမလို့လဲ မသိဘူး"

ဆန္ဒတွေ ထပ်တူကျနေသည်မို့ အပျော်တွေ ဘဝင်ထိကာ ကားကို ရပ်မနေတော့ဘဲ ဒယ်ဒီ့ကားနောက်ကနေ ထပ်ကြပ်မကွာ လိုက်လာလိုက်သည်။

"ဟင်. . ကားက ဟိုဘက်ရပ်ကွက်ထဲ ဘာလို့ဝင်ရတာတုန်း"

ဘေးမှာ ထိုင်လိုက်ရင်း မင်းထင်ရှား ဇဝေဇဝါ ဖြစ်သွားသည်။

"အကြောင်းရှိလို့ နေမှာပေါ့ ကိုမင်းထင်ရှားရယ်"

"အင်းလေ ဘာပဲဖြစ်ဖြစ် သူတို့မောင်းတဲ့နောက်က လိုက်ရုံပေါ့၊ ကျွန်တော်ကတော့ ရင်တွေ အရမ်းခုန်နေတယ်ဗျာ" ပျော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ပျော်နေတယ်"

ကားမောင်းနေရင်း ခေါင်းမော့ရင်ကော့ ပြောနေသော မင်းထင်ရှားကို ယွန်းငဲ့ကြည့်လိုက်ပြီး. . .

"ရှင်က ဘာကိုပျော်နေတာလဲ၊ ရှင့်အမေကနေ ကျွန်မအမေ ဖြစ်သွားတာကိုလား"

"မဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"ယွန်းကို မိသားဖသားပီပီ တောင်းရမ်းလို့ ရသွားပြီလေ"

ကားမောင်းနေရင်းမှ ရယ်သံ ခပ်တိုးတိုးထွက်လာပြီး. . .

"ဘာမှလဲမဆိုင်ဘူး"

"ဆိုင်တာပေါ့၊ ယွန်းဒယ်ဒီကလည်း ကျွန်တော်နဲ့ သဘောမတူဘူးလို့ မငြင်းနိုင်တော့ဘူးလေ၊ အဟတ်. . ကဲ. . ခုကတည်းက အဖြေပေးတော့လေ"

"ဘာကို အဖြေပေးရမှာလဲ"

"ချစ်တယ်လို့"

"ဟာ. . အရေးထဲ"

"မပြောရင် ကားပေါ်က ခုန်ချလိုက်မှာနော်"

အခွင့်အရေးရတုန်း အဖြေကို ဖွတ်တောင်းထားမှ. . .

"ခုန်ချပေါ့၊ ရှင့်သဘောပဲ"

"အယ်. . မ. . မတားဘူးလား"

"ဟင့်အင်း မတားပါဘူး၊ ဒါ ရှင့်ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ"

"အဲ. . အဲလိုတော့ မစိမ်းကားပါနဲ့ ယွန်းရယ်၊ ကျွန်တော့်ကို မတန်မရာကိုမှ တက်မှန်းရသလား ဆိုပြီး စိတ်ထဲကနေ လှောင်ရယ်ချင် လှောင်ရယ်နေပါ၊ ဒါပေမယ့် ရင်ဘတ်ချင်းတော့ မလွှဲသာမရှောင်သာ နီးစပ်ခွင့် ပေးလိုက်ပါ၊ ရင်ဘတ်က တောင်းဆိုတာပါ"





"ရှင်ဟာလေ အလိုက်ကိုမသိဘူး၊ သူများမိသားစုတွေ ပြန်ဆုံနေလို့ ဝမ်းသာနေကြတဲ့အချိန်မှာ ခံစားမှုတွေ ရှုပ်ထွေးအောင် လုပ်နေသေးတယ်"

"အခွင့်အရေးက လူတစ်ယောက်ကို ကောင်းတာတွေပဲ နှစ်ခါမပေးဘူး၊ ဒါကြောင့် ကလေးတစ်ယောက်လို ဂျစ်တိုက်မိရုံလေးပါ"

ယွန်း မျက်စောင်းဝေ့လိုက်သည်။

"ချစ်တယ်ပေါ့"

"အို ဘယ်မှာပြောလို့လဲ"

"နှုတ်က မပြောပေမယ့် အကြည့်လေးက ပေစောင်းစောင်းနဲ့ အဖြေပေးလိုက်တာ မဟုတ်ဘူးလား"

ယွန်း ခစ်ကနဲ ရယ်လိုက်သည်။ ဘာမှတော့မပြော။ ရှေ့ကိုသာ ကြည့်ပြီး ကားကို ဂရုစိုက်မောင်းနေသည်။

"ဟွန်း. . ယွန်းရဲ့ဒယ်ဒီ၊ သက်ချောပို အိမ်ရှေ့မှာ ကားရပ်လိုက်တယ်၊ ဘာကိစ္စလဲ မသိဘူး"

"ဟုတ်တယ်နော်၊ ဧကန္တ အဲဒီအရှုးမကြီးကို ထောက်ပံ့ကူညီနေတာကို ဒယ်ဒီသိပြီး လာကြည့်တာများလား"

ကားကိုရပ်လိုက်ပြီး နှစ်ယောက်သား ကားပေါ်မှ ခပ်သွက်သွက် ဆင်းလိုက်ကြသည်။

ဦးအောင်ကိုဇင်နှင့် ဒေါ်နှင်းဆီ သက်ချောပိုနေသော အိမ်အိုကြီးထဲ ဝင်သွားကြသည်။

၍ ၍ ၍ ၍



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ရပ်စမ်း၊ သူမျှားရဲ့ နန်းတော်ထဲကို ဘယ်ငမိုက်သားတွေ ခိုးဝင်နေသလဲ၊ ရဲမက်တို့ ဝိုင်းထားကြစမ်း. . ဒိုင်းညွှန့်. . ဒိုင်းညွှန့်"

သက်ချောပို၏ အော်ဟစ်ပြောဆိုသံကြောင့် ဦးအောင်ကိုဇင်၏ ခြေလှမ်းတွေ တုန့်ခနဲရပ်သွားကာ. . နောက်ကိုလှည့်ကြည့်လိုက်သည်။

တကယ်တမ်း အနောက်မှာ ရပ်နေကြသည်က သမီးနှင့် စာရေးဆရာ မင်းထင်ရှား ဖြစ်သည်။

"ဟင်. . သမီး ဒီနေရာကို ဘယ်လိုသိပြီး လိုက်လာတာလဲ"

"မာမီ့ကို လာတွေ့တာလေ ဒယ်ဒီရဲ့"

"ဟင်. . သမီးက သူ့ကို သမီးမာမီမှန်းသိနေတယ် ဟုတ်လား"

"ယွန်းစိတ်က မာမီနဲ့ ပြန်တွေ့ရတော့မှာပါလားဆိုတဲ့ အသိကြီးက ဝင်နေတော့ အဲဒီပြင်းပြတဲ့ဆန္ဒနဲ့ ယုံကြည်မှုတွေကပဲ ယွန်းတို့ မာမီနဲ့ ပြန်ဆုံဖို့ ဖန်လာတာပါ ဒယ်ဒီရယ်"





ယွန်းခြေလှမ်းတွေ ဒေါ်နှင်းဆီရှိရာသို့ တစ်လှမ်းချင်း လှမ်းသွားသည်။

"မာမီ ယွန်းလေ၊ အစတုန်းက မာမီ့အပေါ်မှာ အထင်လွဲခဲ့ပါတယ်၊ အဲဒီအတွက် ယွန်း တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ မာမီရယ်"

လက်အုပ်ကလေးချီကာ မျက်ရည်လေး တစမ်းစမ်းဖြင့် ဒေါ်နှင်းဆီရှေ့ ဒူးထောက်ထိုင်ချလိုက်သည်။

ဦးအောင်ကိုဇင်ရော ဒေါ်နှင်းဆီပါ ယွန်း၏ အပြုအမူကြောင့် အံ့အားသင့်သွားကြသည်။

"သမီး ဒါ ဘာလုပ်တာလဲ"

"မာမီ့ကို ကန်တော့တာလေ၊ ဒယ်ဒီရဲ့"

"အို့. . ဘုရားရေ လွဲ့. . လွဲကုန်ပြီနော်၊ အန်တီက သမီးအမေ မဟုတ်ပါဘူး"

အိုးတိုးအမ်းတမ်းဖြစ်နေသူက ဒေါ်နှင်းဆီဖြစ်သည်။ ဘယ့်နှယ်ကြောင့် ကိုယ်က ဒါရိုက်တာယွန်း၏အမေ ဖြစ်ရမှာလဲ။

"ဟား. . ဟား. . ဟား. . ငါ့အိမ်မှာ ဇာတ်ပေါင်းခန်း လာလုပ်နေကြတယ်ပေါ့၊ ဒိုင်းညွှန့်. . ဒိုင်းညွှန့်"

"သမီး ယွန်း. . အဲ. . အဲ့ဒီအသံ ဘယ်ကထွက်လာတာလဲ"

ဘေးဘီဝဲယာကို အငမ်းမရရှာဖွေရင်း ယွန်းကို မေးလိုက်သည်။

"အဲဒါ အရူးမကြီးပါ ဒယ်ဒီရဲ့၊ ဟိုမှာလေ. . ခြံအပြင်က ဒယ်ဒီ့ကားဘေးမှာကွယ်ပြီး အော်နေတာ"

ဒူးထောက် လက်အုပ်ချီနေရာမှ ကားရှိရာသို့ ညွှန်လိုက်သည်။ ဦးအောင်ကိုဇင် တော်တော်လေး စိတ်လှုပ်ရှားဟန်ဖြင့် ခြံအပြင် ကားရှိရာသို့ ကမျောသောပါး ထွက်သွား၏။

"ရှို့စ်. . ရှို့စ်. . "



www.burmeseclassic.com

www.burmeseclassic.com



ယွန်းပါ အဲဒီနောက် ပြေးလိုက်လာသည်။ ဒယ်ဒီက ဘာကြောင့် သက်ချောပိုကို ရိုစ်ဟု ခေါ်ရတာလဲ။

"ဒယ်ဒီ အဲဒါ ယွန်းပြောပြောနေတဲ့ စိတ်ဝေဒနာရှင်လေ"

"သမီး . . အဲဒါ သမီးရဲ့ မာမီပဲ"

ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲထွက်သွားသလို အံ့ဩတုန်လှုပ်သွားသည်။ မင်းထင်ရှားပါ အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား . .

"ရှင် . . ဒေါ် . . ဒေါ်နှင်းဆီက ယွန်းရဲ့ မာမီ မဟုတ်ဘူးလား ဒယ်ဒီ"

"မဟုတ်ပါဘူးကွယ်၊ သူ့ . . သူကသာ သမီးရဲ့ မာမီပါ"

"ဒါဆို သူ ဘယ်လိုဖြစ်ပြီး ရူးသွားရတာလဲ အန်ကယ်"

"အန်ကယ်လည်းမသိဘူး၊ သမီးရိုက်တဲ့ကားထဲမှာ အမှတ်မထင် သူ့ကိုတွေ့ပြီး ပိုသေချာအောင် မင်းအိမ်ကို စုံစမ်းပြီး ထွက်လာခဲ့တာ၊ ဟောဟိုက မင်းအမေကို အကူအညီတောင်းပြီး လိုက်ပို့ခိုင်းတာ"

"မာမီရယ် . ."

အရူးဘဝဖြင့် လမ်းပေါ်မှာ လျှောက်သွားနေရသော မာမီ၏ ရှင်သန်နေထိုင်မှုတွေကို တစိမ့်စိမ့် မြင်ယောင်လာကာ ရင်ထဲမှာ နာကျင်လိုက်သည့်ဖြစ်ခြင်း . . .

"မာမီ ယွန်းတို့နဲ့ လိုက်ခဲ့ပါနော်"

မျက်လုံးပေကလပ် ပေကလပ်ဖြင့် တရှုံ့ရှုံ့ ငိုနေသော ယွန်းကိုကြည့်ပြီး သက်ချောပို မဲ့ကာ . . .

"တအောင့်နေရင် မင်းသား လီဗင်ဟို လာခေါ်တော့မှာ သူနဲ့ ဆိုးလ်ကိုလိုက်သွားမှာ"

"မာမီ၊ ယွန်းက မာမီ့ရဲ့ သမီးအရင်းပါ၊ ယွန်းတို့နဲ့အတူ လိုက်နေပါနော် မာမီ"

သက်ချောပို နောက်သို့ ခြေလှမ်းဆုတ်သွားပြီး . . .





"ဟဲ့ . . ဘာသမီးလဲ၊ ငါ့လို အပျို နုနုထွတ်ထွတ်က သမီး ရှိစရာလား၊ လီဗင်ဟိုကြားရင်တော့ အထင်လွဲတော့မှာပဲ၊ ခစ် . . ခစ် . . ခစ် . . ခိခိ ဟိုက ခေါင်းဖြူနေတဲ့ အဘိုးကြီးကရော ဘယ်သူလဲ၊ သူ့ပုံစံက ဗီလိန်ရုပ်နော်"

ဦးအောင်ကိုဇင်ကိုကြည့်ပြီး ပြောသေးသည်။ ရင်ထဲမှာ မချိလွန်း၍ သက်ပြင်းအခါခါ ချမိသူက ဦးအောင်ကိုဇင်ပါ။ ကိုယ့်အမှားကြောင့် ဒုက္ခကိုတောင် ဒုက္ခမှန်းမသိအောင် သွက်သွက်ခါအောင် ရူးနေသည့် ဇနီးကို အပြစ်ကြွေးတွေကျေအောင် ဘယ်လိုပေးဆပ်မှုတွေနှင့် တုန့်ပြန်ရမလဲ။

"ကိုမင်းထင်ရှား ကျွန်မကို ကူပါဦး၊ ကျွန်မ မာမီ့ကို ဒီလိုပုံစံမျိုးနဲ့ ဆက်မထားနိုင်တော့ဘူး၊ မာမီ့ဝေဒနာတွေပျောက်အောင် အရင်လုပ်ပြီးမှ မာမီ့ဘဝအကြောင်းစုံကို သိရမှာ"

အားကိုးအကြည့်ဖြင့်ကြည့်ကာ ပြောနေသော ယွန်းကိုကြည့်ပြီး မင်းထင်ရှားလည်း ရင်ထဲမှာမကောင်း၊ ဒီတော့ . .

"ကဲ . . မင်းသမီး သူတို့က ရုပ်ရှင်ဒါရိုက်တာတွေ၊ မင်းသမီးကို သူတို့ ရိုက်ပေးမယ့်ကားမှာ ခေါင်းဆောင်မင်းသမီးအဖြစ် တင်ရိုက်ဖို့ လာငှားတာ"

"ဘယ်လို ငါ့ကို မင်းသမီး လာငှားတာ . . ဟုတ်လား"

"ဟုတ်တယ်"

"ရုပ်ရှင်ကားကြီးလား ဗီဒီယိုလား၊ ဗီဒီယိုဆိုရင်တော့ စိတ်မဝင်စားဘူးနော်"

"ရုပ်ရှင်ကားကြီး ဒီမှာရိုက်မှာတောင် မဟုတ်ဘူး၊ ကိုရီးယားနိုင်ငံက ဆိုးလ်မြို့မှာသွားရိုက်မှာ မင်းသားက လီဗင်ဟိုနဲ့"

သက်ချောပိုမျက်လုံးတွေ အရောင်တောက်သွားသည်။

"ဘာ . . လီ . . လီဗင်ဟိုနဲ့ ရိုက်ရမှာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . "

"ဟယ်. . လိုက်မယ်. . လိုက်မယ်၊ အနုပညာကြေး တစ်ပြားမှ မပေးလည်း ရိုက်မယ်"

ပြောပြောဆိုဆို ကားရှေ့ဖုန်းပေါ် အတင်းကုန်းရုန်းတက်၏။

"ဟာ အဲဒီရှေ့ဖုန်းပေါ် တက်မလိုက်ရဘူးလေ၊ ကိုယ်က မင်းသမီးပဲ၊ နောက်ခန်းမှာ ဝင်ထိုင်လေ"

"ဟင်. . ဟုတ်သားပဲ၊ နင်ပါလိုက်ခဲ့၊ နင့်ကို TTMY အဖြစ် အသုံးချရမယ်"

"ရှင်ပါ လိုက်ခဲ့ပါ"

အရူးမကြီး လက်ကိုဆွဲခေါ်ပြီး ကားနောက်ခန်းထဲ အတင်းတွန်းတင်လိုက်သည်။

လီဗင်ဟိုနှင့်အတူ ဆိုးလ်မှာ ရုပ်ရှင်ရိုက်ရမည်ဟူသော အသိကြောင့်လားမသိ၊ သက်ချောပို အလွန်အမင်း ပျော်ရွှင်တက်ကြွနေသည်။

ဦးအောင်ကိုဇင် ဇနီးဖြစ်သူကိုကြည့်ပြီး ရင်ထဲမှာမချိ။

"ကျွန်တော့်ကို သွားခွင့်ပြုပါ အစ်မကြီး၊ ကူညီပေးတဲ့အတွက် ကျေးဇူးမမေ့ပါဘူး"

"ရပါတယ်ရှင်၊ မိသားစုတွေ ပြန်ဆုံရတာကို မြင်ရလို့ ဝမ်းသာပါတယ်၊ သူ့ရဲ့ ဝဋ်ကြွေးတွေ ဒီနေ့ကစပြီး ကုန်ဆုံးပါပြီ"

ကားထဲမှာ စိတ်လွတ်ကိုယ်လွတ် အော်ဟစ်ပျော်ရွှင်နေသော ဖွေးဝတ်သက်ချောပိုကိုကြည့်ပြီး ဒေါ်နှင်းဆီ ပီတိဖြစ်လွန်း၍ မျက်ရည်ပင် စို့မိသည်။ သူ့ဘဝလေး ခုကစပြီး ငြိမ်းချမ်းပါပြီ။

"သမီး ဒယ်ဒီ့ကားနဲ့ပဲ လိုက်ခဲ့တော့၊ သမီးကားကို မောင်ချို့နဲ့ ယူခိုင်းလိုက်မယ်၊ တစ်လက်စတည်း ဒယ်ဒီ့မိတ်ဆွေ စိတ်ရောဂါ အထူးကု ဆရာဝန်ကြီးနဲ့ သွားတွေ့ပြီး ဆေးကုသမှု ခံယူခိုင်းလိုက်တော့မယ်





လေ"

"ဒယ်ဒီ့သဘောပါ"

တဆက်တည်းမှာပင် မင်းထင်ရှားကို ငဲ့ကြည့်ကာ. . .

"ကျေးဇူးအရမ်းတင်တယ် ကိုရှားရယ်၊ ရှင်ပြောသလို ကျွန်မရဲ့ ရင်ထဲက ဆန္ဒတွေကို စကြာဝဠာကြီးက ဖြည့်ဆည်းပေးလိုက်ပါပြီ"

"ဒါဆို ကိုယ့်ဆန္ဒတွေကိုရော၊ အဲဒါကိုတော့ ယွန်းကိုယ်တိုင် ယွန်းရင်ထဲက frequency လှိုင်းတွေ ထုတ်လွှတ်ရမှာနော်"

"ဩော်. . ရှင်ကလည်း ဒယ်ဒီရှိနေတယ်လေ"

"ကားပေါ်တက်သွားပါပြီ မကြားပါဘူး. . ပြောပါ"

ပွဲလန့်တုန်း ဖျာခင်းတာတော့ မဟုတ်၊ ယွန်းရဲ့ ဘဝလေးကို မိခင်ရော ချစ်သူလက်သစ်ကလေးနဲ့ပါ ပျော်ရွှင်စေချင်သော စိတ်ရင်း အမှန်နှင့် ဖြစ်သည်။

"ရှင် တော်တော်အထူအပါး နားမလည်တာပဲ၊ ယွန်းရင်ထဲက အချစ်လှိုင်းတွေ ရှင့်ရင်ဘတ်ထဲကို frequency လှိုင်းတွေအဖြစ် စတင် ထုတ်လွှတ်နေပြီလေ၊ မသိဘူးလား"

ထိုသို့ပြောပြီး ယွန်း ကားပေါ် စွေ့ခနဲ တက်သွားသည်။

"ဝါး. . ပျော်လိုက်တာ၊ ဒါ. . ဒါဆို ငါက ယွန်းရဲ့ ချစ်သူ ဖြစ်သွားပြီပေါ့"

တစ်ယောက်ထဲ ခပ်ကြိတ်ကြိတ်ပြောကာ အပျော်တွေလွန်ပြီး ကားပေါ်တက်လိုက်သည်။

"ဟယ် သွားပြီ၊ ဒီကောင်လေး ရူးသွားပြီ၊ ဒါရိုက်တာကြီး သူက ချောပိုကို ချစ်နေတယ်တဲ့၊ ဟား. . ဟား. . ဟား. . ဟား. . ခစ်. . ခစ်. . ခစ်၊ ငါ့မှာ လီဗင်ဟို ရှိပြီးသားမို့ နင့်ကိုတော့ ဆောရီးပါဟယ်၊ ခစ်. . ခစ်. . ခိ. . ခိ. . ခိ"

မင်းထင်ရှား အရှက်ပြေ ရယ်လိုက်သည်။ ပေါက်ကရတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောပြီး ဂနာမငြိမ်စွာ အော်ဟစ်ရယ်မောနေသော မိခင်ကို ကြည့်ပြီး ယွန်း မျက်ရည်ဝဲတက်လာသည်။

ဝဋ်ကြွေးရှိရင် ဒီဘဝတင်ကြေပါစေ မာမီရယ်။









# အခန်း(၁၇)

သုံးလခန့် ကြာပြီးနောက်. . .။

"မာမီ၊ ယွန်းကို မှတ်မိသွားပြီလားဟင်"

အာရုံကြော ချွတ်ယွင်းမှုကြောင့် သွက်သွက်ခါအောင် ရူးနေသော ဖွေးဝတ်သက်ချောပိုသည် စိတ်အခြေအနေ ပုံမှန် နည်းနည်း ကောင်းလာပြီမို့ စိတ်ကျန်းမာရေး ဆေးရုံကနေ အိမ်သို့ပြန်ခေါ်လာလိုက်သည်။

"ဒါ ဘယ်နေရာလဲ. . ကိုပြေစိုး. . ကိုပြေစိုးရော"

"ကိုပြေစိုးဆိုတာ ဘယ်သူလဲ မာမီ"

"မာမီ ဟုတ်လား၊ သမီးက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက မင်းရဲ့သမီးပါ ရှို့စ်"

အခန်းထဲဝင်လာသော ဦးအောင်ကိုဇင်ကို မြင်သည်နှင့် သက်ချောပို့မှာ ထိတ်လန့်သွားသည်။

"ရှင်. . ရှင်. . ကိုအောင်"

"ဟုတ်တယ်၊ မင်း အခု ကိုယ့်အိမ်ကိုယ် ပြန်ရောက်နေပါပြီ ကိုယ်ကြားတာတော့ မြေစိုး ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးသွားပြီဆို"

အတိတ်အကြောင်းတွေ ပြန်ဆွနေသော ဦးအောင်ကိုဇင် စကားကြောင့် ရင်ထဲမှာ တဆစ်ဆစ် ပြန်နာလာသည်။ ဒီတစ်လျှောက်မှာ ရှို့စ် ဘယ်လိုဘဝမျိုးတွေနဲ့ ကျင်လည်ခဲ့မိသလဲဆိုတာ တွေးတောင်မတွေးရဲ၊ ယခု ဒီအိမ်ကို ရှို့စ် ဘာကြောင့်ပြန်ရောက်လာရသလဲ၊ ဒါ တစ်ကယ်လား၊ အိပ်မက်များ မက်နေတာလား. .။

"ရှင် ကျွန်မကို ဘာကြောင့် ဒီကိုပြန်ခေါ်လာတာလဲ၊ ဒီနေရာက ကျွန်မနေရာမှ မဟုတ်တော့တာ"

"ဖြစ်ပြီးခဲ့တာတွေကို ဘာမှပြန်မတွေးပါနဲ့တော့လား ရှို့စ်ရယ်၊ ကိုယ်ရယ်၊ မင်းရယ်၊ သမီးလေးရယ်၊ နောက်ပြီး နောက်ထပ်တိုးလာမယ့် သားမက်လောင်းလေးရယ်၊ မိသားစု သိုက်သိုက်ဝန်းဝန်း ပြန်နေကြမယ်"

"သမီး. . ဒါ. . ဒါဆို သူ. . သူလေးက ရှို့စ်ရဲ့ သမီးလေးလား"

"ဟုတ်ပါတယ် မာမီရယ်၊ ဒီတစ်သက်လေ မာမီနဲ့ ပြန်မတွေ့ရတော့ဘူးလို့ ထင်နေတာ"

ရှို့စ်၏ လက်ချောင်းတွေသည် ယွန်း၏ ဆံနွယ်ပျော့ပျော့တွေကို တို့ထိကိုင်တွယ်ရင်း မျက်ရည်တို့ ပြည့်လျှံကျလာသည်။

"ဒါ အိပ်မက်တော့ မဟုတ်ပါဘူးနော် သမီး"

"ဟင့်အင်း မဟုတ်ပါဘူး မာမီရယ်၊ မာမီနဲ့ယွန်း တကယ်ပြန်





ဆုံနေကြတာပါ"

မျက်ရည်တို့ ကိုယ်စီဝေ့နေကြသော သားအမိနှစ်ယောက်တို့ကြည့်ပြီး ဦးအောင်ကိုဇင် နောင်တတွေ တမြေ့မြေ့ရလာသည်၊

ကိုယ့်အမှားကြောင့် ရှို့စ်ဘဝ အကျည်းတန်ခဲ့ရတာပါ။

တကယ်ဆို ကိုယ်ဟာ လူယုတ်မာတစ်ယောက်ပါ ရှို့စ်ရယ်၊ ကိုယ့်ကို ဘယ်တော့မှခွင့်မလွှတ်ပါနဲ့၊ နောင်တနှင့်အတူ ဆို့တက်လာသော ဝမ်းနည်းခြင်းတွေသည် ခန္ဓာကိုယ် တစ်ခုလုံးကို အင်အားမဲ့နေစေသည်။ ရှို့စ် အပြစ်ပေးတာကိုခံယူဖို့ အသင့်စောင့်နေပါတယ်ကွာ။

၃ ၃ ၃ ၃



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ လက်ထပ်ပွဲ မြန်မြန်လုပ်ကြရအောင်ကွာ"

ချစ်သူကိုလည်း ပိုင်ဆိုင်ရမည့်အပြင် ယောက္ခမကြီး၏ ရှပ်ရှင်လုပ်ငန်းကိုပါ ဦးစီးလုပ်ကိုင်ခွင့် ရသွားသည့် မင်းထင်ရှားမှာ မပြည့်ဝသေးသော ဆန္ဒတစ်ခုသာ ကျန်ပါတော့သည်။ ထိုဆန္ဒသည် ဥမ္မာဒန္တီလေးလို လှရက်လွန်းသော ချစ်သူလေးကို ရင်ခွင်မှာ ထွေးပွေ့ပြီး ဘဝတစ်သက်စာ ပိုင်ဆိုင်ခွင့်ပဲ ဖြစ်သည်။

"အင်းပါကိုရဲ့ ဒယ်ဒီကလည်း လက်ထပ်ပွဲအတွက် ရက်သတ်မှတ်ပေးပြီးပါပြီ၊ ခုဟာက မာမီရဲ့ ကျမ်းမာရေးအခြေအနေကို စောင့်ကြည့်နေရလို့ပါ"

"အန်တီရိုစ်ရဲ့ ကျမ်းမာရေးက လုံးဝ ပုံမှန်ဖြစ်သွားပြီပဲ၊ ဘာမှမပူနဲ့၊ စိတ်ဓါတ်မြှင့်တင်ရေးအကျိုးဆောင် ဟောဒီက အာလာဒင်ဟိုက်ဘောစ်ကြီး တစ်ယောက်လုံးကို သားမက်တော်ထားမှတော့ ယွန်းရဲ့မာမီနောက်ထပ် ဘာမှမဖြစ်စေရတော့ဘူး၊ ကိုယ် လုံးဝကို ကတိပေးတယ်၊ တစ်သားမွေး တစ်သွေးလှလာစေရမယ်. . အဟတ်"





"ဟုတ်ပါပြီ အာလာဒင်ရယ်၊ ဒါဆိုလည်း ဒယ်ဒီနဲ့မာမီ မြန်မြန်ပေါင်းထုပ်ဖို့အတွက် ရှင့်ရဲ့ စကြာဝဠာစောင့် ဘီလူးကြီးဆီကို သတင်းပို့ပေးပါဦး"

"ဒီကိစ္စက သတင်းပို့စရာမှ မလိုတာ၊ အိမ်ပေါ်ထိတောင် မြန်မြန်ခေါ်လာမှာပဲ၊ ဟဲ. . ဟဲ. . အိပ်ရာလေး ပြောင်းအိပ်လိုက်ရုံပဲ၊ ဘာခက်တာမှတ်လို့ ကိုယ်တောင် အဲလိုအိပ်ရာ ပြောင်းချင်နေတာ၊ အူကိုယားနေတာပဲ"

ယွန်း၏ ပုခုံးကို ခပ်တင်းတင်းဆွဲဖက်ပြီး ခပ်တိုးတိုးပြောလိုက်သော မင်းထင်ရှား စကားကြောင့် ယွန်းမျက်နှာ ဆေးနီဖြန်းလိုက်သလို ရဲတက်သွားသည်။

"ကြည့်. . ကိုနော် စကားပြောရင် ဖောက်ဖောက်လာတယ်"

"ချစ်တာကိုးကွ"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"သမီး. ."

ဆန်ပြုတ်ပူပူကို ဇွန်းဖြင့် အမြန်အေးအောင် မွှေနေရင်းမှ မာမီ့ခေါ်သံကြောင့် ယွန်း မျက်လုံးလေးဝင့်ကာ ကြည့်လိုက်သည်။

"ရှင်. . မာမီ"

"ကိုအောင်ရော မတွေ့ပါလား"

သူ့အပြစ်သူသိ၍ ရှောင်နေသော ဦးအောင်ကိုဇင်ကို စိတ်မရှည်စွာဖြင့် အရဲစွန့် မေးမိခြင်းပါ။ တကယ်ဆို ရိုစ်ဘဝကို ဒီလိုကြမ္မာဆိုးတွေ ဝင်မွှေလာအောင် သူကိုယ်တိုင် လုပ်ခဲ့တယ်ဆိုတာ ကိုပြေစိုးဆီမှ တဆင့် သိခဲ့ရသည်မို့ စိတ်နာခဲ့မိပါသည်။





သို့သော် ထိုဒဏ်ရာကို ရင်ထဲမှာပဲ အမြဲသိမ်းဆည်းထားဖို့လည်း ဆုံးဖြတ်ထားပြီးသား၊ ကိုယ် ဝဋ်ကြွေးရှိ၍ ခံရသည်ဟုပဲ ကိုယ့်ကံကြမ္မာကိုကိုယ် အပြစ်ပုံချရတော့မှာပင်။

"ဒယ်ဒီ နေသိပ်မကောင်းလို့ လှဲနေတယ် မာမီ၊ ဒယ်ဒီ့ဆီသွားမလား၊ ယွန်း လိုက်ပို့ ပေးမယ်လေ"

အလိုက်သိလွန်းသော သမီးလေး၏ အမေးကို ရိုစ် ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း သူ့ဟာသူ အေးအေးဆေးဆေးနေပါစေ သမီးရယ်"

"ဒါနဲ့ မာမီ အိမ်ကထွက်သွားပြီးကတည်းက ခုလို စိတ်ဖောက်ပြန်သွားတာလားဟင်"

ဘာမှမသိရှာသော သမီး၏အမေးကို ရိုစ် ဘယ်လိုဖြေရပါ့မလဲ။

ထိုအချိန်တွင် အခန်းအပြင်မှာ ဦးအောင်ကိုဇင် ရောက်နေသည်။ လှမ်းဝင်မည့် ခြေလှမ်းတို့သည် ယွန်း၏အမေးကြောင့် တွန့်ဆုတ်သွားသည်။

ရိုစ် သမီးလေးကို ဘယ်လိုဖြေမလဲ၊ သူ အပြစ်မရှိဘူးဟုပဲ ဖြေမလား၊ ဒါမှမဟုတ် အပြစ်ရှိသည်ဟု ဖြေမလား။

သိချင်စိတ်တို့ကြောင့် အခန်းအကွယ်မှာရပ်၍ နားစွင့်လိုက်သည်။

"တကယ်တော့ ဒါတွေအားလုံးဟာ မာမီ့အပြစ်တွေပါ သမီးရယ်၊ မာမီက အိမ်ထောင်ရေးဖောက်ပြန်ခဲ့တာ သမီးရဲ့"

"ဟင်. . ဒယ်ဒီကရော မဖောက်ပြန်ဘူးလား"

ယွန်းသိပြီးသား ဖြစ်ပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်ကာ မေးလိုက်သည်။



www.burmeseclassic.com

"အို. . အဲလို မထင်ပါနဲ့ သမီးရယ်၊ သမီးဒယ်ဒီက သိပ်ထိုသစ္စာရှိတဲ့ ယောက်ျားတစ်ယောက်ပါ၊ တကယ်တမ်း အပြစ်ရှိသူက မာမီပါ၊ သမီး အပြစ်တင်ရှုံ့ချမယ် ဆိုရင်တောင် မာမီ့ကိုပဲ အပြစ်တင်ပါနော်"

ရှိုးစ်ထံမှ ထင်မှတ်မထားသော စကားလုံးတွေကို ကြားလိုက်ရ၍ ဦးအောင်ကိုဇင် ရှက်စိတ်ကြောင့် တစ်ကိုယ်လုံးထူပူကာ ခေါင်းထဲမိုက်ခနဲ ဖြစ်သွားသည်။

"တကယ်တော့ မာမီကသာ အိမ်ထောင်ရေး ဖောက်ပြန်ခဲ့တာပါ သမီးရယ်၊ ကိုပြေစိုးကလေ မာမီ့အပေါ် ယုတ်မာတယ်၊ သူ့မှာသားကြီး သမီးကြီးတွေ ရှိနေရက်နဲ့ မာမီ သူ့နောက်လိုက်ခဲ့မိတာ၊ သူသူ မာမီ့ရှေ့မှာ ကားအက်ဆီးဒင့်ဖြစ်တဲ့မြင်ကွင်းကို မြင်ပြီး. . မာ. . မာမီလည်း အရူးမဘဝကို လုံးလုံးရောက်သွားတာပါကွယ်၊ အဲလိုဖြစ်တာလဲ မာမီ့မိုက်ပြစ် မာမီခံရတာပဲလို့ မှတ်ယူပါတယ်"

ရှိုးစ်အသံတို့ တိုးသက်တိမ်ဝင်သွားသည်။ သမီး၏ အမြင်မှာ ကိုယ်သာလျှင် ဖောက်ပြန်သူ ဖြစ်ပါစေတော့ သမီး အထင်သေးခဲ့မည်ဆိုလျှင်လည်း အမေလုပ်သူကိုသာ အထင်သေးပါစေတော့။

ကြားလိုက်ရသော စကားတို့သည် ဦးအောင်ကိုဇင်၏ အမှားတွေကို အကြိမ်ကြိမ်အပြစ်ပေးနေသလို ထိုအမှားတို့သည် ဘယ်လိုမှ ပြင်ဆင်ခွင့် မရှိတော့။

တစ်သက်လုံး ရှိုးစ်အပေါ် အနိုင်ယူခဲ့မိသည့်အတွက် ယခု ရှိုးစ်နှုတ်မှ ထွက်ကျလာသော စကားတို့သည် ရှက်တတ်မည်ဆိုလျှင် အုတ်နံရံနှင့်ခေါင်း အကြိမ်ကြိမ်ပစ်ခွဲပစ်ရလောက်အောင်ကို ကြေကွဲဝမ်းနည်းစရာ ကောင်းလွန်းလှပါမည်။

လူတစ်ယောက်၏ ဘဝကို တစ်သက်လုံး နလန်မထူအောင် အသေသတ်ပစ်ခဲ့မိသည့် အမှားသည် ကိုယ့်ကိုခြောက်လှန့်နေမိသည့်





အတွက် ညတွေကို အေးချမ်းစွာ ဖြတ်ကျော်ခွင့် မရခဲ့တာ ကြာပါပြီ။

ယခု ပိုလို့တောင် ဆိုးသွားပြီ၊ သူတော်ကောင်းကို ပစ်မှားခဲ့မိသော အမှားသည် ကိုယ့်အား အသက်ဆက်ရှင်ခွင့်တောင် ပေးပါတော့မလား။

ရင်မှာ တင်းကြပ်စို့ခဲနေသော ဝေဒနာကြောင့် အသက်ရှူ၍ပင်မရအောင် မောကြပ်လာသည်။ ယိုင်နဲ့နေသော ခြေအစုံသည် အင်အားမဲ့စွာဖြင့် အုတ်နံရံမှာ မှီလျှောထိုင်ချလိုက်သည်။

"ခွင့်လွှတ်ပါရှိုးစ်၊ ကိုယ်. . ကိုယ် တောင်းပန်ပါတယ် ရှိုးစ်ရယ်"

မျက်လုံးတို့သည် ပြာဝေမှုန်မိုက်ကာ ခန္ဓာကိုယ်မှ ချွေးစေးတို့ စိမ့်ထွက်လာပြီး အေးစက်သော အသားစိုင်တို့သည် တဖြည်းဖြည်း အသက်မဲ့သလို ခံစားလာရသည်။

ထိုခံစားမှုတို့သည် ကိုယ့်ဘဝအတွက် နောက်ဆုံးထွက်သက်အဖြစ် နှုတ်ယူတော့မည်ဆိုလျှင် စကားတစ်ခွန်းကို ရှိုးစ်ကြားအောင် ထပ်ပြောချင်ပါသည်။

"ရှိုးစ်ရယ် ကိုယ့်ကို ခွင့်လွှတ်ပါ"

ဦးအောင်ကိုဇင်၏ ခန္ဓာကိုယ်သည် အသက်ကို ခပ်ပြင်းပြင်း ရှူရှိုက်နေရင်းမှ တဖြည်းဖြည်း ငြိမ်သက်သွားသည်။

အခန်းအပြင်မှ အသက်မဲ့သွားသော ဖခင်၏ အဖြစ်ကို ယွန်း သိခဲ့မိမည်ဆိုလျှင်. . .။

ပြီး